ဇဝန
ရွှေဝါဆန်

mgyoe.com

သခင်ဘသောင်း ဆရာဝန်ပါပဲ

သိပ္ပံမောင်ဝ
လှအုံးမယ်

ဇေယျ တောကြီးမာလာ

သိန်းဖေမြင့်
ခေတ်သစ်ဆန်းပြီ

19 YEARS ANNIVERSARY

# ဂန္ထဝင်လေးအုပ်နှင့် ဤသုံးဦး

ညဏ ပီယဆေး

ရွှေသဇင်
ဖူးတံချို

နှစ်အုပ်ပေါင်းရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# ဂန္ထဝင် လေးအုပ်နှင့် ဤသုံးဦး

တစ်ခေတ်တစ်ခါက
နှလုံးလှစာပေ၏
ဂန္ထဝင်လေးအုပ်
အစီအစဉ်နှင့်
အောင်မြင့်စာအုပ်တိုက်၏
ဤသုံးဦး အစီအစဉ်တို့အား
တစ်ပေါင်းတည်း
ပြန်လည်စုစည်း
ရိုက်နှိပ်ခြင်း။

KLS0113
4,000.00 KS

ဂျွန်ဝင်လေးအုပ်နှင့်ဂျဲသုံးဦး၊ သခင်ဘသောင်းနှင့်အခြား
စာမျက်နှာ ၃၅၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ နှစ်အုပ်ပေါင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
နလုံးလှစာပေ၏ဂျွန်ဝင်လေးအုပ်-ပထမအကြိမ်မှုနှင့်
၁၉၆၅ အောင်မြင့်စာအုပ်တိုက်၏ဂျဲသုံးဦး-ပထမအကြိမ်မှု

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂန္ထဝင်လေးအုပ်နှင့် ဉာဏ်သုံးဦး

သခင်ဘသောင်း၊ သိပ္ပံမောင်ဝ၊
သိန်းဖေမြင့်၊ ဇဝန၊

ဇေယျ၊ ရွှေသဇင်၊ ဉာဏ

နှစ်အုပ်ပေါင်းပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ဂန္ဓဝင်လေးအုပ်


| | | |
|---|---|---|
| ၁။ | ဆရာဝန်ပါပဲ ပြဇာတ် | ၃ |
| ၂။ | လှအုံးမယ် | ၆၁ |
| ၃။ | ခေတ်သစ်ဆန်းပြီ ပြဇာတ် | ၁၀၉ |
| ၄။ | ရွှေဝါဆန် | ၁၆၁ |


## ဤသုံးဦး


| | | |
|---|---|---|
| ၁။ | တောကြီးမာယာ | ၁၉၅ |
| ၂။ | ဖူးတံချို | ၂၆၅ |
| ၃။ | ပီယဆေး | ၃၁၇ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဂန္ထဝင်လေးအုပ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# DRAMATIS PERSON AE

## ဇာတ်ကလူစာရင်း

| | | | | |
|---|---|---|---|---|
| မောင်ဘိုးထူး | ... | Sganarelle | ... | ထင်းခွေသမား |
| မဂျမ်းဒုတ် | ... | Martine | ... | ၎င်းမယား |
| မောင်သာဖြော | ... | M. Robert | ... | ၎င်းတို့အိမ်နီးချင်း |
| မောင်ဘိုးချိန် | ... | Valere. | ... | ဦးတာတေ၏ အစေခံ |
| မောင်ရွှေအပ် | ... | Lucas | .... | ဦးတာတေ၏ အစေခံ |
| ဦးတာတေ | ... | Geronte | ... | မညိုစိမ့်အဖေ |
| မစံပယ် | ... | Jacqueline | ... | မောင်ရွှေအပ်မယား |
| မောင်ရွှေအုံး | ... | Leander | ... | မညိုစိမ့်ရည်းစား |
| ဦးရောင်နီ | ... | Thibaut | ... | ဆေးဆရာခေါ်လာသော သားအဖ |
| မောင်ထွန်းလှ | ... | Perrin | ... | ဆေးဆရာခေါ်လာသော သားအဖ |


### ပုံနှိပ်ရာဇဝင်

၁၉၂၈ ခုနှစ်၊ The BurmaBook Club ဗ၄၊ ဖရေဇာလမ်း၊ ရန်ကုန်က ထုတ်သည်။ ကမ္ဘာစာညွှန့်ပေါင်း စာစဉ်အမှတ် ၁ ဖြစ်သည်။ အယ်ဒီတာများမှာ ဆရာကြီးဦးဖေမောင်တင်နှင့် J.S.Furni Vall တို့ဖြစ်သည်။ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်တွင် ရိုက်သည်။ စာမျက်နှာ ၅၀ မျက်နှာ၊ စာအုပ်အရွယ်မှာ ၅.၅" ၈.၅"။ အဖိုးမှာ ၈–ပဲ ဖြစ်သည်။


mgyoe.com

mgyoe.com

## မောလ်ယဲ၏ အတ္ထုပ္ပတ္တိ

"ဆရာဝန်ပါပဲ" ပြဇာတ်မှာ ပြင်သစ်သဘင်သည်ကြီး မောလ်ယဲ စီရင်သော ပြဇာတ်တစ်ခုကို မှီး၍ ရေးသားခြင်းဖြစ်သည်။ မောလ်ယဲသည် မြန်မာသက္ကရာဇ် ၉၈၄ ခု၊ (ခရစ်နှစ် ၁၆၂၃ ခု) နှစ်တွင် မွေးဖွား၏။ ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးတစ်ဦး၏ သားဖြစ်၍ ပညာကို ကောင်းစွာသင်ကြားခဲ့ရလေသည်။ ပဲရစ်မြို့ သိပ္ပံ ကျောင်းတိုက်ကြီးတွင် ပရမတ်ပညာနှင့် တရားဥပဒေပညာတွင် ဆုံးခန်းတိုင်ရောက်ပြီးနောက် မိမိဖခင်နှင့်အတူ အလုပ်ဝင်ရောက် လုပ်ကိုင်လေသည်။ သို့ရာတွင် မကြာမြင့်မီပင် သဘင်သည်အဖြစ်သို့ ရောက်လေ၏။ သဘင်ပညာကို ကျေးလက်နယ်ပယ်များတွင် သင် ကြားပြီးနောက်၊ ပဲရစ်မြို့တော်တွင် သဘင်သည်အဖြစ်နှင့် ကျော်စော ခြင်းသို့ ရောက်လေ၏။ မိမိ၏ ဟာသဉာဏ်ကိုအမှီပြု၍ မောလ်ယဲ တွင် ရန်သူများစွာ ဖြစ်ပေါ်လေ၏။ သို့ရာတွင် ဘုရင်မင်းမြတ် မြှောက်စားတော်မူခြင်းနှင့်တကွ၊ စောင့်ရှောက်တော်မူခြင်းကိုလည်း ခံစားရသဖြင့် ပြဇာတ်များကို တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ရေးသားနိုင်လေသည်။ အစောင်းအချိတ်ခံရသူတို့မှတစ်ပါး၊ လူ ခပ်သိမ်းကပင် ကြိုက်နှစ်သက်ကြလေသည်။ မောလ်ယဲသည် ခရစ်နှစ် ၁၆၇၃ ခုနှစ်တွင် အနိစ္စရောက်လေသတည်း။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျမ်းပြုဆရာ၏ စကားစဉ်

ပြင်သစ် သဘင်သည်ကြီး မောလ်ယဲ၏ ပြဇာတ်တစ်ခုမှ ယခု 'ဆရာဝန်ပါပဲ' ပြဇာတ်ကို မစ္စတာဖာနီဗီလ်ထံမှ မြန်မာပြန်ဖို့ ပေးစဉ်က အချိန်လုံလောက်စွာ ရရှိသော်လည်း လုံ့လနည်းသောသူတို့၏စရိုက်နှင့်ညီစွာ ကျွန်ုပ်မှာ အချိန်စေ့ရောက်ခါနီး ၂ ရက် ၃ ရက်ခန့်ကျမှသာ ကမန်းကတန်း နေ့ညမဆိုင်း ပြန်ဆိုရေးသားဖြစ်လေတော့သည်။ ဦးပုည၏ ညတွင်းချင်းရေးသော အချို့ပြဇာတ်များမှ တစ်ပါး အလောတဆယ် ရေးသားရသော စာပေတို့မှာ ယေဘုယျအားဖြင့် ကောင်းခဲလှပေသည်။ ယခု ဆရာဝန်ပါပဲပြဇာတ်လည်း 'ယေဘုယျထဲ' ၌ပင် ပါဝင်ထိုက်မည်ဟု ယုံကြည်ဖို့သာ ရှိသည်။ ထို့ကြောင့် ဤဆရာဝန်ပါပဲ ပြဇာတ်၌ ချီးမွမ်းစဖွယ်အချက်များ၊ အကယ်၍ ပါခဲ့သည်ရှိသော်၊ ၎င်းအချက်တို့မှာ ကျွန်ုပ်နှင့် လားလားမျှ မဆိုင်ပေ။ မိုး၍ရေးသားရင်း မောလ်ယဲ၏ ပြဇာတ်ကိုသာ ချီးမွမ်းကြပါကုန်။ သို့ရာတွင် အကယ်တစေ၊ စကား အသုံးအနှုန်း အဓိပ္ပာယ် အယူအဆမှစ၍ ချို့ယွင်းညံ့ဖျင်းချက်များ ပါရှိသည်ကို တွေ့ရှိပါက၊ တွေ့ရှိရလိမ့်မည်ဟုလည်း ကျွန်ုပ်ယုံကြည်သည့်အတိုင်း၊ ၎င်းချို့ယွင်းညံ့ဖျင်းချက်တို့မှာ ကျွန်ုပ်တစ်ဦးတည်း၏တာဝန်သာ ဖြစ်သည်ဟု နှလုံးပိုက်ကြပါကုန်။

နိဂုံးချုပ်၌ ကျွန်ုပ်၏မိတ်ဆွေ ကိုအုန်းခင်အား ရတ်တရက် ဖတ်ရှု၍ မဖြစ်နိုင်လောက်အောင် သော့၍ရေးထားသော ကျွန်ုပ်၏ လက်ရေးမူကို အချောရေးကူးပေးသည့်အတွက် ကျေးဇူးဥပကာရ တင်ကြောင်း ဖော်ပြလိုက်ပါသတည်း။ ။



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ပထမပိုင်း

## [အခန်း – ၁]

[မောင်ဘိုးထူးနှင့် မဂျမ်းဒုတ် ဇာတ်ခုံပေါ်တွင် ရန်ဖြစ်၍ ထွက်လာကြစေ]

ထူး ॥ ॥ "ဟေ့ ဂျမ်းဒုတ်၊ လင့်ဝတ်ခြောက်ပါးဆိုတာ၊ မင်း မကြားဖူးဘူးလား။ မယားဆိုတာ လင်စီမံရာကို နာခံရတယ်ကွ"

ဒုတ် ॥ ॥ "လင်ဝတ်ခြောက်ပါးတဲ့၊ သူများ လင်ဝတ် ၉ ပါးလို့သာ ကြားဖူးတယ်။ တော်ကော မယားဝတ် ၁၂ ပါးဆိုတာ မကြားဖူးဘူးလား"

ထူး ॥ ॥ "လင်ဆိုတာ သခင်တဲ့၊ သခင်ဆိုတော့ ကျုပ်ခိုင်းတာ မင်းအကုန်လုပ်ရမယ်သိလား"

ဒုတ် ॥ ॥ "လုပ်နိုင်ပေါင်တော်၊ နဂိုက မပူလိုလို့ ယောက်မရှာတာ၊ တော်လည်း သခင်မရှိလို့ မယားယူတာ မဟုတ်ဘူးလား။ နွားနဲ့လင် မကြင်ရဘူးတဲ့"

ထူး ॥ ॥ "မယား ယူရတာများ တယ်ဒုက္ခကြီးပါလား၊ ဒါကြောင့် 'မိန်းမဟူသည်၊ တိုရှည်မသိ၊ အလိုရှိတိုင်း၊ ထင်မိထင်ရာ ပြုတတ်စွာ၏' လို့ မန်လည်ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့တာပဲ"

ဒုတ် ॥ ॥ "တော်က မန်လည်ဆရာတော်တပည့် လူလိမ္မာကြီးပေါ့လေ။ ဒီဘက်လှည့်စမ်းပါဦး၊ မျက်နှာထားကြီးကိုက ဘုရားဖြစ်မယ့် အုတ်ခဲကြီးလို ဟိုနားတိုးပါ၊ အင်္ဂတေစော် နံပါတယ်"

ထူး ॥ ॥ "လူလိမ္မာပေါ့လေ၊ ထင်းခွေသမားထဲက ငါ့လို အစစ နံ့စပ်တဲ့အကောင်ဘယ်ရှိသလဲ၊ ငါက ဆရာဝန်ကြီးတစ်ယောက်ဆီမှာ ခြောက်နှစ်တောင်တပည့်ခံဖူးတာကွ။ ငယ်ငယ်တုန်းက ငါလို မင်္ဂလာသုတ်တို့၊ ပရိတ်ကြီးတို့

mgyoe.com

mgyoe.com

အလွတ်ရတဲ့လူ ရှာစမ်းပါဦး"

ဒုတ် ။ ။ "တော်ပါ၊ နားငြီးပါတယ်။ ဒီလိုလူမိုက်မျိုးတော့ မိုးကြိုးပဲ မပစ်ဘူး"

ထူး ။ ။ "နင်လို မိန်းမယုတ်သာ ပစ်မှာပဲ၊ ငါလို လူလိမ္မာကို မပစ်ဘူး"

ဒုတ် ။ ။ "ငါလို လူလိမ္မာကို မပစ်ဘူး။ လိမ္မာပါပေတယ်။ မန်လည်ဆရာတော် လက်သစ်ကြီးကို တော်လိုလူတော့၊ လူလိမ္မာမခေါ်ဘူး ကိုဘိုးထူးရေ့၊ ရေထဲ ဆင်းသေမယ်"

ထူး ။ ။ "မင့် ယူမိတာတော့ ငါးပါးကြီး မှောက်တာပဲ၊ ကျုပ်ဖြင့် ဖူးစာနတ်သာ ဖိထောင်းချင်တာပဲ"

ဒုတ် ။ ။ "ဖူးစာနတ် ဖိထောင်းချင်စရာကြီးပေါ့၊ ကောက်ညှင်းက စေးရမှာ ဆန်ကြမ်း က စေးလိုက်လေ၊ ကိုဘိုးထူးရယ်၊ ကျုပ်လို မိန်းမရတာ အင်မတန် ကုသိုလ် ထူးလို့ မှတ်ပါတော့။ တကယ်ဆိုတော့ ကျုပ်တို့လို "ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသားနှင့် လားလားမှ မထိုက်တဲ့" ကုမ္မာရီ နုနုထွတ်ထွတ် ကလေးတွေနဲ့ တော်လိုလူမျိုးနဲ့ တန်တာမဟုတ်ပါဘူး"

ထူး ။ ။ "ဘာတန်မလဲ 'ကျုပ်တို့လို ကုမ္မာရီ နုနုထွတ်ထွတ်ကလေးတွေနဲ့' တဲ့၊ အဟိ တော်ကွယ် ...၊ ဂျမ်းဒုတ်၊ ကျုပ် စကားများများ မပြောပါရစေနဲ့၊ တော်တော် နေတော့ ငါက ဟုတ်တာတွေ အကုန်လျှောက်ဖော်မိလိမ့်မယ်"

ဒုတ် ။ ။ "အမယ် ကြီးကြီးကျယ်ကျယ် ရှိလိုက်တာ၊ ဖော်စမ်းပါ။ ဘာများ ဖော်စရာ ရှိလို့လဲ"

ထူး ။ ။ "တော်ပါကွယ်၊ ဒီအကြောင်း တော်ကြပါစို့။ ငါသိတာ ငါသိတယ်ဆိုရင် တော်ပါပြီ။ တကယ်ဆိုတော့ ငါလိုလင်မျိုးရတာ မင်းကံထူးလို့လို့ မှတ်ပါ"

ဒုတ် ။ ။ "ဘာတဲ့ ကံထူးလို့ သူ့ကို ရသတဲ့၊ အများကြီး ကံထူးတာပေါ့လေ။ သူတောင်းစားဖြစ်အောင် လုပ်ပေးဖော်ရတဲ့ လင်ကိုး။ ရှိတဲ့ပစ္စည်း ငမိုက်သား ပီပီ ကစားပစ်ဖော်ရတာကိုး"

ထူး ။ ။ "မကဲပါနဲ့ကွယ် ဂျမ်းဒုတ်၊ မင်း ရှိတာ ဘယ်ကကုန်အောင် စားပစ်ရလို့လဲ သောက်တော့ သောက်မိပါရဲ့"

ဒုတ် ။ ။ "သောက်မိပါရဲ့တဲ့ အိမ်မှာရှိသမျှ ပစ္စည်းတွေကို တစ်ခုစီ ချရောင်းလို့ ကုန်ပါပကော"

ထူး ။ ။ "ကိုယ့်ထူး ကိုယ်ချွန် ဆိုတာ၊ ဒါမျိုးပေါ့ကွ"

ဒုတ် ။ ။ "ကျုပ် ကျောအောက်က အိပ်ရာတောင် ဘယ်ရှိတော့သလဲ"

mgyoe.com

mgyoe.com

ထူး ။ ။ "အဲဒီတော့မှ မင်း စောစောထမှာ"

ဒုတ် ။ ။ "အဆုံးကျတော့ အိမ်ထဲမှာ ဘာတစ်ခုမျှား ကုန်းကောက်စရာ ကျန်တော့လို့လဲ"

ထူး ။ ။ "ဘာမှမကျန်ရင် အိမ်ပြောင်းတော့ ဒုက္ခနည်းတာပေါ့ကွ"

ဒုတ် ။ ။ "ဒါနဲ့လည်း အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်ချင်ဘူး။ စားဖို့နဲ့ ကစားဖို့သာ သိတယ်"

ထူး ။ ။ "ဒါတော့ ပျော်ပျော်နေ သေခဲ ဆိုသလို ဖြစ်အောင် လုပ်ရတာပေါ့ကွယ်။ သောက်သောက်စားစား၊ လူ့မင်းသား၊ သိကြားကေန် ဖြစ်လတ္တံ့။ မသောက် မစား၊ လူ့ငနွား မယားအိမ်က ဆဲလတ္တံ့တဲ့"

ဒုတ် ။ ။ "မဟုတ်ပါဘူးတော့်၊ ကလေးတွေ တစ်ပြုံကြီးနဲ့ ကျုပ်ကို ဘယ်လိုလုပ်ထားမယ် ကြံလို့လဲ"

ထူး ။ ။ "ထင်သလိုပေါ့လကွယ်"

ဒုတ် ။ ။ "ကလေး လေးယောက် တာဝန်ကြီးကို ရွက်နေရတာတော့ ကျုပ်မှာ"

ထူး ။ ။ "မရွက်ချင်လည်း ချထားလိုက်လကွယ်"

ဒုတ် ။ ။ "ကလေးတွေက တစ်နေ့လုံး ဆာလို့ ထမင်းချည်းတောင်းနေတာပဲ"

ထူး ။ ။ "ထမင်းတောင်းရင် ကြိမ်လုံး ကျွေးလိုက်ရောပေါ့"

ဒုတ် ။ ။ "ဒါဖြင့် ဒီလိုနဲ့ ပြီးရောလို့ ပြောချင်တာပေါ့"

ထူး ။ ။ "အေးအေးနေစမ်းပါ မိန်းမရယ်၊ မဆူစမ်းပါနဲ့"

ဒုတ် ။ ။ "မဟုတ်ပါဘူး၊ ဒီလိုပဲ တစ်သက်လုံး အလေလိုက်ပြီး စော်ကားနေတော့မှာလား ကျုပ်ကို"

ထူး ။ ။ "တော်ပါ မိန်းမရယ်၊ စိတ်ဆိုးနေရရင် မကောင်းပါဘူး"

ဒုတ် ။ ။ "တော့်ဝတ္တရားကိုမှ ဘာရယ်လို့ မပြောရဘူးလား"

ထူး ။ ။ "မိန်းမရယ်၊ ကျုပ် စိတ်ဆိုးတတ်တယ်ဆိုတာ အသိသားနဲ့၊ တောင်းပန်လို့ မရဘူးလားကွယ်။ ကျုပ်လက်က လက်ပြတ်ကြီးနော်၊ ထပြီး တီးလိုက်ရရင် မကောင်းဘဲနေမယ်"

ဒုတ် ။ ။ "ရယ်စရာကောင်းလိုက်တာ၊ တော့်ကို ကြောက်ရဦးမှာလား"

ထူး ။ ။ "အသက်ရယ်၊ အလိမ္မာသားနဲ့၊ ကျောမယားချင်စမ်းပါနဲ့ကွယ်"

ဒုတ် ။ ။ "အမယ်လေး … ကြောက်စရာကောင်းလိုက်တာ၊ ပုရွက်ဆိတ်တွင်း ရှာရဦးမယ်"

mgyoe.com

mgyoe.com
ထူး ။ ။ "ဒါဖြင့် မရွှေဂျမ်း အရိုက်မခံရရင် မအေးနိုင်ဘူးပေါ့"
ဒုတ် ။ ။ "မဟုတ်ပါဘူး၊ တော့်ကို ကြောက်လိမ့်မယ် ထင်လို့ ဒါလောက်တောင် ကြိမ်းမောင်းနေရတာလား၊ နှမ်းစေ့လောက်မှ မကြောက်ဘူး၊ ဂျမ်းဒုတ်တဲ့ တစ်ဒုတ်တည်းရှိတယ်"
ထူး ။ ။ "အသက်ဘူးရယ်၊ တော်ပါကွယ်၊ ကျုပ် စိတ်ဆိုးလာတော့ နားရင်း ထအုပ် လိုက်လိမ့်မယ်"
ဒုတ် ။ ။ "ဟဲ့ ...၊ ယစ်ထုပ်"
ထူး ။ ။ "တော်တော် ကဲနော်၊ ထဆော်လိုက်လို့ ဂိန်ခနဲနေမယ်"
ဒုတ် ။ ။ "ဟဲ့ အရက်အိုး"
ထူး ။ ။ "ငါ တွယ်လိုက်မိတော့ မနော်"
ဒုတ် ။ ။ "သေချင်းဆိုး"
ထူး ။ ။ "ကျောပြင်ကြီး ထတီးလိုက်လို့ ဟုတ်ပေ့ရှိနေမယ်"
ဒုတ် ။ ။ "သေချင်းဆိုး၊ ဖိနပ်စား၊ လူယုတ်မာ၊ အော့နာကျ၊ မြွေဆိုးကိုက်၊ တေလေ၊ သူတောင်းစား၊ ခေါင်းကျား၊ ဘွားအေလင်၊ ဘုရားကျွန်၊ ခါးပိုက်နှိုက်၊ ကပ်ကြေးကိုက်၊ သူခိုး"
ထူး ။ ။ (တုတ်ကိုယူ၍ ရိုက်စေ) "ဒါလောက် ရှိလှတာ မှတ်ဟ ... မှတ်ဟ၊ ကမ်း တက်ဦးလေ"
ဒုတ် ။ ။ "အမယ်လေးတော့်၊ အမယ်လေးတော့်၊ သေပါပြီတော့်"
ထူး ။ ။ "ကိုင်း ဘယ့်နှယ်ရှိလဲ၊ တော်တော်မြက်မြက်ရှိရဲ့လား၊ တုတ်နဲ့ ပြောမှပဲ ရတယ်"

♦ ♦ ♦

## [အခန်း –၂]

### [မောင်သာပြော၊ မောင်ဘိုးထူးနှင့် မဂျမ်းဒုတ်]

ပြော ။ ။ "အမယ် ...၊ ဟော့ ... ဟော့ ... မတော်တာပဲ၊ ဘာဖြစ်ကြတာလဲ၊ မိန်းမသားကို မညှာမတာ ရိုက်နေတာ မရှက်ဘူးလား၊ တယ်ဖျင်းတဲ့ လူပဲ"
ဒုတ် ။ ။ (တင်ပါးကို လက်နှစ်ဖက်ဖြင့် စုံပွတ်ပြီးလျှင် ကိုသာပြောအား ဝင်မစွက်ရန်
mgyoe.com

mgyoe.com

ပြော၍ ပါးကိုလှမ်း၍ရိုက်စေ) "ကျုပ်လင်က ကျုပ်ရိုက်တာ တော့်အပူလား"

ပြော ။ ။ "သြော် ... ဒီလိုလား၊ ကျေကျေနပ်နပ်ဆိုလည်း ပြီးပါရောဗျာ"

ဒုတ် ။ ။ "တော်နဲ့ ဘာဆိုင်သလဲ"

ပြော ။ ။ "မှားပါပြီ ခင်ဗျာ"

ဒုတ် ။ ။ "တော့် အလုပ်လား"

ပြော ။ ။ "မဟုတ်ပါဘူး ခင်ဗျာ"

ဒုတ် ။ ။ "သွားပါ လင်မယားကြား ဝင်မစွက်လာပါနဲ့"

ပြော ။ ။ "ကောင်းပါပြီခင်ဗျာ"

ဒုတ် ။ ။ "ဒါ တော် ဝင်ရှုပ်စရာ အရေးလား"

ပြော ။ ။ "မဟုတ်ပါဘူးခင်ဗျာ"

ဒုတ် ။ ။ "တော့်အလုပ်သာ တော် ဂရုစိုက်ပါ"

ပြော ။ ။ "နောက်ထပ်မပြောပါဘူးခင်ဗျာ"

ဒုတ် ။ ။ "ကျုပ်က ဒီလိုရိုက်တာမျိုးကို အင်မတန် သဘောကျနေတာ"

ပြော ။ ။ "ကောင်းလှပါပြီခင်ဗျာ"

ဒုတ် ။ ။ "ကျုပ်အရိုက်ခံရတာ တော့်အသား နာတာလား"

ပြော ။ ။ "မှန်ပါတယ် မှန်ပါတယ်"

ဒုတ် ။ ။ "ကိုယ်နဲ့ မဆိုင်တဲ့အထဲ ဝင်စွက်ဆိုတာ လူမိုက်မှ"

ပြော ။ ။ "[မောင်ဘိုးထူးဆီသို့ တစ်ဖန် သွားပြန်ရာ မောင်ဘိုးထူးကလည်း မိမိမယား ကဲ့သို့ပင် ဝင်၍မစွက်ရန် ပြောပြီးနောက် မိမိမယားကို ရိုက်သောတုတ်နှင့် ဆီး၍ရိုက်ရာ ထွက်ပြေးရင်း ပြောသည်မှာ] သည်းခံပါ မိတ်ဆွေ ကျွန်တော် မှားပါပြီ၊ မိတ်ဆွေ မယားကို မိတ်ဆွေသဘောရှိ ဆော်ချင်သလိုဆော်ပါ၊ ကျွန်တော်ပါ ကူဆော်ပေးစေချင်သေးရင်လည်း ကူဆော်ပါဦးမယ်"

ထူး ။ ။ "တော်ပါ မောင်ရင်၊ မောင်ရင်ကူဖို့ မလိုပါဘူး။ မောင်ရင့်အပူ မဟုတ်ပါဘူး"

ပြော ။ ။ "ယောင်လို့ပါခင်ဗျာ"

ထူး ။ ။ "ကျုပ်မယား ကျုပ် ရိုက်ချင်ရိုက်၊ မရိုက်ချင်နေ။ မောင်ရင့် အကြောင့်ကြလား"

ပြော ။ ။ "ကောင်းလှပါပြီခင်ဗျာ"

ထူး ။ ။ "ဒါ ...၊ ကျုပ်မယား၊ မောင်ရင့်မယား မဟုတ်ဘူး"

ပြော ။ ။ "မှန်ပါတယ် ဟုတ်ပါတယ်"

mgyoe.com

mgyoe.com

ထူး ။ ။ "မောင်ရင် ဩဇာပေးဖို့ မလိုပါဘူး"

ပြော ။ ။ "ဆိုပါတော့"

ထူး ။ ။ "သွားပါ မောင်ရင် ကူဖို့ မလိုပါဘူး"

ပြော ။ ။ "ကောင်းပါပြီ"

ထူး ။ ။ "မှတ်ထား မင်္ဂလသုတ်က ဆိုတယ် ဘယ်တော့မှ လင်နဲ့မယားစပ်ကြား ဝင်မရှုပ်ရဘူးတဲ့။ တွံ၊ သင် လူမိုက်သည်။ ဂဏှာဟိ၊ မှတ်လေလော့တဲ့။ ကြားလား။ [မယားဆီ ပြန်လာပြီးနောက် လက်ကိုကိုင်၍ ပြောသည်မှာ] လာပါကွယ် မိန်းမရယ် စိတ်မဆိုးပါနဲ့ လွန်တာလည်း လွန်တာပေါ့ လင်နဲ့ မယား လျှာနဲ့သွားဆိုပဲ"

ဒုတ် ။ ။ "အားရအောင် တွယ်ပြီးတော့ စိတ်မဆိုးရဘူးပေါ့လေ၊ ကောင်းသားပဲ"

ထူး ။ ။ "ပြီးတာ ပြီးပါစေကွယ်၊ လာပါ"

ဒုတ် ။ ။ "လာပေါင်"

ထူး ။ ။ "အို ...၊ လာပါဆို"

ဒုတ် ။ ။ "လာပေါင်၊ ဘာလို့ လာရမှာလဲ"

ထူး ။ ။ "အသက်က ဒီလိုမလုပ်ပါနဲ့ကွယ်၊ အလိမ္မာသားနဲ့"

ဒုတ် ။ ။ "ဘူးဆို ဖရုံမသီးဘူး၊ လာဘူး"

ထူး ။ ။ "ကြည့်ပါလား၊ လာ ဆိုတာပဲ"

ဒုတ် ။ ။ "ဝေးလိုက်တာ၊ မလာဘူးဆို တစ်ခွန်းတည်းပဲ"

ထူး ။ ။ "လာပါကွဲ့၊ လာပါ၊ ချော့ခေါ်ရင်လည်း လာရတယ်"

ဒုတ် ။ ။ "မကျေဘူး၊ လာဘူး"

ထူး ။ ။ "အရေးမဟုတ်တာ အရေးလုပ်နေပြန်ပြီ၊ လာပါ မိန်းမရဲ့"

ဒုတ် ။ ။ "သွားပါ မလာချင်ပါဘူး၊ တစ်ယောက်တည်း နေပါ့မယ်"

ထူး ။ ။ "ကျေပါကွယ်၊ သွားပါ၊ ဟိုဒင်းလေးတစ်ခွက်လောက် သွားငှဲ့ပေးစမ်းပါ၊ အာခေါင်ခြောက်လွန်းလို့"

ဒုတ် ။ ။ "ဟုတ်တယ်၊ သွားငှဲ့ပေးရမယ်၊ စောင့်နေ၊ နှိပ်စက်လို့ အားရမှ"

ထူး ။ ။ "ကိုင်း ...၊ လွန်သမျှ ဝန်ချပါပြီကွယ်၊ ကျေပါတော့"

ဒုတ် ။ ။ "ကျေပါပြီတဲ့၊ [ဆို၍ တိုးတိုးဆက်ပြောစေ] သင်းတော့ မုန့်တစ်ဖွဲနဲ့ *ကလှဲ့ လည်စေမပေါ့"

---

* ကလှဲ့လည် = ဝဲလည်

mgyoe.com

mgyoe.com

ထူး ။ ။ "အရေးမစိုက်လောက်တာတွေ အရေးစိုက်မနေပါနဲ့ကွယ်၊ သဘောကြီးကြီး ထားမှပေါ့၊ ဒီလိုပဲ အချစ်စမ်းရတာပ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြ တဲ့လူချင်း ဒီလို လေးငါးခြောက်ချက်လောက်များ ဆော်ပေးလိုက်ရင် အချစ် နာလန်ထတာမျိုးပဲ၊ ကဲ ... အခု ကျုပ်ကို ပိုမချစ်လာဘူးလား၊ ကိုင်း ... ကျုပ် သွားတော့မနော်၊ ဒီနေ့ ထင်းတွေ အများကြီးရအောင် ခွေခဲ့မယ်"

♦ ♦ ♦

## အခန်း– ၃

[မဂျမ်းဒုတ် တစ်ကိုယ်တည်း။]

ကြွပေတော့ ကိုယ်တော်မြတ်၊ ဘာပြောပြော ကျုပ်ရိုက်တာတွေတော့ ဘယ်တော့မှ မမေ့ဘူး၊ ဗိုလုံတစ်လှည့် ငါးဖျံတစ်လှည့်ပေါ့။ တစ်နေ့တော့ ကလဲ့လည်ဦးမှာပဲ၊ ယောကျ်ား အပေါ် မိန်းမက နှိပ်စက်ချင် အလွယ်ကလေးပဲ ဂျမ်းဒုတ်ကြံရင် သင်း ခံနိုင်ရိုးလား။ သို့သော် အနုနဲ့တော့ လက်စားမချေချင်ဘူး။ မိုက်လှတဲ့ လင်တော့ ခပ်မြက်မြက်ကလေး ဆုံးမလိုက်ရဦးမှာပေါ့။

[မောင်ဘိုးထူးနှင့် မဂျမ်းဒုတ်လင်မယား ရန်ဖြစ်ကြ၍ မောင်ဘိုးထူးက ထင်းခွေသမားဖြစ်၍ တောထွက်သည်။]

♦♦♦

## [အခန်း–၄]

[မောင်ဘိုးချိန် - မောင်ရွှေအပ်နှင့် မဂျမ်းဒုတ်]

အပ် ။ ။ "ဘယ့်နှယ်လဲ မွန်းရွှေချိန်ရဲ့၊ အနိုလိုသာဆိုရင်တော့ အခက်သားပဲကွ၊ ငါ့လခွေး ...၊ ငါတော့ အတော်စိတ်ပျက်တာပဲ လူရာ"

ချိန် ။ ။ "စိတ်ပျက်တယ်လို့လည်း ဘယ်ဟုတ်မလဲ ဖိုးရွှေအပ်ရာ၊ ကျုပ်တို့ ခင်ဗျား တို့ ဆိုတာကတော့ ကိုယ့်စိတ်ထင်သလို လုပ်နိုင်ကြတာတွေမှ မဟုတ်ဘဲ၊ ကျုပ်တို့သခင်က ခိုင်းသလိုသာ လုပ်ရမှာ မဟုတ်လားဗျ။ ပြီးတော့လည်း

mgyoe.com

mgyoe.com
တကယ်ဆိုတော့ သခင်မကလေး ကျန်းမာလာတယ်ဆိုရင် ခင်ဗျားတို့ ကျုပ်တို့ ကော်ဖို့ပဲ မဟုတ်လား။ အခု မမာသေးလို့ မင်္ဂလာမဆောင်ဘဲ ဆိုင်းထားရတာပဲ၊ တစ်နေ့ကျလို့ မာလာပြီဆိုလို့ မင်္ဂလာဆောင်လိုက်ရင် ခင်ဗျားတို့ ကျုပ်တို့ ဘယ်နည်းနဲ့မဆို တစ်ခုခုတော့ ဆုလာဘ်ရကြဦးမှာပဲ၊ သခင်မကလေးကို လာပိုးနေကြတဲ့အထဲမှာ ကျုပ်အထင်မတော့ ကိုဘမြိုင်နဲ့ နေရာကျမယ်ထင်တာပဲ၊ သူကတော့ ပိုက်ဆံဝါလားပဲ၊ သခင်မကလေးကိုယ်တိုင်ကတော့ ရွှေအုံးကို မျက်စိကျနေတာပဲ၊ သို့ပေမဲ့ သူ့အဖေကြီးက ကိုရွှေအုံးနဲ့တော့ နည်းနည်းမှ သဘောတူမှာမဟုတ်ဘူး"

ဒုတ် ။ ။ [တစ်ဦးတည်း စိတ်ကူး၍ပြော] "ငဘိုးထူး၊ လူမိုက်ကို ငါ ဘယ့်နှယ်လက်စားချေရပါ့မလဲနော်"

အပ် ။ ။ "ဆရာဝန်တွေဆိုတာ အကုန်လုံး ညာနေကြတယ်ဆိုတာ သိရက်နဲ့ မွန်းဘိုးချိန်က ဘာစိတ်ကူးပေါက်လို့ သခင်မကလေး မင်္ဂလာဆောင်ဖို့တွေ ဘာတွေလျှောက်ပြီးတွေးနေရမှန်းမသိပါဘူး"

ချိန် ။ ။ "ဒီလိုလည်း မဟုတ်ဘူးပေါ့ ဘိုးရွှေအပ်ရယ်၊ လောကဆိုတာ အခက်သားကလားဗျ၊ နဂိုက မတွေ့ဘူး ထင်တာပေမဲ့ သေသေချာချာ ရှာပြန်တော့တွေ့ချင်လည်း တွေ့တတ်တာမျိုးပဲ၊ တွေ့ပြန်တော့လည်း တွေ့မယ်ကိုမထင်တဲ့ နေရာများမှာပဲ သွားတွေ့တတ်တာ များတာပဲ၊ အဲဒီတော့ အခုတွေ့ပြီးသား ဆရာဝန်တွေ၊ ဆေးဆရာတွေ အသုံးမကျတာနဲ့ တကယ်စွမ်းတဲ့ ဆရာဝန် မရှိဘူးလို့လည်း မဟုတ်ဘူးပေါ့လဗျာ"

ဒုတ် ။ ။ "အို ... ဒီကောင်တော့ ငါလက်စားချေရမှ အေးမှာပဲ၊ တတ်နိုင်လို့ ဘာပဲဖြစ်ဖြစ် ပ္ါဆော်ထားတာတွေတော့ ဘယ်ကျေနိုင်မလဲ၊ အနာရွတ်မြင်လေမဟော် သတိရလေပေါ့"

[ဤစကားတို့ကို တစ်ဦးတည်း စိတ်ကူးဖြင့် ပြောလာသဖြင့် မောင်ဘိုးချိန်နှင့်မောင်ရွှေအပ်တို့ကို မမြင်သောကြောင့် ရင်ဆိုင်ဝင်၍တိုးမိသဖြင့် ဆက်လက်၍ ပြောသည်မှာ] "အလို သည်းခံကြပါရှင်၊ သည်းခံကြပါ။ မမြင်လို့ပါ၊ ကျွန်မက စိတ်မကောင်းတဲ့အကြောင်းကလေးတစ်ခု ရှိတာနဲ့ တွေးမိတွေးရာ တွေးလာလို့ပါ"

ချိန် ။ ။ "အို ... လောကဆိုတာ ဒီလိုပဲ၊ လူတိုင်းလူတိုင်းပဲ အပူကင်းတဲ့လူရယ်လို့ဘယ်ရှိမလဲ၊ လူတစ်ယောက်အပူတစ်မျိုးနဲ့ချည်းပေါ့။ ကျုပ်တို့မှာလည်း ကျုပ်တို့ အပူနဲ့ပဲ၊ လိုတာကလေးတစ်ခုရှိလို့ တွေ့အောင်ရှာရဦးမှာပဲ"
mgyoe.com

mgyoe.com

ဒုတ် ။ ။ "သြော် ...၊ ရှင်တို့ကိစ္စဟာ ကျွန်မ အကျိုးဆောင်ပေးနိုင်မယ့် ကိစ္စဆိုရင်တော့ တယ်နေရာကျမှာပဲရှင်"

ချိန် ။ ။ "အင်း ...၊ အကျိုးဆောင်ချင်လည်း ဆောင်နိုင်မပေါ့လေ။ ကျုပ်တို့တော့ ဟိုဒင်းတစ်ယောက် ရှာနေတာပဲ၊ ကျုပ်တို့ သခင်မကလေးအတွက် အစွမ်းကောင်းတဲ့ ဆေးဆရာတစ်ယောက် ရှာနေတာပဲ၊ မိန်းကလေးက ဖြုန်းခနဲဆို အကောင်းသားနေရာက စကားမပြောတတ်ဘဲဖြစ်ပြီး 'အ'သွားလို့ ဆရာဝန်တွေ၊ ဆေးဆရာတွေ ဆိုတာတော့ စုံပြီဆိုပါတော့ ကြိုးစားပြီး ကုကြတာပဲ၊ သို့ပေမဲ့ မိန်းကလေး ဝေဒနာကတော့ မထူးခြားပါဘူး။ အင်း ...၊ သို့သော်လည်းပေါ့လေ၊ တစ်ခါတစ်ရံများတော့ ဆေးစွမ်းကောင်းရှိတဲ့ ဆရာများလည်း တွေ့ချင်တွေ့တတ်တာပဲ၊ အဲဒီဆရာမျိုးကတော့ တခြားဆရာဝန်တွေ လက်လျှော့ရကြပေမဲ့ ပျောက်အောင် ကုနိုင်တတ်တာပဲ၊ အဲ ကျုပ်တို့ရှာနေတာ အခုပြောတဲ့ ဆေးစွမ်းကောင်းရှိတဲ့ ဆရာဝန်မျိုးပဲ၊ ဘယ့်နှယ့်လဲ ဒီလို ဆရာဝန်များ ဘယ်မှာရှိတယ် ကြားဖူးသလဲ"

ဒုတ် ။ ။ "[မိမိတစ်ကိုယ်ကြားပြောသည်မှာ] ဟယ် ...၊ နိပ်ဟဲ့ ငါတော့ ဘုရားမတာပဲ၊ ငဘိုးထူး။ ငါ့ဆော်တဲ့ အကောင်တော့ ကလဲ့လည်ဦးမှာပေါ့လေ [ဟုဆိုပြီးနောက် ကျယ်ကျယ်ပြောသည်မှာ] အို ...၊ ရှင်တို့၊ ကျွန်မနဲ့တွေ့ရတာ သိပ်ပြီး ကုသိုလ်ကောင်းတယ်မှတ်ပါ၊ ရှင်တို့အလိုတော့ ပြည့်ပြီလို့ အောက်မေ့ကြပေတော့၊ နောင်တော့သာ ကျေးဇူးမမေ့ကြပါနဲ့ ဘယ့်နှယ်လဲ"

ချိန် ။ ။ "အို ဘယ်နှယ် မေ့နိုင်ပမလဲ၊ ဒီလိုကျေးဇူးမျိုးဆိုတော့"

ဒုတ် ။ ။ "အဟုတ်မမေ့ဘူးနော်"

ချိန် ။ ။ "အဟုတ်"

ဒုတ် ။ ။ "ရှင့် ဘုရားစူး"

ချိန် ။ ။ "စူးပါစေ့"

ဒုတ် ။ ။ "ရှင့်မိုးကြိုးပစ်"

ချိန် ။ ။ "ပစ်ပါ့စေဗျာ မမေ့ပါဘူး"

ဒုတ် ။ ။ "အမယ် မမေ့ဘူး မမေ့ဘူးနဲ့ တော်တော်ကျတော့ ရှင်တို့ ယောက်ျားတွေဟာ၊ သတိတောင် ရမှာမဟုတ်ဘူး"

ချိန် ။ ။ "ရပါတယ်ဗျာ စိတ်သာချပါ၊ ခင်ဗျား လိုချင်တာသာ ပြောပါ"

ဒုတ် ။ ။ "ကောင်းပြီ ဒါဖြင့် ကျွန်မပြောမယ်၊ ဆရာဝန်တစ်ယောက် ဒီနားမှာပဲရှိတယ်၊

mgyoe.com

mgyoe.com
အို ...၊ ဒီလူက သိပ်စွမ်းတာပဲရှင်၊ အသည်းအသန်ရောဂါများတော့ရှင် ဇီဝကပါပဲ"
ချိန် ။ ။ "ရှေ့-နိပ်ဟာ၊ နေပါဦး ဒီဆရာဝန်က ဘယ်မှာလဲ တစ်ဆိတ် သိစမ်းပါရစေ"
ဒုတ် ။ ။ "အို ...၊ ဒီနားတွင်ပါပဲ မဝေးပါဘူး၊ သူက ပျင်းပျင်းရှိရင် ထင်းခုတ်ခုတ် နေတာပဲရှင့်"
အပ် ။ ။ "ဆရာဝန်ကလား ထင်းခုတ်နေတာ"
ချိန် ။ ။ "ဩော် ... ဆေးမြစ်တူးနေတယ်ဆိုပါတော့"
ဒုတ် ။ ။ "အို ... မဟုတ်ပါဘူး၊ သူက လူဆန်းရှင့်၊ ထင်းခုတ်ရမှ စိတ်ချမ်းသာတယ်၊ ဒီဆရာဝန်က အင်မတန်ဆန်းတဲ့ လူရှင့်၊ သူများနဲ့တူတာမဟုတ်ဘူး။ ခပ်ဆန်းဆန်း၊ နောက်တောက်တောက်၊ ရူးချာချာ၊ ပေါတောတော၊ သွက်တက်တက်ရယ်၊ လူ့မြင်ရင် ဘယ်သူမှ ဆရာဝန်လို့ မပြောဘူး၊ သွားတဲ့လာတဲ့အခါလည်း အဝတ်အစားကိုလည်း ဂရုမစိုက်ဘူး။ တစ်ခါတလေများ ဘာမှမသိချင်ယောင်ဆောင်နေတတ်တယ်။ ဒီလူကလေ သူတတ်တဲ့ဆေးပညာကို အသုံးပြုမှာလောက် မုန်းတာ မရှိတော့ဘူး"
ချိန် ။ ။ "အင်း ...၊ ဒီလိုပညာတတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဒီလိုပဲဖြစ်တတ်တာမျိုးပဲ၊ သနားစရာပေပေါ့ဗျာ၊ ဒါနမျိုးစေ့က မစင်ကြယ်ခဲ့တော့ ပညာတတ်ရက်နဲ့ စိတ်ရူးကလေးကလည်း ဖက်နေရတာပဲ"
ဒုတ် ။ ။ "အို ...၊ ဒီဆရာလို ရူးတာမျိုးမရှိပါဘူး၊ ကမ်းကုန်ရော၊ တစ်ခါတလေများ ကြိမ်လုံးကောင်းကောင်းနဲ့ နာနာပါအောင် အချက် လေးငါးဆယ်လောက်များ ရိုက်မှ ကျွန်တော် ဆေးကုတတ်ပါတယ်လို့ ဝန်ခံတယ်။ အဲတာပဲ ပြောလိုက်မယ်၊ ရှင်တို့ သူ့ကို ဆရာဝန်ပါပဲလို့ ဝန်ခံလာအောင် ရိုက်နိုင်ပါ့မလား၊ မရိုက်နိုင်ရင်တော့ အလကားရှိမှာပဲ မသွားကြလေနဲ့၊ စိတ်ရူးပေါ်နေတဲ့အခါများကျတော့ ရှင်ရိုက်တာတောင် အတော်ရိုက်ရုံနဲ့ မရဘူး။ ဖူးရောင်ညိုမည်းလာအောင်ရိုက်နိုင်မှ တော်ရုံကျတယ်။ အဲဒီလို ရှင်တို့နှစ်ယောက်တစ်ယောက် တုတ်တစ်ချောင်းစီကိုင်ပြီး ရိုက်နိုင်မယ်ဆိုရင်တော့ ပထမဆရာဝန် မဟုတ်ပါဘူး ဆိုပေမဲ့ နောက်ကျတော့ ဆရာဝန်ပါပဲလို့ ဝန်ခံလာပါလိမ့်မယ်၊ ကျွန်မတို့တော့ သူ့ကို အလိုရှိတဲ့အခါ ဒီလိုပဲလုပ်ရတာပဲ"။
ချိန် ။ ။ "သူ့ဝါသနာက တယ်လည်း ဆန်းတဲ့ဝါသနာပါလား"
ဒုတ် ။ ။ "အစစ်ပေါ့ရှင် ထူးတာမတော့၊ သို့သော်လည်း အဲဒီလို ရိုက်နှက်ပြီးပြီ
mgyoe.com

mgyoe.com

ဆိုတော့လည်း ဇိဝကတို့ တော်တယ်ဆိုတာဟာ ကျွန်မတို့ဆရာ ထင်းခုတ်နေသလောက်ရှိတယ် မှတ်ပါ"

ချိန် ။ ။ "ဒါဖြင့် သူ့နာမည်ကတော့ ဘယ်လိုခေါ်သလဲ"

ဒုတ် ။ ။ "အို ... သူ့နာမည်လား ကိုဘိုးထူးတဲ့၊ အမယ် ရှင် သူ့ကိုမြင်ရင် ချက်ချင်း သိနိုင်ပါတယ်။ လူက အင်္ကျီစိမ်းနဲ့ခေါင်းပေါင်းနီနီနဲ့ နှုတ်ခမ်းမွေးက ခပ်ကောင်းကောင်းရှင့်"

အပ် ။ ။ "ခေါင်းပေါင်းနီနဲ့၊ အင်္ကျီစိမ်းဝတ်လို့လား။ အင်း ကြက်တူရွေး ဆရာဝန်လုပ်ဖို့တော့ ကောင်းမှာပေါ့ကွာ"

ချိန် ။ ။ "ဒီဆရာဟာ အခုပြောသလို တကယ်ပဲ စွမ်းရဲ့လား"

ဒုတ် ။ ။ "အို ... စွမ်းတဲ့နေရာတော့ ပျောက်စေဆိုတာနဲ့ ပျောက်ရတယ် အောက်မေ့ပါ၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက မိန်းမတစ်ယောက်ဟာ ဆရာဝန်တိုင်းက လက်လျှော့ရပြီး တစ်နေ့နှင့်တစ်ညလုံးလုံး သေပြီလို့ပစ်ထားပြီး သင်္ချိုင်းတောင် ပို့တော့မလို့ ခေါင်းတွေဘာတွေတောင် စပ်ပြီးပြီရှင့်၊ အဲဒီတုန်းမှာပဲ သေကံမရောက် သက်မပျောက်ဆိုသလို အဲဒီမိန်းမရဲ့ကုသိုလ်ကလေးကလည်း ရှိလေတော့ ယခု ကျွန်မတို့ဆရာဝန်ကို အတင်းတရွတ်တရွတ်နဲ့ ဆွဲလာကြတော့မှ ဘကြီးသား ယောင်ချာချာနဲ့ပါလာပြီး လူမမာကို မြင်တယ်ဆိုရင်ပဲ လူမမာပါးစပ်ထဲကို ဘာဆေးလဲမသိပါဘူးရှင်၊ အဲဒီဆေးစက်ကလေး တစ်စက်နှစ်စက်လောက် ချလိုက်တာလေ အို ဘာမှမပြောပါနဲ့တော့၊ ဒီမိန်းမဟာ တစ်ခါတည်း ထပြီး လမ်းတွေဘာတွေလျှောက်ပြီး ဘာမှမဖြစ်သလိုပဲ၊ မိမွေးတိုင်း ဖမွေးတိုင်းလို တစ်ခါတည်း ကောင်းသွားတာပဲ"

အပ် ။ ။ "သောက်ကျိုးနည်း ဒါဖြင့် တယ်တော်ပါလား"

ချိန် ။ ။ "အင်း ...၊ ဒါဖြင့် နတ်ပေးတဲ့ ဆေးများဖြစ်လေရော့သလား"

ဒုတ် ။ ။ "နတ်ပေးတဲ့ဆေး ဖြစ်ချင်လည်းဖြစ်မှာပဲရှင့်၊ ပြီးတော့ တစ်နေ့က အရက်နှစ်ဆယ်လောက်ပဲ ရှိပါဦးမယ်။ အဲဒီတုန်းကလည်း အသက် ၁၂နှစ်လောက်ရှိတဲ့ ကလေးလေးတစ်ယောက် တိုက်ပေါ်က လိမ့်ကျလိုက်တာ ခေါင်းလည်းကွဲ၊ ခြေတွေလက်တွေလည်း သွင်သွင်ကျိုးကုန်တာပဲ၊ ကလေးရဲ့မိဘများကလည်း သေပြီဆိုပြီး ငိုကြတာပေါ့၊ ဒီတော့မှ ကျွန်မပြောတဲ့ ဆရာဝန်ကို ရိုက်နှက်ပြီး အတင်းခေါ်လာလို့ ဘာဆေးရေကလေးမှန်း မသိပါဘူးရှင်

mgyoe.com

mgyoe.com

အဲဒီဆေးရည်ကလေးနဲ့ ကလေးရဲ့ကိုယ်ကို တစ်ကိုယ်လုံး လိမ်းလိုက်တော့လေ၊ မပြောပါနဲ့တော့ရှင်၊ ဒီကလေးဟာ တစ်ခါတည်း ပကတိအကောင်းလို ဘောလုံး ထကန်တာပဲ၊ အို ... ကျွန်မတို့ဆရာဝန်ကတော့ ဆေးအရာမှာ တော့ မရှိပါဘူး။ ရောမနိုင်ငံက နာမည်အကျော်ဆုံးဖြစ်တဲ့ ချာလီချက်ပလင်တို့၊ အယ်ဒီပိုလိုတို့ဆိုတဲ့ ဆရာဝန်ကြီးတွေတောင်မှ သူ့ကိုမမီဘူး"

အပ် ။ ။ "ဩော် ... ဟုတ်လား၊ ကျုပ်တို့ ကြားဖူးတာကတော့ ဂျာမနီပြည်က မဟတ္တမဂန္ဒီတို့က သာပြီးကျော်တယ်ဆိုပါလား"

ဒုတ် ။ ။ "ဟုတ်ပါလိမ့်မယ်၊ ကျွန်မကတော့ သူတို့နာမည်တွေ အသေအချာ မှတ်မိတာ မဟုတ်ဘူး"

ချိန် ။ ။ "အင်း ...၊ ဒါဖြင့် ဒီလူမှာ ရှသေ့ဦးအောင်ကများ ပြဒါးပြာ ပေးသွားတာလား မသိဘူး"

အပ် ။ ။ "မြွေပွေးကိုက်ရစေရဲ့ ဒီလိုလူမျိုးကို လိုက်ရှာနေတာ၊ ကိုင်း ...၊ ဘာမှပြော မနေနဲ့၊ သူဘယ်မှာလဲ၊ အခုသွားခေါ်မယ်"

ချိန် ။ ။ "ကျေးဇူး အလွန်တင်ပါတယ်ဗျာ၊ ဒီလိုစောင်မ,ဖော်ရတာ"

ဒုတ် ။ ။ "ဒါပေမဲ့ ကျွန်မ မှာလိုက်တာကို ရှင်တို့မေ့နေရင်တော့ မဖြစ်ဘူး၊ ကြိမ်တုတ် ကောင်းကောင်းရှာသွားမှဖြစ်မှာ ကြိမ်တုတ် ကျွန်မ ဝယ်ပေးလိုက်ရဦးမလား"

အပ် ။ ။ "အို ရှိပါစေဗျာ၊ ရှိပါစေ၊ ဒါတော့ ကျုပ်တို့တာဝန်ပေါ့၊ ဒီလိုများ အဆော် ခံချင်ရင်တော့ အတော်ပဲ၊ လက်ဖဝါးယားနေတာနဲ့"

ချိန် ။ ။ "နေရာကျလိုက်တာများ၊ ခင်ဗျားနဲ့တွေ့ရပေလို့ပေါ့၊ ဒီဆရာသာ ကုလိုက်ရ ရင်တော့ ဆေးသေပဲ ထင်ပါရဲ့"

♦ ♦ ♦

## [အခန်း – ၅]

### [မောင်ဘိုးထူး၊ မောင်ဘိုးချိန်၊ မောင်ရွှေအပ်]

ထူး ။ ။ [ဇာတ်ခုံပေါ်တွင် လက်တစ်ဖက်တွင် အရက်ပုလင်းကို ကိုင်၍ထွက်လာစေ] တူ တီး နယ် တယ် နယ် ... တီး တယ် နယ် တယ် နောင်။

ချိန် ။ ။ "သီချင်းဆိုသံနဲ့ ထင်းခုတ်သံ ကြားတယ်မှတ်တယ် ..."

mgyoe.com

mgyoe.com

ထူး ॥ ॥ "တူ တီး နယ် တယ် နယ် တီး တယ် နယ်တယ် နောင် ဟိ အတော်ပြီကွာ၊ တစ်ခါသောက်အတွက်တော့ အတော်ပန်းသွားပြီ၊ နားလိုက်ဦးမယ်။ [မောင်ဘိုးထူးသည် အရက်ကိုသောက်၍ ပြောသည်မှာ] ငါ့လခွေး ထင်းခုတ်ရတာတယ်လည်း သောက်လို့ဝင်ပါကလား။ အရက်ကိုသောက်လှလို့ ယောကျ်ားမဆဲတာ။ ပေါက်သမျှသေးဟာငယ် မနေးပါအသော့၊ တယ်နယ် တယ်နယ် တယ်နဲ့တောင်။ အဟိ ... ဒါကြောင့် ရှေးက ပညာရှိကြီးတွေက "သူရာသူသောသောက်၊ အတိရမ္မတီ တိသူရာ" လို့ ဝိဂြိုဟ်ပြုခဲ့ပေတာပဲ၊ သူသောသောက် သောက်သောသူအား အတိရမ္မတီတိ အဲလွန်ပျော်ရွှင်စေတတ်၏။ ဣတိတသ္မာ [ထိုသို့လျှင် အလွန်ပျော်ရွှင်စေတတ်သော သတ္တိကြောင့်] သူရာသူရာမည်၏။ ဝါ၊ အရက်မည်၏။ ဝါ၊ ဝိစကီမည်၏။ ဝါ ဖြစ်မည်၏။ ဝါ၊ ဘီယာမည်၏။ ဝါ၊ ဘရန်ဒီမည်၏။ ဝါ၊ ဂျွန်နီဝပ်ကားမည်၏ ဟူ၍ ဝုစ္စတိ၊ ဆိုပါ၏လို့ ဆိုတာပဲ၊ လောကမှာ ပျော်ပျော်နေ သေခဲတဲ့၊ အဲလေယောင်လို့ ပျော်ပျော်နေ သေခဲတဲ့ အဇ္ဈေဝ သူဝေးဝ ယနေ့သေမယ် နက်ဖြန်သေမယ် သိနိုင်တာမျိုး မဟုတ်ဘူး။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းသေချင်သေမယ်။ ကွေးတဲ့လက် မဆန့်ခင် သေချင်သေမယ်။ အိပ်ရာထဲမဝင်ခင် သေချင်သေမယ်၊ ဘယ်သူသိနိုင်မလဲ၊ အဲဒီတော့ လူဖြစ်မရှုံးရအောင်ဟာ ကြိုးစားသောက်ရတာပဲ၊ ဘုရား ဘုရား မြတ်စွာဘုရား၊ ပစ္စလက်ခတ်ကျမ်းထဲမှာလည်း ဘောမောဃ ပုရိသော အို အချည်းနှီးသောယောကျ်ား၊ မနုဿတ္တ ဒုလ္လဘဘာဝံ၊ အလွန်ရနိုင်ခဲစွာသော လူ့ဘဝကြီးကိုအရေးကြီးရသည့်အခါ၌ ကိ၊ ဘဇာပြု၍၊ ဝါ၊ အဘယ်ကြောင်းကြောင့်တွံ၊ သင်သည်၊ သူရာ၊ ခေါင်ရေ ကစ ဝိစကီမကျန် အရက်မှန်သမျှတို့ကိုနပိ ဝတိ၊ ဂွတ်ဂွတ် ဂွတ်ဂွတ်နှင့် လွှတ်လွှတ်ပြီး မသောက်လိုက်ပါလေသနည်း။ သာဓု ...၊ သာဓု ....၊ သာဓု။

ချိန် ॥ ॥ "အင်း ...၊ ဟိုဟာတော့ သူပဲ ထင်တယ်၊ ရုပ်ကတော့တူတာပဲ"

အပ် ॥ ॥ "အေးဟေ့ ...၊ အစစ်ပဲ၊ ဂိုက်ကတော့ အတော်ခွကျတဲ့ဂိုက်ပဲ"

ထူး ॥ ॥ [လူနှစ်ယောက်ကိုမြင်၍ သေသေချာချာ တစ်ယောက်စီကြည့်၍ အသံကိုလျှော့၍ တိုးတိုးပြောသည်မှာ] ပုလင်းကလေးရယ် အသက်ဘူးလေးရယ်၊ နင့်များတော့ဟယ် ငါကဖြင့် ချစ်လိုက်ရတာ၊ တကတဲမှပဲ၊ ဘာလို့ နင်ဟာဒါလောက်ကောင်းရတာလဲ၊ ဟင် နင်နဲ့သာ နေရတော့လေ ငါက ဂျမ်းဒုတ်

mgyoe.com

mgyoe.com

သာ ဖိထောင်းချင်တာပဲ၊ "အရက်ကိုသောက်လှလို့ ယောက္ခမ ဆဲတာ၊ ပေါက်သမျှ သေးဟာငယ် မနေ့းပါအသော့၊ နတ်ဖန်တဲ့ငွေပြွန်မှာ အို နတ်ဖန်တဲ့ ငွေပြွန်မှာ ရေတံခွန်ဆင်းခဲ့ပြန်ပေါ့" တူးနယ် တယ်နယ် တဲနဲ တဲရယ်တောင်။ အမာ ဒီအကောင်နှစ်ကောင် ဘာများလုပ်ချင်လို့ လာကြပါလိမ့်"

ချိန် ။ ။ "ဒါ ဆရာဝန်ပါပဲ"

အပ် ။ ။ "အေးပေါ့ ပြောလိုက်တဲ့ရုပ်နဲ့တော့ ကိုက်နေတာပဲ၊ ခေါင်းပေါင်းနီ၊ အင်္ကျီစိမ်းနဲ့"

ထူး ။ ။ [လူနှစ်ယောက်ကို မြင်စေ၊ မောင်ဘိုးချိန်က နှုတ်ဆက်ဟန်ပြုသောအခါ အရက်ပုလင်းကို လုယူလိမ့်မယ်ဟု ထင်၍ တစ်ဖက်သို့ ရွှေ့လိုက်စေ၊ နောက် တစ်ဖန် မောင်ရွှေအပ်က နှုတ်ဆက်ဟန်ပြုသောအခါလည်း ထိုကဲ့သို့ပင် လုယူလိမ့်မည်ထင်၍ အရက်ပုလင်းကိုယူ၍ ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်နှင့် ပွေ့ပိုက်၍ အမျိုးမျိုးအဖုံဖုံ ကိုယ်ဟန်လက်ဟန်ဖြင့် လုပ်စေ] [တစ်ဦးတည်း ပြောသည်မှာ] ဒီအကောင်နှစ်ကောင်ဟာ တစ်ကောင်နဲ့ တစ်ကောင် တိုင်ပင်နေကြပြန်ပြီ။ ဘာများလုပ်ကြမလို့ပါလိမ့်၊ စိတ်လေးလိုက်ပါဘိ၊ မျက်ခုံး လက်ရုံးတွေကလည်း လှုပ်ပါဘိသနဲ့။ [ဟုဆို၍ မျက်ခုံးများကို 'ဖွဟဲ့ မကောင်းတာဖြစ်မှာဖြင့် ကျိန်းကျေစေ' ဆို၍ လက်များနှင့်ရိုက်စေ]

ချိန် ။ ။ "ဒီမှာခင်ဗျား ...၊ မိတ်ဆွေ နာမည်ဟာ ကိုဘိုးထူးလို့ ခေါ်တယ်မဟုတ်လား"

ထူး ။ ။ "ဘာတဲ့ ကျုပ်နာမည်တဲ့"

ချိန် ။ ။ "မိတ်ဆွေနာမည်ဟာ ကိုဘိုးထူးမဟုတ်လားလို့ မေးပါတယ်"

ထူး ။ ။ [ပထမ မောင်ဘိုးချိန်ဘက်သို့ လှည့်၍ နောက်တစ်ဖန် မောင်ရွှေအပ်ဘက်သို့ လှည့်ပြီး ပြောသည်မှာ] ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်းမဟုတ်ဘူး။ ခင်ဗျားတို့ ဘာကို အလိုရှိလို့ မေးတယ်ဆိုတာ သိရပြီးမှပဲ ဟုတ်သင့်လည်း ဟုတ်ရတာပ၊ မဟုတ်သင့်လည်း မဟုတ်ဘူးပေါ့"

ချိန် ။ ။ "အို ... ဘာမှ ကိစ္စအထူးရယ်လို့ မရှိပါဘူး၊ နှုတ်ခွန်းကလေးများ ဘာလေးများ ဆက်သရုံပါပဲ"

ထူး ။ ။ "ဒီလိုဆိုရင်တော့ ကျုပ်နာမည် မောင်ဘိုးထူးပါပဲ ..."

ချိန် ။ ။ "မိတ်ဆွေကို တွေ့ရတာ အလွန်ပဲ ဝမ်းသာပါတယ်၊ မိတ်ဆွေဆီမှာ အကူအညီတောင်းစရာရှိလို့ သူများကပြောလိုက်လို့ အကျိုးဆောင်ပါလို့ တောင်းပန်ချင်ပါတယ်။ မိတ်ဆွေအကူအညီကို ကျုပ်တို့ လိုချင်ပါတယ်"

mgyoe.com

mgyoe.com

ထူး ။ ။ "ကျုပ် အကူအညီကို လိုချင်လို့လား၊ ကျုပ်အလုပ်ကလေးနဲ့ ပတ်သက်တဲ့ နေရာမှာတော့ ကျုပ် တယ်မရိုင်းပါဘူး။ အားရဝမ်းသာပဲ ကူညီပါ့မယ် မစိုးရိမ်ပါနဲ့"

ချိန် ။ ။ "ကျေးဇူးတင်လိုက်တာ မိတ်ဆွေရယ်၊ မိတ်ဆွေခေါင်းကို နေပူကုန်ပါ့မယ် ခမောက်ကလေးများ ဆောင်းပါဦး"

အပ် ။ ။ "ဟုတ်ပါတယ်၊ ခမောက်ကလေးများ ဆောင်းပါဦး ..."

ထူး ။ ။ [တစ်ကိုယ်ကြားပြော] "သောက်ကျိုးနည်း လောကွတ်ကောင်းတဲ့ ဆရာကြီးတွေပါလား"

ချိန် ။ ။ "မိတ်ဆွေထံမှောက် ကျုပ်တို့ရောက်လာရတာကို ထူးဆန်းတယ်လို့ မထင်ပါနဲ့နော်၊ ဒီလိုပေါ့မိတ်ဆွေ ပညာကောင်းတဲ့လူဆိုတာ ဒီလိုအရှာခံရတာမျိုးပဲ၊ အခုလည်း မိတ်ဆွေစွမ်းတဲ့ အကြောင်းကို ကျုပ်တို့ကြားရတာနဲ့"

ထူး ။ ။ "ဟုတ်ပါတယ် မိတ်ဆွေ၊ ကမ္ဘာပေါ်ရှိ ထင်းခုတ်ယောက်ျားတွေထဲမှာတော့ ကျုပ် အစွမ်းဆုံးပါပဲ"

အပ် ။ ။ "အလို မဟုတ်နိုင်တာ မိတ်ဆွေရာ"

ထူး ။ ။ "ဟာ ဟုတ်ပါတယ် မိတ်ဆွေ၊ ထင်းခုတ်တဲ့နေရာမှာတော့ အရိုးကြေကြေ အရေစုတ်စုတ်ပါပဲ၊ ကျုပ် လုပ်လိုက်ပြီဆိုမှဖြင့် ဘာမှလိုလေသေး မရှိရဘူး"

ချိန် ။ ။ "ကျုပ်တို့ လာခဲ့တာ အဲဒီအကြောင်းကြောင့်မဟုတ်ပါဘူး မိတ်ဆွေ"

ထူး ။ ။ "အို ကျုပ်ကတော့ ငါးကျပ်ဈေးအောက်တော့ မလျှော့နိုင်ဘူး"

ချိန် ။ ။ "စိတ်လည်းမရှိပါနဲ့ မိတ်ဆွေ၊ အဲဒီထင်းအကြောင်း တစ်ဆိတ် ထားလိုက်ပါဦး"

ထူး ။ ။ "အို ကျုပ်ကတော့ ဒါထက်တော့ မလျှော့နိုင်ဘူး"

ချိန် ။ ။ "ကျုပ်တို့လည်း ဘယ်ဒင်း ဘယ်လိုဆိုတာ သိပါတယ်ဗျ"

ထူး ။ ။ "ဘယ်ဒင်းဘယ်လိုဖြစ်တယ်ဆိုတာ သိရင်လည်း ကျုပ်တော့ ဒီဈေးနဲ့ချည်း ရောင်းနေတာပဲ၊ ခင်ဗျားတို့ကျမှ ပိုမယူပါဘူး"

ချိန် ။ ။ "စကားကောင်းပြောတဲ့အခါ နောက်မနေပါနဲ့ မိတ်ဆွေ"

ထူး ။ ။ "အို မနောက်ပါဘူးဗျ၊ ဘုရားစူးပါစေ ကျုပ်တော့ ဒီဈေးထက်တော့ မလျှော့နိုင်ဘူး"

ချိန် ။ ။ "တောင်းပန်ပါတယ်ဗျာ၊ စကားပြောင်းပြီး ပြောစမ်းပါရစေ"

ထူး ။ ။ "အို ဒီထက်တော့ ဘယ်နည်းမှ မလျှော့နိုင်ဘူး။ လျှော့ရောင်းမယ့်လူတွေ

mgyoe.com

mgyoe.com

လည်း ရှိချင်ရှိမပေါ့၊ ထင်းတွေ အပေါ်သားကိုး၊ ဒါပေမဲ့ ကျုပ်ခုတ်တဲ့ ထင်းတော့ ...”

ချိန် ။ ။ “မဟုတ်ပါဘူး မိတ်ဆွေ၊ ဒီလိုပြောနေလို့ မပြီးပါဘူး”

ထူး ။ ။ “ဘုရားစူးပါစေရဲ့ ကျုပ်တော့ တစ်ပြားမှ မလျှော့နိုင်ဘူး”

ချိန် ။ ။ “အို ... ထွီ၊ တယ်ခက်ပါလား”

ထူး ။ ။ “စိတ်မရှိပါနဲ့ ဒီဈေးပေးမှ ရမှာပဲ၊ ကျုပ်က ဟုတ်တဲ့အတိုင်း ပြောနေတာ၊ ခင်ဗျားတို့ကျမှ ဈေးပိုပြောရမယ့်လူတွေ မဟုတ်ဘူး”

ချိန် ။ ။ “မိတ်ဆွေလို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဟာ ပျင်းပျင်းရှိတိုင်း ဒီလိုမဟုတ်တရုတ် ပရိယာယ်တွေနဲ့ ဟန်ဆောင်ပြီး ကိုယ့်ဂုဏ်ကို ကိုယ်ယုတ်အောင် လုပ်နေတော်ရော့လား၊ မိတ်ဆွေကဲ့သို့သော ဇရာမ ပညာရှိကြီးတစ်ယောက် ဆေးဝါးကုသနိုင်တဲ့ သမားတော်ကြီးတစ်ယောက်ဟာ လူအများ မမြင်မတွေ့အောင် ပုန်းအောင်းပြီး ကိုယ်တတ်တဲ့ ပညာတွေကို အချည်းနှီး လျှို့ဝှက်ထားဖို့ မတော်ဘူး ထင်ပါတယ်”

ထူး ။ ။ [တစ်ကိုယ်ကြား ပြော] “သြော် ... ဒီကောင်တွေတော့ ရူးလာပြီ ထင်တယ်”

ချိန် ။ ။ “ကျုပ်တို့အပေါ်မှာ ဖုံးမနေချင်ပါနဲ့မိတ်ဆွေ”

ထူး ။ ။ “မဟုတ်ပါဘူး ဘာလဲဗျ”

အပ် ။ ။ “ကျုပ်တို့ကို ညာလို့ ရမယ်မှတ်သလား၊ ဘယ်ဒင်း ဘယ်လိုဆိုတာ ကျုပ်တို့ အကုန်သိပါတယ် မိတ်ဆွေ”

ထူး ။ ။ “သောက်ကျိုးနည်း ဆရာကြီးတို့ရာ ဘယ်ဒင်းဘယ်လိုဆိုတာ သိတယ်ဆိုတာက ဘာလဲဗျ၊ ဘယ်လိုသဘောလဲ၊ ကျုပ်ကို ဘယ်သူမှတ်လို့လဲ”

ချိန် ။ ။ “ဘယ်သူ မှတ်နေရဦးမှာလဲ ခင်ဗျားကိုခင်ဗျား မှတ်တာပေါ့၊ ဆရာဝန်ကြီး ကိုဘိုးထူးပေါ့”

ထူး ။ ။ “အလိုလေး ဘုရားသိကြား ကျုပ် ဆရာဝန်မဟုတ်ရပါဘူး။ ခင်ဗျားတို့သာ ဆရာဝန်ပါ။ ကျုပ် ဘယ်တုန်းကမှ ဆရာဝန် မလုပ်ခဲ့ပါဘူး”

ချိန် ။ ။ “[တစ်ကိုယ်တည်းပြော] အင်း ဒီတော့ အရူးပေါ်နေပြန်ပြီ။ [ကျယ်ကျယ်ပြော] တော်ပါဗျာ၊ ဘာလို့ ဒါလောက်ကြာကြာကြီး ဖုံးနေချင်ရတာလဲ မိတ်ဆွေ။ ဒီလိုလုပ်နေရင် အားတော့နာပါရဲ့၊ ဒါပေမဲ့ နာနာနဲ့ပဲ အကြမ်းကိုင်နေရပါလိမ့်မယ်”

ထူး ။ ။ “ဘာလဲဗျ၊ ခက်လိုက်တာ ဘာများလုပ်ကြဦးမှာလဲ”

mgyoe.com

mgyoe.com
ချိန် ။ ။ "အို ကျုပ်တို့မလုပ်ချင်တာ လုပ်နေရမှာပေါ့"
ထူး ။ ။ "မြတ်စွာဘုရား ကယ်ပါ၊ ကျုပ်ကို လုပ်ချင်သလိုလုပ်ကြ၊ ကျုပ်တော့ ဆရာဝန်မဟုတ်ဘူး။ ဘယ်တုန်းကမျှ မဟုတ်ပါဘူး"
ချိန် ။ ။ [တစ်ကိုယ်တည်းပြော] "အင်း ကျောကောင်းလို့ တုတ်တောင်းတယ် ထင်တယ်။ [ကျယ်ကျယ်ပြော] ကျုပ်တို့အကြမ်းမကိုင်ရခင် တစ်ခါ ထပ်တောင်းပန်ပါရစေဦး၊ ဟုတ်တဲ့အတိုင်း ဝန်ခံပါတော့ မိတ်ဆွေ"
အပ် ။ ။ "ကိုင်း ...၊ ဘာမှထပ်မညာပါနဲ့တော့၊ ဆရာဝန်ပါပဲလို့ ပြောမလား မပြောဘူးလား"
ထူး ။ ။ "အို ...၊ ကျုပ်တော့ ငိုသာငိုချင်တော့တာပဲ"
ချိန် ။ ။ "မဟုတ်ပါဘူးဗျာ ... လူတိုင်း သိနေတာကြီး၊ ဘူးခံနေလို့ ဘာများ ထူးဦးမှာလဲ"
အပ် ။ ။ "ဘာလို့ ဒါလောက်လိမ်ချင်ရတာလဲ၊ ဘာအကျိုးထူးဦးမှာလဲ"
ထူး ။ ။ "ကျုပ်ပါးစပ်က မဟုတ်ပါဘူးလို့ တစ်ခွန်းပြောရင် မဟုတ်လို့သာ မှတ်ပါ။ ဥပုသ်ကြီးနဲ့ မဟုတ်တာ မပြောပါဘူး။ ပါဏာတိပါတာ ဝေရမဏီလို့ဆိုပြီး မနက်ကပဲ သီလခံထားပါတယ်"
ချိန် ။ ။ "ဒါဖြင့် ခင်ဗျား ဆရာဝန်မဟုတ်ဘူးပေါ့"
ထူး ။ ။ "မဟုတ်ဘူး"
အပ် ။ ။ "ကိုင်း ...၊ ဆရာဝန် ဟုတ်မလား၊ မဟုတ်ဘူးလား စကားမရှည်နဲ့"
ထူး ။ ။ "မဟုတ်ပါဘူးဆိုဗျာ၊ တကတဲမှပဲ စိတ်ညစ်လှပါပြီ"
ချိန် ။ ။ "အင်း ...၊ ဒါလောက်တောင်မှ ကျောယားတဲ့လူတော့ ဖျောက်ပေးရမှာပလေ ... (ဆို၍ တုတ်တစ်ချောင်းစီကိုင်၍ရိုက်ကြစေ)
ထူး ။ ။ "အမယ်လေးဗျ ...၊ အမယ်လေးဗျ ...၊ ခင်ဗျားတို့ သဘောကျသလိုပါပဲဗျ"
ချိန် ။ ။ "ဘယ့်နှယ်ကြောင့် ကျုပ်တို့ကို အကြမ်းကိုင်အောင် လုပ်တာလဲ မိတ်ဆွေရယ်။ အစက ဒီလိုပြောလိုက်ရင် ပြီးတာပဲ"
အပ် ။ ။ "ဘာများကောင်းလို့ တမင် အတွယ်မခံရခံရအောင်လုပ်တာလဲ"
ချိန် ။ ။ "ယုံပါတော့ မိတ်ဆွေ၊ ခင်ဗျားကို ရိုက်မိတာ ကျုပ်တော့ အပုံကြီး အားနာပါတယ်"
အပ် ။ ။ "ဝမ်းကျရစေရဲ့ ကျုပ်လည်း အများကြီးအားနာပါတယ်"
ထူး ။ ။ "နေကြစမ်းပါဦး မိတ်ဆွေတို့ရယ်၊ ဘယ့်နှာဖြစ်လာကြတာတုံး၊ ကျုပ်ကို
mgyoe.com

mgyoe.com

ကျီစားနေတာလား၊ ဒါမှမဟုတ်ရင်လည်း မိတ်ဆွေတို့ စိတ်များ နောက်လာကြလို့ ကျုပ်ကို ဆရာဝန်လုပ်နေကြတာလား"

ချိန် ။ ။ "ဘာပြောနေပြန်ပလဲ ဆရာဝန်မဟုတ်ဘူးလို့ ငြင်းနေပြန်ပလား"

ထူး ။ ။ "မဟုတ်ပါဘူး မိတ်ဆွေ အရက်သောက်တိုင်း မမူးဘဲ ရှိပါစေရဲ့"

အပ် ။ ။ "တကယ် ဆရာဝန်မဟုတ်ဘူးလား"

ထူး ။ ။ "ဝိစကီကို နေ့ရောညရော ရေမရောဘဲနဲ့ ဆက်သောက်နေရပါစေရဲ့ မဟုတ်ပါဘူးဗျာ၊ [ဤကဲ့သို့အပြောတွင် တစ်ခါရိုက်ကြစေ] အမယ်လေးဗျ ... အမယ်လေးဗျ ဟုတ်ပါတယ်ဗျ၊ ဆရာဝန်ပါပဲ၊ တကယ့်ဆရာဝန်ပါပဲ ဗိန္ဓောလည်း တတ်ပါတယ်၊ ပယောဂလည်း နိုင်ပါတယ်၊ ဓာတ်စာလည်း ပေးတတ်ပါတယ်ဗျ၊ ခင်ဗျားတို့သဘောကျရင် ပြီးပါရော၊ ဘာပဲလုပ်ရလုပ်ရ အရိုက်မခံရရင် ပြီးပါရောဗျ"

ချိန် ။ ။ "အို ... ဒီလိုမှပေါ့"

အပ် ။ ။ "ဒီလိုဆိုတော့ ကျုပ်ဖြင့် အင်မတန်ဝမ်းသာတာပဲ"

ချိန် ။ ။ "ကျုပ်တို့ ရိုက်မိတဲ့အတွက် သည်းခံရန် တောင်းပန်ပါတယ်၊ မိတ်ဆွေ ကျေနပ်ပါနော်"

အပ် ။ ။ "မိတ်ဆွေကို ဆော်မိတဲ့အတွက် အပြစ်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ထူး ။ ။ "[တစ်ကိုယ်ကြားပြော] သောက်ကျိုးနည်း ခက်တော့တာပဲ၊ သူတို့ကပဲလာပြီး လိမ်နေကြတာလား၊ ငါကပဲ ဆရာဝန်ဖြစ်မှန်းမသိများ ဖြစ်နေလေရော့သလား၊ အတွေးရ ကျုပ်လိုက်ပါဘိ ကရို"

ချိန် ။ ။ "ကျုပ်တို့ကို ဒီလို ဟုတ်တဲ့အတိုင်း ဖွင့်ပြောတဲ့အတွက် မမှားပါဘူး မိတ်ဆွေ၊ မိတ်ဆွေ စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်"

ထူး ။ ။ "ဒါထက် နေပါဦးဗျာ၊ မိတ်ဆွေတို့ အထင်များမှားနေကြလို့လား၊ ဒါမှမဟုတ်ရင် ကျုပ်ဟာ ဆရာဝန် အသေအချာပဲလား"

အပ် ။ ။ "အစစ်ပေါ့ဗျာ၊ ဝမ်းကျရပါစေရဲ့"

ထူး ။ ။ "တကယ်ကို၊ တကယ်ပဲလား"

ချိန် ။ ။ "အို ... တကယ်ကိုမှ တကယ်ပါပဲ"

ထူး ။ ။ "ကျုပ်တော့ ဟုမ္မရှူးရတဲ့အခါ ငါးထောင်စား သူရာရေးအမတ်ကြီး ဖြစ်ရပါစေရဲ့ ကျုပ်ကိုယ်ကျုပ် ဆရာဝန် မသိပါဘူး"

ချိန် ။ ။ "မိတ်ဆွေဟာ မိတ်ဆွေသာ မသိတာကိုး၊ ကမ္ဘာပေါ်မှာ မိတ်ဆွေထက်

mgyoe.com

mgyoe.com

တော်တဲ့ ဆရာဝန်ရှိမှမရှိဘဲ"

ထူး ။ ။ "အလိုလေး ... ဘုရား ... ဘုရား ကျားသားမိုးကြိုး၊ မိုးကြိုးတော့ ပစ်ကုန်ပါ လိမ့်မယ်၊ ဆာဘွဲ့ရရပါစေဗျာ၊ မဟုတ်ရပါဘူး"

အပ် ။ ။ "မိတ်ဆွေကုသလို့ ပျောက်တဲ့ရောဂါပဲ၊ မရေနိုင်ဘူး မဟုတ်လား"

ထူး ။ ။ "ဟယ် လုပ်ပြန်ပဟဲ့ တစ်ယောက်က"

ချိန် ။ ။ "မိန်းမတစ်ယောက်ဟာ သေပြီထင်လို့ ခြောက်နာရီလုံးလုံး ပစ်ထားပြီး သင်္ချိုင်းမှာမြှုပ်တော့မလို့ လုပ်နေတုန်း မိတ်ဆွေရောက်လာပြီး ပါးစပ်ထဲကို ဘာဆေးလဲမသိဘူး အဲဒီဆေးကို တစ်စက် နှစ်စက် ချလိုက်တာနဲ့ တစ်ခါတည်း မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားတာ မေ့ပလား မိတ်ဆွေရဲ့"

ထူး ။ ။ "ဟယ် တွယ်ပြန်ပဟ၊ ညာညာတာတာ လုပ်ကြပါ ဆရာကြီးတို့"

ချိန် ။ ။ "၁၂ နှစ်အရွယ်လောက်ရှိတဲ့ ကလေးလေးတစ်ယောက်ဟာ တိုက်ခေါင်ပေါ်က လိမ့်ကျလို့ ခေါင်းလည်းကွဲ၊ ခြေတွေ လက်တွေရော ကျိုးကုန်တုန်းက မိတ်ဆွေက ဆေးရည်နဲ့လိမ်းပေးလိုက်တာနဲ့ တစ်ခါတည်း ပကတိ လူမာဖြစ်ပြီး ဘောလုံးကန်နေတာကော မမှတ်မိဘူးလား မိတ်ဆွေရဲ့ တယ်သတိမေ့တာကိုး"

ထူး ။ ။ "ဟုတ်မှလည်း လုပ်ကြပါ ဆရာကြီးတို့ရယ်၊ ကျုပ်တော့ မယုံပါဘူး ခင်ဗျား တို့ပြောတာကိုး"

ချိန် ။ ။ "ကိုင်းလေ တိုတိုပြော မိတ်ဆွေ၊ ဘာမှမစိုးပါနဲ့ မိတ်ဆွေကြိုက်သလို အခ ပေးပါမယ်၊ ကျုပ်တို့ခေါ်ချင်တဲ့ဆီသာ လိုက်ခဲ့ပါ"

ထူး ။ ။ "ကျုပ်တောင်းတဲ့အခကို ပေးမယ်လား"

ချိန် ။ ။ "ပေးမှာပေါ့"

ထူး ။ ။ "ဒီလိုဆိုတော့ ကျွန်တော် ဆရာဝန်ပါပဲ ငြင်းစရာမရှိပါဘူး၊ ကျွန်တော်က တယ်သတိမကောင်းလို့ အခုတော့ ပြန်ပြီး သတိရပါပြီ၊ လူနာက ဘာဖြစ်တာလဲ ကျုပ် ဘယ်ကိုလိုက်ရမှာလဲ"

ချိန် ။ ။ "အို ... ကျုပ်တို့ ကြည့်ခေါ်မပေါ့၊ မိန်းကလေးတစ်ယောက်ကို လိုက်ပြီး ကြည့်စေချင်ပါတယ်၊ စကားမပြောနိုင်ဘဲ အသံပျောက်သွားလို့"

ထူး ။ ။ "အသံပျောက်သွားလို့လား ကျုပ်တော့ မတွေ့မိရိုး အမှန်ပါပဲဗျာ ဘုရားစူး ပါစေရဲ့"

ချိန် ။ ။ "မိတ်ဆွေက ရယ်စရာ အပြောဝါသနာပါသကိုး၊ လာပါဗျာ သွားမယ်"

mgyoe.com

ထူး ။ ။ "ဆရာဝန် အဝတ်မပါဘဲနဲ့ လိုက်ရမှာလား"
ချိန် ။ ။ "ဆရာဝန်အဝတ် ကျုပ်တို့ပေးမယ် အရေးမဟုတ်ပါဘူး"
ထူး ။ ။ [အရက်ပုလင်းကို မောင်ဘိုးချိန်သို့ပေး၍ပြော] "ရော့ ဒါကို ခင်ဗျားတို့ယူခဲ့၊ အဲဒီထဲမှာ ဆေးတွေရှိတယ် [ထို့နောက် မောင်ရွှေအပ်ဘက်ကလှည့်၍ တံတွေးထွေးပြီးလျှင်] ဆရာဝန်အမိန့်နဲ့ အဲဒီအပေါ်ကို နင်းနိုင်တယ်"
အပ် ။ ။ "ရွှေတိဂုံ စူးစေ့ ငါတော့ ဒီဆရာဝန်ကို သိပ်သဘောကျတာပဲ၊ ရယ်စရာ ပြောကပြောတတ်နဲ့ နေရာကျမှာပဲ"

❐

mgyoe.com

mgyoe.com

# ဒုတိယပိုင်း

## [အခန်း – ၁]

[ဦးတာတေ၊ မောင်ဘိုးချိန်၊ မောင်ရွှေအပ်၊ မစံပယ်]

ချိန် ။ ။ "ဘရေ၊ ဘတော့ သိပ်သဘောကျမှာပဲ၊ ကျုပ်တို့တော့ ကမ္ဘာပေါ်မှာ ထိပ်သီး ဆိုတဲ့ ဆရာဝန်ကို ခေါ်လာခဲ့ပြီ"

အပ် ။ ။ "ဟုတ်တယ်ဘရဲ့၊ မိုးကြိုးပစ်ရစေတော့၊ ဒီဆရာဝန် ရတဲ့နောက်မှဖြင့် တခြား ဆရာဝန်တွေများတော့ ခြေထောက်နဲ့ကန်ပစ်နိုင်ပြီ မှတ်ပေရော့၊ တခြားဆရာ ဝန်တွေများတော့ ကျုပ်တို့ ဆရာဝန် ဖိနပ်တောင် အကိုင်ခိုင်းဖို့ မကောင်းဘူး"

ချိန် ။ ။ "ကျုပ်တို့ဆရာဝန်က ဆေးကုတဲ့နေရာမှာတော့ မပြောပါနဲ့တော့ ဘဘရယ်၊ သိပ်ပြီး ပါရမီထူးတဲ့လူပါပဲ"

အပ် ။ ။ "သေပြီးတဲ့လူတွေတောင် သူကုတာနဲ့ ပြန်ရှင်တယ် ဘရဲ့"

ချိန် ။ ။ "သို့ပေမဲ့ ဘရေ့၊ ဒီဆရာဝန်က စိတ်က ခပ်တော်တော်ရယ်၊ တစ်ခါတလေ စိတ်က ဖောက်ပြန်ပြီဆိုမှဖြင့် သူ့ကို ဆရာဝန်လို့တောင် မထင်ရဘူး"

အပ် ။ ။ "ရယ်စရာ အပြောလည်း တယ်ပြီးဝါသနာပါတယ် ဘရ၊ တချို့ကတော့ သွတ်တွတ်တွတ်လို့ ဆိုမပေါ့လေ"

ချိန် ။ ။ "စင်စစ်ဆိုတော့ သွတ်တာ မဟုတ်ပါဘူး၊ ပညာတွေ အတတ်လွန်နေတာပါ ဘရဲ့၊ တစ်ခါတလေ သူ ပြောတာကို လူသာမန်တို့ နားမလည်နိုင်ဘူး"

အပ် ။ ။ "စကားများ ပြောမိမှဖြင့် ဘရယ်၊ ကရားက ရေလွှတ်သလို တတွတ်တွတ်ပဲ"

ချိန် ။ ။ "နာမည်လည်း တယ်ကျော်တယ် ဘရဲ့၊ လူပ်ခနဲဆို သူ့ဆီ ပြေးကြရတာပဲ"

တေ ။ ။ "အေးကွယ် ဒီဆရာ ငါတွေ့ချင်စမ်းပါဘိ၊ ငါ့ဆီကို ခေါ်ခဲ့စမ်းပါ မြန်မြန်"

mgyoe.com

mgyoe.com
ချိန် ။ ။ "ကောင်းပြီ ဘရေ၊ ကျုပ် ပြေးခေါ်လိုက်မယ်"

ပယ် ။ ။ "ကျုပ်ပြောတာ ယုံပါ ဘရယ်၊ ဒီဆရာလည်း အရင်ဆရာတွေလို နေဦးမှာပါပဲ၊ သူကော သိကြားသားမှ မဟုတ်ဘဲ၊ ကျုပ်အထင်တော့ ဘသမီးအတွက် အကောင်းဆုံးဆေးကဖြင့် သူသဘောကျမယ့် လင်ကောင်းကောင်းနဲ့ ပေးစားလိုက်ရင်တော့ သူ့ရောဂါဟာ ယူပစ်သလို ပျောက်မှာပဲ"

တေ ။ ။ "တော်ပါကွယ် မစံပယ်၊ မင့်အလုပ်က ကလေးကိုကြည့်ပြီး နို့တိုက်ဖို့သာ ရှိပါတယ်။ ဒီအထဲမှာ ဝင်စွက်ဖို့ မဟုတ်ပါဘူး"

အပ် ။ ။ "ဟော့ ...၊ တိတ်တိတ်နေပါကွယ် ရှင်စံပယ်၊ စိန်ကျောက်ရောင်းရာ ဆေးရိုးသည် ကန့်လန့်မလုပ်ပါနဲ့"

ပယ် ။ ။ "မဟုတ်ဘူး ဘရဲ့၊ ဒီဆရာဝန်တွေ ဘာတတ်နိုင်ဦးမှာလဲ၊ ဘ သမီးရောဂါက ပွေးကိုင်းဆေးတို့၊ ကနခိုဆေးတို့ ကျွေးလို့ရမယ့် ရောဂါမျိုးမှ မဟုတ်ဘဲ၊ မိန်းကလေးတွေ ခေါင်းကိုက်တယ် ဖင်ကိုက်တယ်ဆို၊ အကောင်းဆုံးက လင်ဆေးကလေးသာ ကျွေးလိုက် တစ်ခါတည်း ပျောက်တာပဲ"

တေ ။ ။ "မဟုတ်ပါဘူးကွဲ့ ရှင်စံပယ်ရဲ့၊ အခုလို အ,နေတုန်း ဘယ်က လင်လာပြီးယူဦးမှာလဲ၊ ပြီးတော့လည်း တစ်နေ့က ငါက ယောကျ်ားပေးစားမယ်လုပ်တုန်းက မိန်းကလေးက သူ ယောကျ်ားစိတ်မကူးသေးပါဘူးဆိုပြီး ငြင်းတာ လည်း နင်အသိသားပဲ မဟုတ်လားဟဲ့"

ပယ် ။ ။ "ငြင်းမှာပေါ့၊ အငြင်းပဲ နည်းသေးတယ်၊ ဘက သူ မကြိုက်တာနဲ့ ပေးစားချင်တာကို၊ သူကြိုက်တဲ့မောင်ရွှေအုံးနဲ့ ပေးစားလိုက်ပါလား၊ ယူမှာပေါ့၊ ဆယ်ခါတောင် ယူသေးရဲ့ ဘ သမီးကို မောင်ရွှေအုံးနဲ့သာ ပေးစားမယ်ဆိုရင်တော့ ဟိုသူငယ်ကလည်း အခုလို (အ) နေရက်ကြီးနဲ့ပဲ ယူမှာပါပဲ"

တေ ။ ။ "ခက်လိုက်တာ ရှင်စံပယ်ရယ်၊ မောင်ရွှေအုံးနဲ့တော့ တို့က ဘယ်သဘောတူနိုင်မလဲကွဲ့ သူက မောင်ဘမြိုင်လို ပစ္စည်းတောင့်တာ မဟုတ်ဘူးဟဲ့"

ပယ် ။ ။ "မောင်ရွှေအုံးမှာလည်း သူ့ဦးလေးက အချမ်းသာသားပဲ၊ သူ့ဦးလေးအမွေတွေ သူရမှာပေါ့"

တေ ။ ။ "ဘယ် ဒါတွေက ဆောက်ဖြစ်မှ ကျောင်းဒကာအလုပ်တွေပါ၊ ယောက္ခမသေမှန်းသိမှ မြင်းစီးရဖို့ စောင့်နေလို့ ကိစ္စပြီးတာ မဟုတ်ပါဘူး၊ ဟယ် အမွေလိုချင်တာနဲ့ ဦးလေးကို မြန်မြန်သေပါစေ၊ ဆုတောင်းပေမဲ့ သေမင်းဆိုတာက အခက်သားပဲ၊ ခေါ်ချင်တဲ့လူမှ ခေါ်တာ အဲဒီတော့ သူ့အမွေမရခင်
mgyoe.com

mgyoe.com

အငတ်ခံပြီး နေရတော့မှာလားဟဲ့"

ပယ် ။ ။ "ဘကသာ ပစ္စည်းမက်နေပါ၊ ကျုပ် ကြားဖူးတာတော့ အိမ်ထောင်ရက်သား ပြုတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ပစ္စည်းရှိတာထက် စိတ်ချမ်းသာတာက သာပြီး ကောင်းတယ်ဆိုပဲ၊ ဘလည်း ကြားဖူးမှာပေါ့၊ မောင်ကာက–မယ် ကာကတို့လို ထမင်းရည်ကို လျက်ရစေတော့ ငွေမက်ကာမယူချင်ဘူ့ အတူ ပင် တဲအိုပျက်မှာကွယ်၊ တွဲလျက်ပျော်မယ် ဆိုပဲ၊ မိဘတွေဟာ တယ်ခက် တာပဲ၊ တစ်ခါလာမှဖြင့် ဟိုကောင်ကလေးမှာ ပစ္စည်း ဘယ်လောက်ချမ်းသာ သလဲ ဆိုတာပဲ မေးကြတာပဲ၊ ဟို ဘိုးရွှေအိပ်ကြီးဟာလည်း ဘလိုပေါ့၊ သူ့သမီးကို ထွန်းဖြူက ပိုက်ဆံနည်းနည်းပိုရှိတာနဲ့ ထွန်းဖြူနဲ့ ပေးစားလိုက် တယ် ကောင်မလေးကတော့ မောင်အောင်ပေါ်ကိုသာ သဘောကျတာပေါ့၊ ကိုင်း အခုတော့ ပိုက်ဆံမက်ပြီး ထွန်းဖြူနဲ့ပေးစားလိုက်လို့ ဘာများထူးသေး သတဲ့လဲ၊ မျောက်လောင်း မျောက်လောင်းပါပဲ၊ အဲဒါ ဘတို့သတိရဖို့ ဥပမာ ပဲ၊ မဟုတ်ဘူး ဘရယ် လောကမှာ ရွှေပုံကြီးပေါ်စံစားနေရပေမဲ့ စိတ်မချမ်း သာရင် ဘာလုပ်ဦးမှာလဲ၊ ကျုပ်လိုများတော့ ကျုပ်သမီးများဆိုရင် ပိုက်ဆံ တစ်ပြားမှ မရှိချင်နေပစေ နံပိန်ပိန် ချိုလိမ်လိမ် သူကြိုက်တဲ့ဟာနဲ့သာ ပေးစားလိုက်မှာပဲ၊ သူမကြိုက်တာများ ဆိုရင်တော့ ဝေးလိုက်တာ ငွေစတွေ တင်းနဲ့ချင် ပေး မပေးစားပေါင်တော်"

တေ ။ ။ "တော်ပါတော့ ရှင်စံပယ် နင့်အလုပ်က နို့ထိန်းအလုပ်ပါ။ ကျုပ်သမီး လင်ယူဖို့အရေး ဝင်ပြီး စွက်မနေပါနဲ့"

အပ် ။ ။ "ဦးတာတေ၏ ရင်ဘတ်ကို ရိုက်၍ပြော] ဟော့ ရွှေစံပယ် တော်တော် စွာစွာ စွာစွာ လုပ်စမ်းပါ၊ ပဲခူးဆားလို နေရာတိုင်း မပါချင်စမ်းပါနဲ့ ဘ အရေးထဲမှာ နင်စွက်စရာ မလိုပါဘူး၊ သူ့ဟာသူ နားလည်ပါတယ်၊ နင့် အလုပ်က ကလေးကို ကြည့်ပြီးနို့တိုက်ဖို့ပါ၊ ဘက သခင်မကလေးအဖေကွဲ့ သူ့သမီးနဲ့ ဘာနဲ့တော်တယ်ဆိုတာ နင်တို့ငါတို့ထက် ပိုပြီးသိတာပေါ့ သွားပါ"

တေ ။ ။ "ခပ်ဖြည်းဖြည်းလုပ်ပါ မောင်အပ် ခပ်ဖြည်းဖြည်းလုပ်ပါ"

အပ် ။ ။ "မဟုတ်ဘူး ဘရဲ့ သူ့ကိုနှိမ်ပေးမှဖြစ်တာ ဘများပဲ သူက မရှိမသေနဲ့"

တေ ။ ။ "ဟုတ်တော့လည်း ဟုတ်ပါတယ် ရွှေအပ်ရယ်၊ ဒါပေမဲ့ ဒါလောက်တော့ ခြေရောက်လက်ရောက် လုပ်လို့ မတော်ပါဘူး"

◆ ◆ ◆

mgyoe.com

mgyoe.com

## [အခန်း – ၂]

### [မောင်ဘိုးချိန်၊ မောင်ဘိုးထူး၊ ဦးတာတေ၊ မောင်ရွှေအပ်နှင့် မစံပယ်]

ချိန် ။ ။ "ဘရေ ဟောဒါ ကျုပ်တို့ ဆရာဝန်ပဲ"
တေ ။ ။ "ဒီကြွပါ ဆရာ၊ ဒီကြွပါ၊ အမယ်လေး ဆရာ့ကိုတွေ့ရတာ ဝမ်းသာလိုက်တာ"
ထူး ။ ။ "[ဆရာဝန်၏အဝတ်ကို ဝတ်၍ ခေါင်းပေါင်းစရှည်ရှည်ကြီးချလျက်] ဒီလို ကိုးဗျ၊ ကျုပ်တို့ ဗာလနံကျမ်းက ကျုပ်တို့ဟာ ခေါင်းပေါင်းစ ရှည်ရှည်ကြီး ချရမယ်ဆိုသကိုးဗျ"
တေ ။ ။ "ဩော် ... ဗာလနံကျမ်းက ဆိုသလား ဆရာရဲ့"
ထူး ။ ။ "အခန်း အချာပေါ့ဗျာ"
တေ ။ ။ "ဘယ်အခန်းမယ် ဆိုပါလိမ့်"
ထူး ။ ။ "အို ခေါင်းပေါင်းများဆိုင်ရာ အခန်းမှာပေါ့ဗျ"
တေ ။ ။ "အို ... ဗာလနံကျမ်းက ဆိုရင်ဖြင့် ဟုတ်ရမှာပေါ့"
ထူး ။ ။ "အခု ဆရာဝန်မင်း အမိန့်ရှိတဲ့အကြောင်းများဟာလည်း အံ့သြစရာပါပဲ"
တေ ။ ။ "အလို ဘယ်သူ့များ ဆရာဝန်မင်းလို့ ခေါ်နေပါလိမ့်"
ထူး ။ ။ "မိတ်ဆွေကိုပေါ့"
တေ ။ ။ **"ကျွန်တော် ဆရာဝန်မဟုတ်ပါဘူး"**
ထူး ။ ။ "ခင်ဗျား ဆရာဝန်မဟုတ်ဘူးလား"
တေ ။ ။ "ဘယ်ကလာပြီး ကျွန်တော် ဆရာဝန်ရမှာလဲ"
ထူး ။ ။ "[တုတ်ကိုယူ၍ မိမိအရိုက်ခံရသည့်နည်းတူ ဦးတာတေကို ထ၍ရိုက်ပြီးပြော] တကယ် ဆရာဝန် မဟုတ်ဘူးလား"
တေ ။ ။ "အမယ်လေးဗျ၊ တကယ်မဟုတ်ပါဘူးဗျ၊ ဘုရားစူးပါစေ့ မဟုတ်ပါဘူး"
ထူး ။ ။ "ကြေးမများနဲ့ ခင်ဗျား ဆရာဝန်ပဲ၊ ကျုပ်တော့ ဘယ်ဆေးကျောင်းမှ နေဖူးတာ မဟုတ်ဘူး"
တေ ။ ။ "ဟော့ ရွှေအပ်တို့၊ ဘိုးချိန်တို့ နင်တို့ ဘယ့်နှယ်လူများ ခေါ်လာကြသလဲဟယ်"
ချိန် ။ ။ "အို ...၊ ဘ ကလည်း အစတုန်းက၊ ကျုပ်တို့ ဘကိုမပြောဘူးလား၊ ဒီဆရာက အင်မတန် ဆန်းတယ်လို့"
တေ ။ ။ "အေး၊ ဆန်းချင်ရင် ဆန်းပါစေကွယ်၊ ဒါပေမဲ့ ငါ့ဆီတော့ လာမဆန်းပါ

mgyoe.com

mgyoe.com

စေနဲ့၊ တခြား ဆန်းချင်ရာမှာ ဆန်းနေပါစေ"

အပ် ။ ။ "ဖွေမယူပါနဲ့ ဘရယ် ကျီစားတာပဲ"

တေ ။ ။ "ဒီလိုကျီစားတာမျိုးတော့ မကြိုက်ဘူးကွယ် တယ်နာတယ်"

ထူး ။ ။ "ပျော်လို့ ပြက် ကလက်တယ်လို့ မအောက်မေ့ပါနဲ့ သည်းခံပါ"

တေ ။ ။ "ဖွေမယူပါဘူး၊ ကျွန်တော်တော့ ဆရာထားရာကပါပဲ၊ ဆရာ့တပည့်ပါပဲ"

ထူး ။ ။ "ရိုက်မိတဲ့အတွက်"

တေ ။ ။ "ကိစ္စမရှိပါဘူး"

ထူး ။ ။ "အပုံကြီး အားနာပါတယ်"

တေ ။ ။ "ကိစ္စမရှိပါဘူး"

ထူး ။ ။ "ဂါရဝပြုသောအားဖြင့် တုတ်နဲ့"

တေ ။ ။ "တော်ပါတော့ ဆရာ၊ ဒီအကြောင်း တော်ပါတော့ ကျွန်တော့်သမီးသာ တစ်ဆိတ် ကြည့်စမ်းပါ၊ ရောဂါဖြစ်ပုံက ဆန်းလွန်းလို့"

ထူး ။ ။ "မိတ်ဆွေ၏သမီးကို ကုရမယ်ဆိုတာ အင်မတန်ပဲ ဝမ်းသာပါတယ် ယုံပါတော့၊ မိတ်ဆွေကိုပါ ကုရရင် သာပြီး ဝမ်းသာဦးမှာပဲ၊ ဒါလောက်ပဲ စေတနာထားပါတယ်"

တေ ။ ။ "ကျေးဇူးကြီးလှပါပြီ ဆရာရယ်၊ ကျေးဇူးကြီးလှပါပြီ"

ထူး ။ ။ "အို ...၊ ကျုပ်က လောကွတ်ပြောနေတာ မဟုတ်ပါဘူး"

တေ ။ ။ "ယုံပါတယ် ဆရာ၊ ယုံပါတယ်"

ထူး ။ ။ "မိတ်ဆွေသမီးကတော့ ဘယ်လိုခေါ်ပါသလဲ"

တေ ။ ။ "မညိုစိမ့်လို့ ခေါ်ပါတယ်"

ထူး ။ ။ "မညိုစိမ့်တဲ့၊ နာမည်လေးက တယ်ကောင်းပါလား၊ အင်း မညိုစိမ့်ဆိုတော့ ညိုခြဆိုတော့ စ၊ ဆ၊ ဈ၊ ည တနင်္လာဆိုတော့ ဆေးတော့ အတော်လိုက်မှာပဲ"

တေ ။ ။ "ကျွန်တော့်သမီး ဘာများလုပ်နေသလဲ ကြည့်လိုက်ပါဦးမယ်"

ထူး ။ ။ "ဟို မိန်းမရှည်ရှည်က ဘယ်သူလဲ"

တေ ။ ။ "ဒါက ကျွန်တော့်ကလေးရဲ့ နို့ထိန်းပါ"

ထူး ။ ။ "တယ်နေရာကျပါလား၊ တယ်နိပ်တဲ့ နို့ထိန်းပါလား၊ အို ... ချစ်စရာကောင်းလှသော အဘယ်နို့ထိန်း၊ အကျွန်ုပ်၏အတတ်များကို အသင်အလိုရှိရာ အသုံးပြုတော်မူပါလော့၊ အကျွန်ုပ်တို့ ဆရာဝန်များ မည်သည်မှာ အသင် နို့ထိန်းတို့ ပြုစုမှ နုရမယ့်ကိုယ်များ ဖြစ်ပါတယ်။ အို ... အကယ်၍ အကျွန်ုပ်

mgyoe.com

mgyoe.com

သည် ကံကောင်းထောက်မသဖြင့် အသင်၏ရင်မွှာတွင် နို့စို့လျက်ရှိသော ကလေး ဖြစ်ရပါမူကား ကောင်းလေစွ [ဟို၍ နို့ဟိန်း၏ရင်ကို ကိုင်စေ] အဲဒါကြောင့် အကျွန်ုပ်တတ်သမျှ၊ မှတ်သမျှ၊ ပညာများကို အသင် အလိုရှိသလို အသုံးပြုတော်မူပါမည့်အကြောင်း။"

အပ် ။ ။ "ဗျို့ဆရာ ဒီမှာလေ၊ ကျုပ်မယားကို နောက်မနေပါနဲ့."

ထူး ။ ။ "ဗျို့ ...၊ ဒါ ခင်ဗျားမယားလား"

အပ် ။ ။ "အစစ်ပေါ့"

ထူး ။ ။ "ကျုပ်တော့ စစ်မယ် မထင်ဘူး [မောင်ရွှေအပ်ကို ဖက်ချင်ယောင်ဆောင်၍ နို့ထိန်းဘက်သို့ လှည့်၍ဖက်စေ] အစက ခင်ဗျား မယားမှန်း မသိဘူး ဝမ်းသာပါသဗျာ၊ ခင်ဗျားတို့နှစ်ယောက်လုံးအတွက်ပဲ ဝမ်းသာပါတယ်"

အပ် ။ ။ "[မောင်ဘိုးထူးကို အတင်းဆွဲပစ်၍ ပြော] ဟေ့ ဆရာ။ တော်တော့ဆို တော်တော့လေ"

ထူး ။ ။ "တကယ်ပါပဲ၊ ခင်ဗျားတို့နှစ်ယောက်ဟာ ရှေ့သွားနောက်လိုက် ညီလွန်းလို့ ဝမ်းသာပါတယ်၊ ခင်ဗျားလို လင်မျိုးရတာ [ဆို၍တစ်ဖန် မောင်ရွှေအပ်ကို ဖက်ချင်ယောင်ပြု၍ မောင်ရွှေအပ်၏လက်အောက်မှ ငုံ့ပြေးပြီးလျှင် မစံပယ်၏လည်ပင်းကို ဖက်လျက်ရှိစေ] ဦးရွှေအပ်အတွက်လည်း ဒီလိုလှတဲ့ ဒီလိုချောတဲ့ ဒီလိုကျက်သရေရှိတဲ့ မိန်းမမျိုးကိုရတာ ဝမ်းသာစရာကြီးပါပဲ"

အပ် ။ ။ "[မောင်ဘိုးထူးကို တစ်ဖန်ဆွဲပစ်၍ပြောစေ] တော်ပါမောင်၊ ဘိုးသာဝနွားသိုးကြီးလို လောကွတ်တွေ ကောင်းမနေစမ်းပါနဲ့."

ထူး ။ ။ "ဒီလို ဖက်မိတဲ့ လင်မယားများ မြင်ရတော့ ကြားက လူများတောင် ဝမ်းသာစရာပဲ"

အပ် ။ ။ "ကျုပ်ကို ပြောချင်ပြောပါ၊ ကျုပ်မယားကိုတော့ နှူးမနေပါနဲ့."

ထူး ။ ။ "ကျုပ်ကတော့ ခင်ဗျားတို့နှစ်ယောက်လုံးအတွက် ဝမ်းသာတာပါပဲ၊ [ဆို၍ ယောကျ်ားကို ဖက်ဟန်ပြု၍ မိန်းမကို ဖက်ပြန်စေ] တကယ်ပါပဲ၊ ခင်ဗျားအတွက် ဝမ်းသာလွန်းလို့၊ ခင်ဗျားကို ဖက်တာလိုပဲ၊ သူ့အတွက် ဝမ်းသာလွန်းလို့ သူ့ကိုဖက်မိတာပါ" [ဆို၍ ပြောရင်းဆိုရင်း တစ်ခါထပ်၍ဖက်စေ]

အပ် ။ ။ [မောင်ဘိုးထူးကို အတင်းဆွဲပစ်ပြန်ပြီးနောက်] "ဘုရားစူးစေ့၊ အတော်လည်တဲ့၊ ဆရာပဲ"

♦ ♦ ♦

mgyoe.com

mgyoe.com

[အခန်း — ၃]

[ဆေးခန်းသို့ လူနာ ဦးတာအေး ဆေးတိုက်ရှေ့ ...]

တော ။ ။ "ကျွန်တော့်ဆေးခန်း အခုပဲ ဒီကိုလာပါလိမ့်မယ်၊ အသင့်ပါပဲ"

ထူး ။ ။ "ကျုပ်ကလည်း အသင့်ပါပဲ ဆေးပါး အပြည့်အစုံနဲ့"

တော ။ ။ "ဆေးဗူးလေးက ဘယ်မှာလဲ ဆရာ"

ထူး ။ ။ [ဆေးဗူးကို လက်ဖြင့်ပုတ်၍] "ဒီထဲမှာပေါ့ဗျ"

တော ။ ။ "ကောင်းပါပြီ ဆရာ"

ထူး ။ ။ [နို့ထိန်း၏ ရင်သားကို စမ်းသပ်ကြည့်ရှုလို၍ပြော] "ကျုပ်ဟာ မိတ်ဆွေတို့ တစ်အိမ်သားလုံးရဲ့ အကျိုးကို လိုလားတယ်ဆိုတာ သိရဲ့မဟုတ်လား၊ အဲဒီတော့ မိတ်ဆွေတို့ နို့ထိန်းရဲ့နို့ဟာ ကောင်းမကောင်း သိရအောင် ကျုပ် ကြည့်ချင်တယ်"

အပ် ။ ။ [မောင်ဘိုးထူးကို အတင်းဆွဲပြီး ယမ်း၍ပြောစေ] "ဟေ့ ဆရာ ဒီလိုမလုပ်နဲ့ လေ၊ မဆိုင်တာ ဘယ့်နှယ်ကြည့်ရမလဲ"

ထူး ။ ။ "နို့ထိန်းများရဲ့နို့ကို ကြည့်ဖို့အလုပ်ဟာ ဆရာဝန်အလုပ်ကွဲ့"

အပ် ။ ။ "ဘယ်က ဆရာဝန်အလုပ်ရမှာလဲ၊ မကြည့်ရဘူး။ မကြည့်ရခင် အသက် ထွက်ချင်ပြီ မှတ်တယ်၊ လူပါး၀လို့"

ထူး ။ ။ "ဟဲ့ကောင် တယ်ရိုင်းပါလား၊ ဆရာဝန် ပြောတာများ ကျော်ကျူးလို့၊ သွားပါ"

အပ် ။ ။ "ဘယ်က သောက်ဆရာဝန်ပြောတာ ဂရုစိုက်ရမှာလဲ"

ထူး ။ ။ [မောင်ရွှေအပ်အား မျက်မှောင်ကြုတ်ကာ ကြည့်လျက်] "သယ် နင့် အဖျား အနာရအောင် လုပ်လိုက်ရမလား သား လာလေ"

ပယ် ။ ။ "[မောင်ရွှေအပ်ကို အတင်းဆွဲခါယမ်းလျက်] ဖယ်ပါ၊ သူကလည်း ကျုပ်က ကလေးလေးမို့လို့လားတော့၊ ဒါလောက် အစိုးရိမ်ကြီးရအောင်၊ မတော်တာ လုပ်ရင် ကျုပ်ဟာကျုပ် ကြည့်ပြီးစိမ်ပါမယ်"

အပ် ။ ။ "မစံပယ် ကျုပ်အသက် သေသွားချင်သေသွားပါစေ အရေးမကြီးပါဘူး။ မင်းကို လက်ဖျားနဲ့အထိတောင်မခံနိုင်ဘူး"

ထူး ။ ။ "ဟိတ် ...၊ တောသား၊ မရှက်ဘူးလား။ မယားကလေးတစ်ယောက်အတွက် နဲ့ သဝန်ကြောင်လိုက်တာ"

mgyoe.com

mgyoe.com

တေ ။ ။ "ဟော ဒီမှာ ကျွန်တော့်သမီး လာပါပြီဆရာ"

♦ ♦ ♦

## [အခန်း – ၄]

[မညိုစိမ့်၊ မောင်ဘိုးချိန်၊ ဦးတာတေ၊ မောင်ရွှေအပ်၊ မောင်ဘိုးထူးနှင့် မစံပယ်]

ထူး ။ ။ "ဩော် ...၊ လူနာဆိုတာ သူပဲလား"

တေ ။ ။ "ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်မှာ ဒီသမီးတစ်ယောက်ပဲ ရှိပါတယ်၊ မတော်လို့များ လိမ့်လဲသွားမှဖြင့် ကိုယ်ကျိုးကြီးနည်းရပါလိမ့်မယ်။ ကြည့်ပြီး စောင်မပါ ဆရာရယ်၊ ကျေးဇူးမမေ့ပါဘူး"

ထူး ။ ။ "အို ...။ သေဆိုတာ အကောင်းမှတ်လို့ ဘယ်သေလို့ဖြစ်ပါ့မလဲ၊ ဆေးဝါး မစားရဘဲတော့ မသေနိုင်ပါဘူးလေ၊ စိတ်သာချပါ"

တေ ။ ။ "ဟဲ့ ... ကုလားထိုင်တစ်ခု ယူခဲ့ကြပါ"

ထူး ။ ။ "အင်း ...၊ လူနာကဖြင့် တယ်မရိုင်းလှပါဘူး။ အားကောင်းကောင်း ယောကျ်ားနဲ့များ ပေးစားလိုက်ရရင် မှားနိုင်မယ်မထင်ပါဘူး"

တေ ။ ။ "ဟော ...၊ ရယ်တယ်ဗျို့ ... ရယ်တယ်၊ နေရာကျလိုက်တာ ဆရာ၊ ဆရာ ပြောတာနဲ့ ကျွန်တော့်သမီး ရယ်လာပြီ"

ထူး ။ ။ "ရယ်လာရင် သာကောင်းတာပဲ၊ ဆေးဆရာများက လူနာကို ရယ်အောင် လုပ်နိုင်တာထက် ကောင်းတဲ့နိမိတ်လက္ခဏာမရှိဘူး။ ဒါ အကောင်းဆုံးပဲ၊ ဘာလိုချင်သလဲ ဘယ်ကနာသလဲ ပြောစမ်းပါဦး သူငယ်မရဲ့"

ညို ။ ။ "[လက်ပြ ခြေပြ ပါးစပ်ကို ပြလိုက်၊ မေးစေ့ကို ကိုင်လိုက်နှင့်ပြော] အီအို... အို ... အာ ... အူ"

ထူး ။ ။ "အလို ဒါက ဘာဖြစ်တာလဲ"

ညို ။ ။ "[ဆက်၍ လက်ပြခြေပြနှင့်] "အီ ... အို ... အာ ... အူ ... အီ ... အို"

ထူး ။ ။ "အလို ခက်ရချည့်ကရို။ ဘာဖြစ်တာတုံး"

ညို ။ ။ "အီအို ... အာ ... အူ"

ထူး ။ ။ "[မြိန်းကလေးတု၍] အီ ... အို ... အာ ... အူ တဲ့ ဘာပြောတာလဲ၊ ဒါ ဘာ စကားတုံး အင်္ဂလိပ်စကားဆိုတာလား"

mgyoe.com

mgyoe.com

တေ ။ ။ "အို ... စကားမပြောတတ်တာဟာ ဝေဒနာပေါ့ဆရာရဲ့၊ ဒီလိုပဲ (အ) သွားတာပဲ၊ ဘာဖြစ်တယ်လဲ မသိရဘူး။ ဖြုန်းခနဲ (အ) သွားတာနဲ့ သူ့ကို ယောက်ျားပေးစားဖို့ဟာတောင် ဆိုင်းထားရတာပဲ ဆရာ"

ထူး ။ ။ "အို (အ) တာနဲ့ ဘာဖြစ်သလဲဗျ"

တေ ။ ။ "သူနဲ့ထိမ်းမြားဖို့စီစဉ်ထားတဲ့လူဟာက မင်္ဂလာမဆောင်ခင် ရောဂါ သက်သာပါစေဦးဆိုပြီး စောင့်နေတယ်"

ထူး ။ ။ "အမယ် ... သူ့ယူမယ့်အကောင်က ဒါလောက်တောင် မိုက်သလား။ မိန်းမ (အ)နေရင် သာကောင်းသေးဗျာ။ ဘုရားစူးပါစေ့၊ ကျုပ်မယား ဒီလို (အ) နေစေချင်စမ်းပါဘိ၊ (အ) များ (အ) နေရင် တမင်ပဲ မပျောက်အောင် ဂရုစိုက်နေမှာပဲ"

တေ ။ ။ "ကောင်းပါပြီဆရာ၊ ကျွန်တော့်သမီးသာ ပျောက်အောင် တစ်ဆိတ်ဂရုစိုက်စမ်းပါ"

ထူး ။ ။ "စိတ်ချပါလေ၊ ဒါတော့ ကျုပ်တာဝန်ပေါ့။ နေစမ်းပါဦး၊ ဒီဝေဒနာက တယ်အခံရဆိုးသလား"

တေ ။ ။ "သိပ်ဆိုးတာပေါ့ဆရာ၊ အောင့်သက်သက်ကြီးနေမှာပေါ့"

ထူး ။ ။ "ဟာ ဆိုးလေ ကောင်းလေပဲ၊ သိပ်ပြီးပင်ပန်းသလား"

တေ ။ ။ "အလွန်ပင်ပန်းပါတယ် ဆရာ"

ထူး ။ ။ "ပင်ပန်းလေ ကောင်းလေပဲ၊ သူ ဟိုဒင်းကော သွားရဲ့လား၊ ဘာလဲသိလား"

တေ ။ ။ "သွားပါတယ် ဆရာ"

ထူး ။ ။ "ဖောဖော သွားရဲ့နော်"

တေ ။ ။ "ဒါတော့ မသိဘူး ဆရာရဲ့"

ထူး ။ ။ "ပြီးတော့ ဟိုဒင်းကော အသွားအလာ မှန်ရဲ့လား"

တေ ။ ။ "ဒါတွေတော့ ကျွန်တော် နားမလည်ဘူး ဆရာ"

ထူး ။ ။ "[လူနာဘက်သို့ လှည့်လျက်] လာစမ်းပါဦး၊ သူငယ်မရဲ့၊ သွေးစမ်းကြည့်ပါရစေ၊ အင်း ... ဟုတ်တယ်ဗျို့ သွေးစမ်းကြည့်မှပဲ (အ)နေမှန်း သိတယ်"

တေ ။ ။ "ဒီ(အ)နေတဲ့ ကိစ္စပေါ့ဆရာ၊ ဒုက္ခများနေတာ၊ သွေးစမ်းကြည့်တော့ ချက်ချင်းပဲ တွေ့တာပဲနော်"

ထူး ။ ။ "ချက်ချင်းပေါ့ မိတ်ဆွေ၊ ဆရာဝန်ကြီးတစ်ယောက်လုံး လုပ်နေတာ ဒါလောက်တော့ သိတာပေါ့"

mgyoe.com

ပယ် ။ ။ "ကြည့်စမ်း ဘယ်လောက်တော်တဲ့ ဆရာလဲ၊ ဘာဖြစ်တယ်ဆိုတာ တစ်ခါတည်း သိတာပဲ"

ထူး ။ ။ "အို ...၊ ကျုပ်တို့လို ဆရာဝန်ကြီးတွေဆိုတာ လူနာလက္ခဏာမြင်ရင် ချက်ချင်း သိတာပေါ့ဗျာ။ ဝမ်းနုတ်ဆေးတစ်ခွက်လောက် တိုက်တတ်ရုံနဲ့ ဆရာဝန်လုပ်နေတဲ့ လူညာမျိုးဆိုရင်တော့ ဟိုဒင်း သည်ဒင်း၊ ဟိုဟာသည်ဟာနဲ့ ပြီးနေမှာပေါ့။ ကျုပ်တို့ကတော့ ဒီလိုမဟုတ်ဘူး။ တစ်ချက်တည်း စွတ်ပြောလိုက်မှဖြင့် ဝွပ်ခနဲ မှန်တာပဲ။ ဒါကြောင့် ကျုပ်ပြောတာပေါ့ဗျ၊ ခင်ဗျားသမီးဟာ (အ) နေတယ်လို့"

တေ ။ ။ "(အ) နေတာတော့ ဟုတ်ပါပြီ၊ သို့သော်လည်း ဘယ်နည်းဘယ်ပုံနဲ့ (အ) သွားတယ်ဆိုတဲ့အကြောင်းကလေး သိရအောင်ဟာ တစ်ဆိတ် အမိန့်ရှိစမ်းပါဦး ဆရာရယ်"

ထူး ။ ။ "အို (အ)တဲ့အကြောင်းလား၊ ခက်တာမှမဟုတ်ပဲဗျာ၊ ခင်ဗျားသမီး (အ) တာဟာ တခြားကြောင့် မဟုတ်ဘူးဗျို့၊ စကားမပြောတတ်လို့ပဲ"

တေ ။ ။ "မှန်လိုက်တာ ဆရာရယ်၊ မှန်လိုက်တာ၊ ဒါဖြင့် စကားမပြောတတ်တဲ့ အကြောင်းကလေး တစ်ဆိတ် အမိန့်ရှိပါဦးဆရာရယ်"

ထူး ။ ။ "အို ... ဒီအကြောင်းကတော့ ဒီလိုလားဗျ။ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးကိုယ်တိုင်က ပြောကြပါလိမ့်မယ်။ လျှာမှာ အနှောင့်အယှက်ဖြစ်ပြီး လျှာအသွားအလာမမှန်လို့ ဆိုတာကိုး၊ နည်းနည်း ဝါယောငုပ်တဲ့အဓိပ္ပာယ်ပေါ့ဗျ၊ ဒူလာပေါ့လေ"

တေ ။ ။ "ဒါထက် နေပါဦး ဆရာ၊ ဒီလျှာခင် အနှောင့်အယှက်ဖြစ်ပြီး လျှာအသွားအလာ မမှန်ပုံ၊ ဝါယောငုပ်ပုံ၊ ဒူလာဖြစ်ပုံကလေးကို တစ်ဆိတ် အမိန့်ရှိပါဦး"

ထူး ။ ။ "အို ... ဒီအကြောင်းနဲ့ ပတ်သက်လို့ ပရိတ်ကြီးထဲမှာ အကျယ်တဝင့်ရေးထားတာပေါ့ဗျ။ ဧဝံမေသုတံ အကြောင်းပြုပြီး အသေဝနာစ ဗာလာနံ ဆိုတာ မိတ်ဆွေတို့လည်း ကြားဖူးမှာပေါ့နော့ဗျာ ဒေါ်စံပယ်"

တေ ။ ။ "ယုံပါတယ် ဆရာ၊ ယုံပါတယ်"

ထူး ။ ။ "အဲဒီပရိတ်ကြီးဟာ သိပ်ကောင်းတဲ့ ကျမ်းပေါ့"

တေ ။ ။ "ဟုတ်ပေမပေါ့ဗျာ"

ထူး ။ ။ "[အင်္ကျီလက်ကို ပင့်၍ပြော] အို ... ဒီကျမ်းဟာ သိပ်စုံတဲ့ကျမ်းဗျို့၊ ဒီလို

mgyoe.com
ရောဂါတွေဘက်ကဆိုတော့ ကျုပ်တို့လို ပုဂ္ဂိုလ်ကြီးတွေ အတော်နဲ့စပ်ပြီး ထားတာတောင် ကျုပ်တို့သိတာထက် ပရိတ်ကြီးထဲက ပိုပြီးစုံနေသေးသဗျ နော်ဗျာ ဒေါ်စံပယ်။ အင်း … ဒါထက် ကျုပ် မူလပြောနေတဲ့အကြောင်း ပြန်ဆက်လိုက်ရဦးမယ်။ ဒီလျှာခင်အနှောင့်အယှက်ဖြစ်ပြီး လျှာအသွား အလာ မမှန်ဘူးဆိုတာက စိတ္တဇပယောဂတွေကြောင့်ဖြစ်တာပဲ။ စိတ္တ၊ စိတ် သည်။ ဇကော၊ တစ်ခုတဲ့ဗျ။ ကျုပ်တို့ဆေးဘက်က ကျွမ်းကျင်တဲ့ ပညာရှိ ကြီးတွေကတော့ ဂိလာန စိတ္တဇ ပယောဂ ခေါ်တာပေါ့။ အင်း … အဲဒီ ဂိလာန စိတ္တဇ ပယောဂဆိုတဲ့ အဓိပ္ပာယ်ကတော့ အာချ ကြိယာကို အကြောင်းပြုပြီး ဥသရကျေတဲ့အတွက် အင်း ဂိလာန စိတ္တဇ ပယောဂပေါ့ ဗျာ။ အဲဒီ ဟိုဒင်းတွေဟာက ရောဂါရှိတဲ့ ဌာနသြကာသ ကာရကံရဲ့ ပတ် ဝန်းကျင်မှာ ဝါသမံ တေဇောလွန်ပြီး မိသကေ ဖြစ်တော့ ကျုပ်တို့ ဟိုဒင်း ဆိုပါတော့လေ။ အဲဒါ သိရဲ့လား၊ နေပါဦး ခင်ဗျား ပါဠိဘာသာ နားလည် ရဲ့လား"

တေ ။ ။ "ဘယ်နားလည်ပါ့မလဲ ဆရာ"

ထူး ။ ။ "ဒါဖြင့် အင်္ဂလိပ်စကားကော"

တေ ။ ။ "ကြံကြံဖန်ဖန် ဆရာရယ် ကျွန်တော် ကျောင်းမှ နေဖူးတာမဟုတ်ဘဲ"

ထူး ။ ။ "[အံ့သြသည့်အမူအရာနှင့်] အို …၊ ပါဠိလည်း နားမလည်၊ အင်္ဂလိပ်လည်း နားမလည်ဘူးလား၊ ဖြစ်မှဖြစ်ရလေဗျာ"

တေ ။ ။ "မလည်ပါဘူးဆရာ"

ထူး ။ ။ "[ရယ်ဖွယ်ကောင်းသော လက်ဟန် ခြေဟန်များပြလျက်] နားထောင်နော်၊ စကားတိုအောင်ဟာ ကျွန်ုပ် ပါဠိလိုပဲ ပြောပြမယ်၊ အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော ကပိယောနိယံ၊ အင်း … ဟုတ်ကဲ့၊ နိဗ္ဗတ္တော်တွာ၊ ဟုတ်ရဲ့ ဘာလို့လဲ ဆိုတော့ နာဂဗလော ထာမ သမ္ပန္နော ဟုတွာလို့ ဇဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရဖူးတာကိုးဗျ။

တေ ။ ။ "အို … ကျွန်တော်က ပါဠိကို မသင်ခဲ့မိတာ နာတာပဲ ဆရာ"

ပယ် ။ ။ "ဆရာက တယ်တော်ကိုး ကျုပ်ဖြင့် …"

အပ် ။ ။ "အစစ်ပဲဟေ့ သူပြောတဲ့ စာတွေက နက်နဲလွန်းလို့ ငါတော့ ဘာပြောရမှန်း ကို မသိဘူး"

ထူး ။ ။ "ချီးမွမ်းတာလည်း ချီးမွမ်းကြတာပေါ့ဗျာ …၊ ပြောတာလေးလည်း တစ်ဆိတ်
mgyoe.com

mgyoe.com

နားထောင်ကြပါဦး။ အင်း ...၊ အဲဒီ အခုတင်က ပြောတဲ့ မိဿကဖြစ်တာတွေဟာက ဦးနှောက်ထဲမှာရှိတဲ့ သည်းခြေဆီကနေပြီး ခြင်ဆီရှိရာ အူထဲလျှောက်လာကြတော့ သရက်ရွက်၊ ပါဠိလိုတော့ အမ္ဗလ ဂူဇာဒီနီ လို့ခေါ်တဲ့ ဆီကိုရောက်လာပြီး သွေးကြောစုံတဲ့ခြေဖနောင့်ကို တစ်ခါရောက်လာပြန်တော့ အဲဒီခြေဖနောင့်ကိုတော့ အင်္ဂလိပ်လိုဆိုတော့ "အိုင်ဆေး" လို့ခေါ်တာပေါ့။ အဲဒီ အိုင်ဆေးဆိုတဲ့ ခြေဖနောင့်ဆီကိုတော့ သံဝါသဆိုတဲ့ မေထုန်ကြောက ဆက်ပြီး၊ အင်း သံဝါသဆိုတဲ့ မေထုန်ကြောကို အင်္ဂလိပ်လိုတော့ "ရန်ဒီ" ခေါ်တာပေါ့၊ စိန့်တိုင်း တရုတ်ဘာသာလိုဆိုတော့ တော်စိန်ခိုလို့ ခေါ်တာပေါ့။ အေးလေ ယောင်လို့ "ဟတ်က" လို့ ခေါ်တာပေါ့။ ပဿီလိုဆိုတော့ ဝက်သားလို့ ခေါ်တာပေါ့။ အေးလေ မေ့လို့ "ကိုလောစံ" ဟင် ဟုတ်သေးပေါင်၊ အင်းအင်း 'စူဝက်' လို့ ခေါ်တယ်။ ကြားလား ဒေါ်စံပယ်ရဲ့ သတိထားလည်း နားထောင်ကြဗျ။ အဲဒီ အခုပြောတဲ့ မိဿကဖြစ်တာဟာက ပါစက တေဇောလွှန်ပြီး ဖောက်ပြန်ခြင်းဖြစ်သဗျာ၊ အဲဒီလို ဖောက်ပြန်တာဟာ ဖန်ပျောက်လို့ဗျ။ အဲဒါကြောင့် ဖောက်ပြန် ဖောက်ပြန် ဖန်ပျောက် ဖန်ပျောက်။ ဟဲ့ ဖန်ပျောက် ဖန်ပျောက်။ ဟဲ့ ဖောက်ပြန် ဖောက်ပြန် [ဟု လက်ခုပ် ခပ်လေးလေးတီး၍ သံချပ်ထိုးသောအခါ မောင်ရွှေအပ်နှင့် မောင်ဘိုးချိန်တို့က လိုက်၍ဆိုကြစေ] အဲဒါဟာ ဒီသဘောပေါ့ဗျ။ နားထောင်ကြဗျ"

တေ ။ ။ "ကောင်းပါပြီ၊ နားထောင်ပါတယ် ဆရာ၊ နားထောင်ပါတယ်"

ထူး ။ ။ "ဖောက်ပြန်ခြင်းဖြစ်တော့ ဖန်ပျောက် ဖန်ပျောက်၊ ဖောက်ပြန် ဖောက်ပြန် အင်း အဲဒီသဘောပေါ့လဗျာ၊ ဂရုစိုက်နားထောင်ကြဗျ"

တေ ။ ။ "ထောင်ပါတယ် ဆရာ၊ ထောင်ပါတယ်"

ထူး ။ ။ "အဲဒီလိုဖောက်ပြန်ခြင်း ဖြစ်တာဟာက ဗဟိဒ္ဓိက ဆိုတဲ့ အတွင်းသဏ္ဌာန်မှာ ကေသာလောမာ ဆိုတဲ့ ရင်ညွန့်မှာ ကပ်ပြီး အာပေါငုပ် ဝါယောဆောင် တေဇောလွှန် ဥဏှ ပထဝီ ဓာတ်ပျက်ခြင်း ဖြစ်တာကိုး။ အဲ အကြောင်းရင်းကတော့ ဒါပဲ"

ပယ် ။ ။ "ဆရာပြောတာ ရှင်းပါပေတယ် ဆရာရယ်"

အပ် ။ ။ "ငါ့လခွေး တို့များ လျှာကတော့ အရိုးလည်းမရှိဘဲနဲ့ ဒီလိုပဲ မသွက်ဘူး၊ ဟော့ ရှင်စံပယ် မင်းက ဆရာ့အနား တော်တော်တိုးပါကွယ်၊ စက္ခုရုပ်နေ သံဝါသတွေ ဖြစ်ကုန်ပါ့မယ်။ ငါလည်း အိပ်မက်မကောင်းပါဘူး၊ ငါ့ဖေါက်စီ

mgyoe.com

mgyoe.com

လူခိုးစားတယ် မက်ပါတယ်"

တေ ။ ။ "ဆရာ့ထက် အပြောကောင်းတဲ့ ပုဂ္ဂိုလ်တော့ မရှိပါဘူး။ ဒါထက် ဆရာ၊ ဆရာပြောတဲ့အထဲမှာ တစ်ခုပဲ ကျွန်တော် မသဲကွဲတာရှိပါတယ်။ အဲဒီ မသဲကွဲ တဲ့အချက်ဟာ ဦးနှောက်ထဲမှာ သည်းခြေရှိတယ် ဆိုတဲ့ အချက်ပါပဲ၊ စင်စစ် ရှိရိုးရှိစဉ်ကတော့ သည်းခြေဆိုတာ အသည်းနားမှာ ရှိရတာပဲ၊ ဆရာပြောတော့ ဦးနှောက်ထဲ ရောက်နေလို့"

ထူး ။ ။ "အင်း ...၊ မိတ်ဆွေ ပြောတာလည်း တယ်မရိုင်းပါဘူး၊ ရှေးတုန်းကတော့ ဟုတ်သပေါ့။ အခုတော့ ဆုတ်ကပ်ထဲ ရောက်လာလို့ နေရာပြောင်းသွားပြီဗျ၊ ဒါကြောင့် အခုအခါမှာ ကျုပ်တို့ ဆေးကုရတာတောင် တစ်မျိုးလုပ်ကုနေရ တယ်"

တေ ။ ။ "ဩော် ...၊ ဒီအကြောင်းတော့ ကျွန်တော်က မသိပေဘူး ဆရာရယ်၊ မသိလို့ မေးမိတာ သည်းခံပါဆရာ"

ထူး ။ ။ "အို ...၊ ကိစ္စမရှိပါဘူး၊ စင်စစ်တော့ မိတ်ဆွေတို့ လူပိန်းတွေဆိုတာ ကျုပ်တို့ ပုဂ္ဂိုလ်ကြီးများလို နှံ့စပ်ရမယ်ဆိုလို့လည်း ဘယ်ဖြစ်နိုင်မလဲ"

တေ ။ ။ "မှန်ပါတယ်ဆရာ၊ ဒီဟာက ကျွန်တော်တို့အရာမဟုတ်ပေပဲကိုး၊ ဒါထက် ဆရာရယ် ဒီရောဂါအတွက် ဘာလုပ်ရမယ်ဆိုတာ တစ်ဆိတ် အမိန့်ရှိပါ"

ထူး ။ ။ "ဩော် ... ဘာလုပ်ရမယ်ဆိုတာ အမိန့်ရှိပါလား"

တေ ။ ။ "မှန်ပါတယ် ဆရာ"

ထူး ။ ။ "ကျုပ်လုပ်စေချင်တာကတော့ သူငယ်မကို အိပ်ရာထဲမှာပဲ ပြန်သိပ်ပြီးတော့၊ ငရုတ်သီး အစိမ်းများများ ကျွေးစေချင်တယ်၊ ကုလားအော်တို့၊ မိုးမျှော်တို့ ပေါ့လဗျာ"

တေ ။ ။ "ဘာကြောင့်ပါလဲ ဆရာ"

ထူး ။ ။ "အို ...၊ ငရုတ်သီးစိမ်းထဲမှာ ကျုပ်တို့ ဝါစင်္ဓာတ်ဆိုတာ ရှိတယ်၊ အဲဒီဓာတ် ဟာက အင်မတန် တန်ခိုးကြီးတယ် မိတ်ဆွေ၊ သတိမထားမိဘူးလား၊ ကြက်တူရွေးတွေ စကားပြောတတ်တာ ငရုတ်သီးစိမ်းသတ္တိပေါ့ဗျ၊ ရွှေခဲရေ ဆိုမှဖြင့် ကိုကိုနဲ့"

တေ ။ ။ "ဟုတ်လိုက်တာ ဆရာ၊ ပညာကြီးပါပေတယ် ဆရာ၊ ဟဲ့ ငရုတ်သီးစိမ်း မြန်မြန်ယူခဲ့ကြပါဟဲ့"

ထူး ။ ။ "မိန်းကလေး ဘယ်လိုနေတယ်ဆိုတာ ကျုပ် ညကျမှ လာကြည့်မယ်။

mgyoe.com

mgyoe.com

အခုပေးထားတဲ့ သီတ တေဇော ဖြစ်တဲ့ဓာတ်နဲ့ တည့်မတည့် သိရအောင် [နို့ထိန်းဘက်သို့လှည့်၍] မိတ်ဆွေ တစ်ဆိတ် သည်းခံပါဦးမိတ်ဆွေ၊ နို့ထိန်းကို ကျုပ် ဆေးနည်းနည်းပေးချင်တယ်"

ပယ် ။ ။ "ဘယ်သူ့လဲ ကျုပ်ကိုလား၊ ကျုပ် မာပါတယ်တော့်၊ ဘာမှမဖြစ်ပါဘူး၊ ဒါထက်များ မာရရင်ဖြင့် ..."

ထူး ။ ။ "သိပ်မာလို့ ခက်တာပေါ့၊ အကျန်းမာ လွန်ရင် ဥပဒ်ဖြစ်တယ်၊ နည်းနည်း သွေးဖောက်ပြီး နေထိုင်ကောင်းတဲ့ ဆေးကလေး ထိုးပေးလိုက်ရရင် မလွန်နိုင်ပါဘူး"

တေ ။ ။ "ဘယ့်နှယ်လဲ ဆရာရယ်၊ ဆရာ့နည်းက အဆန်းပါလား၊ လူမာရင့်မကြီး သွေးဖောက်ရမယ်လို့ တော်ပါ့မလား"

ထူး ။ ။ "သွေးဖောက်ပေမဲ့ မစိုးရိမ်ပါဘူး၊ ဒီနည်းက ဣရိယာပုထ် မျှတအောင် လုပ်တဲ့နည်းပေါ့၊ ဥပမာဆိုတော့ ရေမငတ်အောင် တင်ကြိုပြီး ရေသောက်ထားရသလိုပေါ့၊ ရောဂါကိုလည်း မဖြစ်ခင်က တင်ကြိုပြီး သွေးဖောက်ထားရတယ်ဗျ"

ပယ် ။ ။ "[ထွက်ပြေးလျက်] ကိုယ့်သွေးကိုယ်ဖောက်ပါလား၊ ဒါတွေကို ကျုပ်ဂရုမစိုက်ပါဘူး၊ ကျုပ်ကို တော်တို့ဆရာဝန်တွေ လက်တည့်စမ်းဖို့ ထားတာမဟုတ်ပါဘူး"

ထူး ။ ။ "ဒါဖြင့် ကျုပ်ဆေးကို ငြင်းသပေါ့၊ ကောင်းပြီ နောင်တော့ အကြောင်း သိမပေါ့၊ [ဦးတာတေဘက်သို့လှည့်၍] ကိုင်း ...၊ မိတ်ဆွေ ကျုပ်သွားပါဦးမယ်"

တေ ။ ။ "တစ်ဆိတ်ကလေး ထိုင်ပါဦး"

ထူး ။ ။ "ဘာအလိုရှိသေးလို့လဲ"

တေ ။ ။ "ဆရာ့ကို ခြေကြွခကလေး ပေးချင်လို့ပါ"

ထူး ။ ။ "[ဦးတာတေက ငွေအိတ်ကိုဖွင့်စဉ် လက်ဝါးကိုဖြန့်ကာ ခံလျက်] အို ... မယူပါဘူးဗျာ၊ မဟုတ်တာပဲ၊ မယူပါဘူး"

တေ ။ ။ "ယူပါဆရာရယ်"

ထူး ။ ။ "မယူပါဘူးဗျာ"

တေ ။ ။ "သည်းခံပါဆရာ"

ထူး ။ ။ "ဘယ်နည်းနဲ့မှ မယူပါဘူး"

တေ ။ ။ "တောင်းပန်ပါရစေ ဆရာ"

mgyoe.com

mgyoe.com

ထူး ။ ။ "ကျိစားနေတာလား"

တေ ။ ။ "မယူရင် ဘာဖြစ်မလဲဆရာ၊ ပေးဖို့ စေတနာပြဋ္ဌာန်းထားပြီးသားကို"

ထူး ။ ။ "ကျုပ်တော့ မယူဘူးလေ"

တေ ။ ။ "ဘယ့်နှယ် မယူရမှာလဲဆရာ့"

ထူး ။ ။ "အခယူပြီး ကျုပ်ဆေးကုတာ မဟုတ်ဘူး"

တေ ။ ။ "ဒါလည်း သိပါတယ် ဆရာ"

ထူး ။ ။ "[ငွေကိုယူပြီးနောက်] ဒီငွေစထဲမှာ အ,အများ ပါသလား"

တေ ။ ။ "မပါပါဘူးဆရာ၊ အကောင်းချည်းပါပဲ"

ထူး ။ ။ "တခြားဆရာဝန်တွေလို ကျုပ်ကြေးစားတာ မှတ်သလား"

တေ ။ ။ "အထူးပြောဖို့ မရှိပါဘူး ဆရာ၊ ယုံပါတယ်"

ထူး ။ ။ "ကျုပ်က ပရဟိတသက်သက်ကို မျှော်ကိုးပြီး မလုပ်ပါဘူး"

တေ ။ ။ "ဒီလို လုံးလုံးမထင်ပါဘူး ဆရာ"

♦ ♦ ♦

## [အခန်း – ၅]

### [မောင်ဘိုးထူး၊ မောင်ရွှေအုံးထ]

ထူး ။ ။ "[တစ်ကိုယ်တည်း ငွေစများကို ကြည့်လျက်] အင်း ... အဆော်ခံရပေမဲ့ တယ်တော့ မရိုင်းလှဘူး၊ တကယ်လို့ ..."

အုံး ။ ။ "ကျွန်တော် ဆရာ့ကို စောင့်နေတာ အတော်ကြာပါပြီဆရာ ကျွန်တော့်ကို တစ်ဆိတ် ကူညီစောင့်ရှောက်စေချင်ပါတယ်"

ထူး ။ ။ "[မောင်ရွှေအုံးကို သွေးစမ်းကြည့်ပြီးနောက်] အေး သွေးတိုးပုံ မကောင်းဘူး"

အုံး ။ ။ "ကျွန်တော် အဖျားအနာ မရှိပါဘူး၊ ဆေးကုခံဖို့ လာတာလည်းမဟုတ်ပါဘူး"

ထူး ။ ။ "အဖျားအနာမရှိဘူးဆိုလည်း အစက ပြောရောပေါ့ကွ"

အုံး ။ ။ "ကိုင်း ...၊ ဆရာ ကျွန်တော့်ကိစ္စကို တိုတိုနဲ့ ပြောရမှာဖြင့် ကျွန်တော့် နာမည်က မောင်ရွှေအုံးလို့ ခေါ်ပါတယ်။ ကျွန်တော်နဲ့ မညီစိမ့် ချစ်ကြိုက်နေကြပါတယ်။ သူ့ကို ဆရာ အခုပဲ ဆေးပေးလာခဲ့တယ်မဟုတ်လား။ သူ့အဖေကြီးက သဘောမတူလို့ ကျွန်တော် သူ့ဆီကို မဝင်မထွက်နိုင်ပါဘူး၊ အဲဒီ

mgyoe.com

mgyoe.com

တော့ ဆရာ စိတ်လည်းမရှိပါနဲ့ တစ်ဆိတ်လောက် ကျွန်တော်တို့ချစ်ရေးကြိုက်ရေးထဲမှာ ဝင်ပြီး ကျွန်တော့်အကြံတစ်ခုကို ဆောင်ကြဉ်းပေးစေချင်ပါတယ်။ ကျွန်တော့်အသက် စည်းစိမ်နှင့်တကွ ချမ်းသာသုခဟာ အကြံမအောင်ရင် ခက်ရပါလိမ့်မယ်"

ထူး ။ ။ "[စိတ်ဆိုးဟန်ဆောင်၍] ဟေ့ ...၊ နေပါဦး၊ ငါ့ကို ဘယ်သူမှတ်လို့လဲ မင်း တယ်စော်ကားတဲ့အကောင်ပဲ့လား၊ ကျွန်တော်တို့ ချစ်ရေးကြိုက်ရေးထဲ ဝင်ပြီး ကူညီပေးစမ်းပါတဲ့၊ ငါ့ကို ကာမပွဲစားမှတ်လို့လား၊ ငါ့ကို တဏှာ ဟိတအသင်းကော်မတီမှတ်လို့လား၊ ဆရာဝန်ကြီးတစ်ယောက်ဂုဏ်ကို မင်းက ချိုးလိုက်တာပေါ့လေ"

အုံး ။ ။ "ခပ်တိုးတိုးလုပ်ပါဆရာ၊ ခပ်တိုးတိုး ..."

ထူး ။ ။ "ဘယ်က ခပ်တိုးတိုးရမှာလဲ ကျယ်ကျယ်ပြောသကွာ၊ ဘာဖြစ်သေးသလဲ၊ မင်း တယ်စော်ကားတဲ့အကောင်ပါလား"

အုံး ။ ။ "အမယ်လေးဆရာရယ် သာယာညင်းပျောင်းပေါ့"

ထူး ။ ။ "ခွေးမျိုး"

အုံး ။ ။ "တောင်းပန်ပါရစေ ဆရာရယ်"

ထူး ။ ။ "မင်းက ငါ့ကို ဘာမှတ်လို့လဲ၊ ငါ့သတ္တိ သိအောင် လုပ်ပြရတာပေါ့ကွာ၊ စော်ကားလို့ ..."

အုံး ။ ။ "[ငွေအိတ်ကို ထုတ်၍ပေးလျက်] ဒီမှာဆရာ"

ထူး ။ ။ "[ငွေအိတ်ကိုယူလျက်] ဩော် ... ကျုပ် အကူအညီလိုချင်သလား၊ ကျုပ်က အထင်မှားလို့ပါ၊ အခုနင်က ပြောတာ မိတ်ဆွေကိုပြောတာ မဟုတ်ပါဘူး၊ မိတ်ဆွေက ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ပဲ မိတ်ဆွေတို့လို ဆိုတော့ ကိစ္စမရှိပါဘူး။ သို့ပေမဲ့ လောကကြီးမှာ လူတစ်ဖက်သားကို တစ်မျိုးတစ်မည်ထင်ပြီး ဟိုရှုပ်ဒီရှုပ် ရှုပ်တဲ့ အကောင်မျိုးတွေရှိတယ်၊ ဒီလို အကောင်မျိုးတွေကျတော့ ကျုပ်က ဟုတ်တဲ့အတိုင်း ပြောတာ၊ မခံချင်ဘူးပေါ့"

အုံး ။ ။ "ကျွန်တော်က ဖြုန်းစားကြီး ထင်မိထင်ရာ ပြောတာကိုလည်း သည်းခံ..."

ထူး ။ ။ "အဲဒါ အရေးမကြီးပါဘူး၊ အခု လာတဲ့ကိစ္စကိုသာ ပြောပါ"

အုံး ။ ။ "အခု ဆရာ့ကို အကုခိုင်းနေတဲ့ ဝေဒနာဟာလည်း တကယ့်ဝေဒနာ မဟုတ်ပါဘူး၊ အလကား ညာနေတာပါ၊ ဆရာဝန်တွေကလည်း အမျိုးမျိုး အကြောင်းပြကြတာပေါ့။ တချို့ကလည်း ဦးနှောက်မကောင်းလို့ဖြစ်တာတဲ့၊

mgyoe.com

mgyoe.com

တချို့ကလည်း အူရောင်လို့တဲ့၊ တချို့ကလည်း သရက်ရွက်ကြီးလို့တဲ့၊ သို့သော်လည်း အမှန်က 'သမုဒယ' ပေါ့၊ မကြိုက်တဲ့လူနဲ့ ပေးစားပစ်မှာ ကြောက်လို့ မညီစိမ့်မှာ ဒီလို (အ) ချင်ယောင်ဆောင်နေရတာပဲ ဆရာရဲ့၊ ဒါထက် ဒီမှာ ဆရာနဲ့ကျွန်တော် နှစ်ယောက် စကားပြောနေတာကို သူတို့ မြင်သွားရင် မကောင်းဘူး၊ လာပါ ဆရာ သွားရင်း ကျွန်တော်ပြောပါမယ်"

ထူး ။ ။ "ကောင်းပါပြီ မိတ်ဆွေ၊ ခင်ဗျားတို့ ချစ်ရေး ကြိုက်ရေးအကြောင်းကို ကြားရတာ အင်မတန်လည်း ကူညီချင်စရာ ကောင်းပါတယ်၊ အဲဒီတော့ မိတ်ဆွေ ကျုပ်ဆေးတွေလည်း အစွမ်းသား၊ ကောင်မလေးကို ကုလို့ ရရင်ရ မရရင်လည်း ကိစ္စတုံးပေါ့"

❐

mgyoe.com

mgyoe.com

# တတိယပိုင်း
## [အခန်း – ၁]

### [မောင်ဘိုးထူးနှင့် မောင်ရွှေအုံး]

အုံး ။ ။ "ဘယ့်နှယ်လဲဆရာ ကျွန်တော်လည်း ဆေးဆရာယောင်ဆောင်ရ မကောင်းဘူးလား။ သူ့အဖေကြီး ကျွန်တော့်ကို မြင်ဖူးတာမှ မဟုတ်ဘဲ၊ နှုတ်ခမ်းမွေးလေး ဘာလေးတပ်ပြီး ရုပ်ပြောင်းလိုက်ရင် မှတ်မိမယ် မထင်ပါဘူး"

ထူး ။ ။ "အို ... စိတ်သာချ မမှတ်မိဘူး"

အုံး ။ ။ "အဲဒီတော့ တခြားဟာတော့ မလိုပါဘူး၊ ကျွန်တော်တို့ တကယ်တတ်ထင်အောင် ရောပြီးပြောဖို့ ဆေးသံ ဝါးသံပါပါ ကြီးကြီးကျယ်ကျယ် စကားလေးခွန်းလောက် ပြောထားပါ"

ထူး ။ ။ "အို ...၊ မလိုပါဘူး၊ အဝတ်က ဆရာဝန်အဝတ်ဆိုလျှင် ပြီးတာပဲ၊ ကျုပ်လည်း မိတ်ဆွေလိုပဲ ဘာမှ သိတာမဟုတ်ဘူး"

အုံး ။ ။ "ဘယ့်နှယ်လဲ ဆရာရဲ့"

ထူး ။ ။ "ပေးချင်တဲ့ ကျိန်စာပေးပါ၊ ကျုပ်တော့ ဆေးအကြောင်းဆိုလို့ နကန်းတစ်လုံးတောင် မသိရိုးအမှန်ပါပဲ၊ မိတ်ဆွေဟာလည်း လူကြီးလူကောင်းတစ်ယောက်ဖြစ်လို့ ယုံကြည်ရမယ့်လူမို့လို့ ကျုပ်က ဖွင့်ပြောတာ၊ မိတ်ဆွေအကြောင်းကျုပ်ကို ဖွင့်ပြောသလိုပေါ့"

အုံး ။ ။ "အို ... ဒါဖြင့် မိတ်ဆွေဟာ တကယ် ဟိုဒင်းမဟုတ်"

ထူး ။ ။ "မဟုတ်ပါဘူး၊ ကျုပ်ပြောရင် ယုံပါ၊ ကျုပ်ကို အတင်းဆရာဝန် အလုပ်ခိုင်းလို့ လုပ်နေရတာဗျ၊ ကျုပ်ဟာ ဘယ်တုန်းကမှ ဒါလောက်တတ်ခဲ့ဖူးတာ

mgyoe.com

mgyoe.com

မဟုတ်ပါဘူး။ ကျုပ် ကျောင်းနေဖူးတာမှ သင်ပုန်းကြီးတန်းသာ ရောက်ပါတယ်။ ဒီလူတွေ ဘာများ စိတ်ရှုးပေါက်လာကြလို့ မသိဘူး။ ကျုပ်က ဆရာဝန် မဟုတ်ဘူးလို့ အတန်တန်ပြောရက်နဲ့ မရတော့ ဟယ် ငါဆရာဝန်လုပ်ရလို့ ငါနစ်နာတာမှ မဟုတ်ဘဲ၊ သူတို့နစ်နာတာဆိုပြီး ဖွတ်နှစ်ပြီး ဆရာဝန်လုပ်ရတာပဲ၊ မိတ်ဆွေကပြောတော့ ယုံချင်မှယုံမှာ၊ ဘယ်သူကများ ကျုပ်ကို ဆရာဝန်ပဲလို့ ပြောလိုက်တယ် မသိဘူး။ လူတိုင်းက တကယ့် ဆရာဝန်မှတ်နေကြတာပဲ၊ ကျုပ်အပေါ် ဘယ်လောက်များ အထင်မကြီးတယ် ကြီးတယ် မပြောနဲ့ ချွတ်ခနဲဆို ကျုပ်ဆီ ရောက်လာကြတာပဲ၊ ဒီလိုအတိုင်းသာ စားလမ်းချောင်မယ်ဆိုရင်တော့ ကျုပ်ဖြင့် ဒီဘဝမှာ ဆရာဝန်အဖြစ်နဲ့ပဲ အရိုးထုတ်တော့မယ် ကြံတယ်။ **အသက်မွေးတော့ အချောင်ဆုံးအလုပ်ပဲဗျာ၊ မှားတာလုပ်လုပ် မှန်တာလုပ်လုပ် ကျုပ်တို့တော့ မြတ်တဲ့ဘက်က ချည်းပဲ၊ မှားသွားလို့လည်း ကိုယ့်မှာ ဘာမှမနစ်နာဘူး ထင်သလို လုပ်နိုင်တာပဲ၊ ဖိနပ်ချုပ်သမားများမှာ သားရေတစ်စကို အလဟဿဖြတ်ပစ်လို့ မရဘူး၊ ကျုပ်တို့အလုပ်ကတော့ လူတစ်ယောက် အသက်များ သေသွားလို့ တစ်ပြားမှမကုန်ဘူး၊ ကျုပ်တို့ဆေးပေးမှားရင် ဘယ်တော့မှ ကျုပ်တို့ အပေါ်မှာ အပြစ်ချရိုးမရှိဘူး၊ သေတဲ့လူကိုသာ အပြစ်ချတာပဲ၊** အင်း ဆေးဆရာဝန်လုပ်ရလို့ ကောင်းတဲ့အချက်တစ်ခုကတော့ ကိုယ်ကုလို့ သေသွားတဲ့ လူတွေဟာ အင်မတန် သဘောကြီးကြတော့ တစ်ခါသေပြီးပြီဆိုမှဖြင့် ညည်းခြင်းညူခြင်း၊ တိုင်းခြင်းတာခြင်းမရှိဘူး အေးအေးနေကြတာပဲ"

အုံး ။ ။ "ဟုတ်ကဲ့ ဒီအချက်မတော့ သေပြီးသားလူများဟာက အတော်သဘောပြည့်ဝပေတာပေါ့"

ထူး ။ ။ "မယုံရင် မိတ်ဆွေရဲ့မြာကလေး အစတုံး စီရင်လိုက်ရမလား"

အုံး ။ ။ "ယုံပါတယ်ဆရာ၊ ဘုရားကို စူးပါစေ့ ယုံပါတယ် မလုပ်တော်မူပါနဲ့"

ထူး ။ ။ [မိမိဆီသို့ လူများ လာသည်ကိုမြင်၍] အလို ဟိုကလူတွေဟာ ကျုပ်ဆီကို လာတဲ့လူတွေပဲ ထင်တယ်၊ ကိုင်း ... မိတ်ဆွေလည်း မိတ်ဆွေ အချစ်တုံးကလေးရဲ့ အိမ်ဝက စောင့်နေနှင့်ပေတော့ ..."

◆ ◆ ◆

mgyoe.com

mgyoe.com

# [အခန်း – ၂]

## [ဦးရောင်နီ၊ မောင်ထွန်းလှနှင့် မောင်ဘိုးထူး]

နီ ။ ။ "ကျုပ်တို့သားအဖနှစ်ယောက် မောင်ထွန်းလှနဲ့ ကျုပ်နဲ့ သရာ့ဆီကို တွေ့ချင်လို့ လာပါတယ် သရာ"

ထူး ။ ။ "ကိစ္စက ဘယ်လို"

နီ ။ ။ "ဒီသူငယ့်အမေ မသက်ထားဆိုတာဟာ အိပ်ရာထဲက မထနိုင်တာ ခြောက်လတောင် ရှိပါပြီ"

ထူး ။ ။ [လက်ကိုဖြန့်၍ပိုက်ဆံတောင်းဟန်ဖြင့်] အဲဒီတော့ ဘာလုပ်ပေးစေချင်သလဲ"

နီ ။ ။ "အဲဒီတော့ သရာရယ် သရာတို့ အသုံးပြုတဲ့ သေးကလေး တစ်စက်နှစ်စက်လောက် လိုချင်ပါတယ် သူ့ကိုကုဖို့"

ထူး ။ ။ "ဆေးဆိုတာ အရမ်းပေးရတာမဟုတ်ဘူး၊ ပထမ ဘာဖြစ်တယ်ဆိုတာ သိရဦးမှပေါ့"

နီ ။ ။ "သူ့ရောဂါက ဝျှတ် (ကြွပ်) စွဲတာဆိုပဲ သရာရဲ့"

ထူး ။ ။ "ဝျှတ် (ကြွပ်) စွဲလို့တဲ့"

နီ ။ ။ "ဟုတ်ပါတယ် သရာရယ်၊ တစ်ကိုယ်လုံး ဘင်တွေထွက်ထားတာလည်း ရစရာ မရှိပါဘူး၊ ဘေးထဲကလည်း ကိုက်ပြီး ပိုက်ထဲ ညို့သကျည်းထဲက ရော ခေါင်းသိပ်ကိုက်တယ်ဆိုပဲ ဆရာရဲ့၊ ပြီးတော့ လည်ချောင်းထဲမှာလည်း ချွဲးစို့စို့ပြီး ကြက်သားတွေကလည်း နာ၊ ပျို့ချင်တာနဲ့ အန်အန်နေတယ်။ ဒီရောဂါတော့ သေးတွေ့တော့မယ် မထင်ပါဘူး သရာရယ်။ ကျုပ်တို့အရပ်ထဲမှာ သရာဆိုတဲ့ လူတစ်ယောက်ရှိလို့ ခေါ်ကုတာ ပိုက်ဆံကလေး ရှိဒမြလည်း ကုန်ပါပြီ၊ တစ်နေ့ကလည်း ဖရဲသီးနဲ့ ဘဲဥနဲ့ ဓာတ်စာကျွေးမယ် လုပ်လို့ အတော်ပဲ တောင်းပန်ထားရပါတယ် သရာရဲ့။ အခုလည်း ငရဲမီးကို မျိုးရမယ် ပြောနေပြန်ပြီ သရာရဲ့၊ အဲဒါမျိုးဆိုရင်တော့ ကိစ္စတုံးလိမ့်မယ် ထင်တာပဲ၊ ကျုပ်တော့ သိပ်ပြီး သိုးရိမ်တာပဲလေ၊ ဒီလိုပဲ သရာဝန်ကြီးတွေဟာ လူတွေ သတ်သတ်ပစ်တာ မရှေနိုင်ဘူးဆိုပဲ"

ထူး ။ ။ "[လက်ဝါးဖြန့်ခါ ဖြန့်ခါ ခံလျက် ပိုက်ဆံလိုချင်သည့်အမူအရာဖြင့်] လိုရင်းပြောပါလေ၊ စကားပိုတွေ သုံးမနေပါနဲ့"

mgyoe.com

mgyoe.com

နီ ။ ။ "လိုရင်းကိုတော့ ဘယ်လိုလုပ်ရမတုံးလို့ သရာ့ကိုမေးချင်တာပဲ"

ထူး ။ ။ "ခင်ဗျားပြောတာကို ကျုပ် နားမလည်သေးပါဘူး၊ ရှင်းရှင်းပြောစမ်းပါဦး"

လှ ။ ။ "ဒီလိုပါ သရာကြီးရယ်၊ ကျုပ်အမေဟာ ဖျားနေလို့ သေးပေးပါလို့ ငွေ ၁၅ ကျပ် ယူလာပါတယ်"

ထူး ။ ။ "ဩော် ... ဒီလိုလား၊ ဒီသူငယ်ပြောမှပဲ ရှင်းတယ်၊ ဒီလိုပေါ့၊ အင်း မင့်အမေ က ဂူဇွဲနေတယ်။ တစ်ကိုယ်လုံးလည်း ယားသတဲ့ ခြေသလုံးကြွက်သား တွေလည်း ကိုက်သတဲ့လား"

လှ ။ ။ "ဟုတ်ပါတယ် သရာ၊ ဟုတ်ပါတယ်၊ ကျုပ်လည်း မပြောတတ်လို့ပါ"

ထူး ။ ။ "နားလည်ပါပြီ၊ ဆရာ နားလည်ပါပြီ၊ မင့်ဘက ကိုယ့်ဟာကို ဘာပြောလို့ ဘာရောက်မှန်းမှ မသိဘဲကိုး၊ အဲဒီတော့ ဆေးလိုချင်သပေါ့"

လှ ။ ။"ဟုတ်ပါတယ် သရာ သေးပဲ လိုချင်တာပါပဲ"

ထူး ။ ။ "အေး ...၊ ဒါဖြင့် ဟောဒီ ထန်းလျက်ဖြူဆုပ်ကလေးကို ကျွေးလိုက်"

လှ ။ ။ "အညွှက်ဖြူသုတ်လား သရာရဲ့"

ထူး ။ ။ "အေးပေါ့ ဒါပေမဲ့ ဒီထန်းလျက်ဖြူဆုပ်က ဆေးစီရင်ထားတဲ့ ထန်းလျက် ဖြူဆုပ်ကွဲ့၊ ယမ်းစိမ်း၊ ဒုတ္ထာ၊ စမုံနက်၊ ကရဝေးဖာလာ၊ ဇီယာ၊ သိန္ဓော၊ ကစပြီး၊ ကြာမျိုးငါးပါးဝတ်ဆံ၊ ငါးကြီးအန်ဖတ်၊ အလိုကြူသိန္ဓော၊ လိပ် ကျောက်၊ ကလိုရိုဖောင်း၊ အိုင်ဒိုဖောင်း ပတ်ပိုး အစရှိတဲ့ အဖိုးထိုက် အဖိုးတန် ဆေးတွေနဲ့ ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန် သွန်ချပြန်တဲ့ ယုဂန် ထင်ရှား တောင်တော်ဖျားက ရထားယဉ်သာပေါ်မှာ သွားပြီး စီမံရတဲ့ ဆေးကွဲ့၊ သာမည အနုတ်စုတ် ကုပ်စုတ် မှတ်လို့လား"

လှ ။ ။ "ကျေးဇူးကြီးလှပါပြီသရာ၊ အခုပဲ သွားပြီး ချက်ချင်း အစားခိုင်းပါ့မယ်"

ထူး ။ ။ "အေး ...၊ သွားပေတော့၊ တကယ်လို့ သေများသေခဲ့လို့ရှိရင်လည်း အလောင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်ပါကွယ် ကြားလား"

◆ ◆ ◆

mgyoe.com

mgyoe.com

## [အခန်း – ၃]

### [မစံပယ်၊ မောင်ဘိုးထူးနှင့် မောင်ငှုအပ်]

ထူး ။ ။ "အလို ...၊ နို့ထိန်းဒေါ်စံပယ်ကြီးပါလား၊ တကယ်ပဲ ဒေါ်စံပယ်ရယ်၊ ဒေါ်စံပယ် မြင်စက စပြီး ကျုပ်တော့ ရင်ဝက မနေနိုင် ဖြစ်နေတာပဲ၊ ခင်ဗျားကို မြင်ရတဲ့ ရူပါရုံဟာ မိဿကဓာတ်ကလေးအကြောင်းပြုပြီး အဇ္ဈတ္တသဏ္ဍာန်မှာ ရာဂ ပုတ္တံ ဝိဇာယတိ ဆိုသလို အာရမ္မေ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ရှိလှပါတယ်"

ပယ် ။ ။ "ဘယ့်နှယ်လဲ ဆရာရယ်၊ ဒီလိုအင်္ဂလိပ်စကားတွေနဲ့ ရောပြောလို့ ဘယ်နားလည်နိုင်ပါ့မလဲ"

ထူး ။ ။ "ဒေါ်စံပယ်ရယ် တစ်ဆိတ်လောက် ဖျားစမ်းပါ၊ ကျုပ်ကို ချစ်သဖြင့် ဖျားစမ်းပါ၊ ဒေါ်စံပယ်ကိုသာ ကုရရင်တော့ ကျုပ်စိတ်ထဲမှာ လောကီစည်းစိမ်တကာမှာ အကြီးဆုံးပဲလို့ ထင်မှာပဲ"

ပယ် ။ ။ "ဖျားတော့ မဖျားပါရစေနဲ့ ဆရာရယ်၊ ပြောတာနဲ့ပဲ ကျေးဇူးကြီးလှပါပြီ"

ထူး ။ ။ "ဒေါ်ဒေါ်စံပယ်ရယ်၊ ဒေါ်စံပယ်ကို သနားလိုက်ပါဘိတော့တယ်၊ ဘာလို့ ဒီလို သဝန်ကြောင်ပြီး၊ ဒုက္ခပေးတဲ့လင်ကို ယူထားရသလဲ၊ ကွာပစ်လိုက်ပါ၊ ယောက်ျားတွေပေါလွန်းလို့ဗျာ အပုံ [ဆို၍ မိမိရင်ဘတ်ကို ပုတ်၍ပြစေ]"

ပယ် ။ ။ "ဒီလိုပေါ့ဆရာရယ်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးဆိုပဲ၊ မိမိကုသိုလ်ကံ အကျိုးပေးအတိုင်းပေါ့၊ ဘယ်တတ်နိုင်မလဲ"

ထူး ။ ။ "ဒါဖြင့် ဒီမန်းမနီး ရေဝေး အညာသား စံပဲ၊ ခွေးမျိုးက တစ်စောင့်တည်းစောင့်ကြည့်ပြီး ဘယ်သူနဲ့မှ စကားမပြောရအောင် ချုပ်တည်းတာကို ခံနေတော့မယ်ပေါ့"

ပယ် ။ ။ "အို ... ဆရာက ဒါလောက်တင် မြင်ရသေးလို့၊ ဒါထက်ဆိုးတော့မပေါ့"

ထူး ။ ။ "ဒီလို နေနိုင်တာများလည်း အံ့သြပါရဲ့ ခင်ဗျားလိုမိန်းမကို နှိပ်စက်လောက်အောင် ယုတ်မာတဲ့ကောင်များလည်း ရှိသေးသကိုး၊ အင်း ... ကျုပ်တော့ ခင်ဗျားအတွက်ဆိုရင် ပြောရစေတော့ ထဘီတောင်လျှော်ပေးမယ့် လူတစ်ယောက်ရှိတာကို သိပါရဲ့၊ ဒီလူဟာလည်း တယ်မဝေးပါဘူး ဒီနားတင်ပါပဲ၊ သြော် ... ဒီလို ချောလှတဲ့မိန်းမဟာ ဘယ်လိုဝဋ်ကြွေးကြောင့် ဒီလိုဆိုးတဲ့

mgyoe.com

mgyoe.com

ယုတ်မာတဲ့ နွားလက်ထဲ ရောက်နေရပါ့လိမ့်နော် ... စိတ်လည်း မရှိပါနဲ့ဗျာ... ခင်ဖျားလင်ကို ဒီလိုပြောလို့"

ပယ် ။ ။ "အို ... သူ့များတော့ ဒါထက်ပဲ ပြောထိုက်ပါသေးတယ်"

ထူး ။ ။ "အင်း ... ဟုတ်ကဲ့၊ သူ့ ဒီလိုဆိုထိုက်တာလည်း ဆိုထိုက်တာပေါ့၊ သို့သော် ခင်ဖျားအပေါ်မှာ မတော်တရော် ထင်တဲ့အတွက် ခပ်နာနာကလေး ဆုံးမလိုက်ရင် နေရာကျလိမ့်မယ် ထင်တယ်"

ပယ် ။ ။ "အို ... ကျုပ်ကသာ သူ့အကျိုးများ မလိုဘူးဆိုရင်တော်၊ ကျုပ်အပေါ်မှာ ဘယ်လောက်များ ဆိုးဦးမလဲ မသိဘူး"

ထူး ။ ။ "အဲဒီတော့ဗျာ ... ဒါလောက်တောင် ဆိုးလှတဲ့သတ္တဝါ မှတ်သွားအောင် လင်တစ်ယောက် ထပ်ယူပြလိုက်ပါလား၊ မိုက်လှတဲ့ခွေးမသား၊ အင်း ... ကုသိုလ်ကံထောက်မလို့ ဒေါ်စံပယ်က ကျွန်တော့်များ ရွေးချယ်တော်မူမယ် ဆိုရင်တော့ ..."

[ဤကဲ့သို့ ပြောနေသည့်အတောအတွင်း၌ မောင်ရွှေအပ်သည် နောက်မှ နားထောင်လျက် ၎င်းတို့နှစ်ဦးပြောသမျှကို အကုန်ကြားရပြီးနောက် မောင်ဘိုးထူးနှင့် မစံပယ်သည် တစ်ဖက်စီ ဝင်သွားကြစေ။ မောင်ဘိုးထူးမှာ ရယ်ဖွယ်ကောင်းအောင် လုပ်၍ ဝင်သွားစေ။]

◆ ◆ ◆

## [အခန်း – ၄]

### [ဦးတာတေနှင့် မောင်ရွှေအပ်]

တေ ။ ။ "ဟေ့ ... ရွှေအပ်ရယ်၊ တို့ဆရာဝန်များ ဒီမှာမမြင်ဘူးလားဟေ့"

အပ် ။ ။ "မြင်သပေါ့ဆရာ၊ သူတင် ဘာကမလဲ ကျုပ်မယားရောပေါ့"

တေ ။ ။ "ဘယ်မလဲကွဲ့"

အပ် ။ ။ "ဘယ်သိမလဲ ဘရဲ့၊ မြွေကိုက်လို့များ သေချင်သေနေမလား မသိဘူး"

တေ ။ ။ "အေးကွဲ့ ... ဘသမီး ဘာများလုပ်နေတုံး၊ သွားကြည့်လိုက်စမ်းပါ"

◆ ◆ ◆

mgyoe.com

mgyoe.com

## [အခန်း – ၅]

### [မောင်ဘိုးထူး၊ မောင်ရွှေအုံးနှင့် ဦးတာတေ]

တေ ॥ ॥ "အမယ်လေး ဆရာရယ် ... အခုပဲ ဆရာ့ကို မေးနေပါသေးတယ်"

ထူး ॥ ॥ "ဟုတ်ကဲ့ ကျုပ်လည်း၊ မိတ်ဆွေရဲ့အိမ်ကြီး သာသာယာယာရှိတာနဲ့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် ကြည့်နေတာပဲ၊ ဒါထက် လူနာ ဘယ့်နှယ်နေသလဲ"

တေ ॥ ॥ "ဆရာ့ဆေး ကျွေးပြီးကတည်းက ရောဂါတိုးလာတယ်"

ထူး ॥ ॥ "ဟာ ဒါဖြင့် နေရာကျပြီ၊ ရောဂါတိုးလေ ကောင်းလေပဲ၊ ဒါမှ ဆေးနဲ့တွေ့တာ"

တေ ॥ ॥ "ဆေးနဲ့ တွေ့တာကတော့ ဟုတ်ပါရဲ့ ဆရာ၊ ဒီလိုတွေ့နေတုန်းမှာပဲ မတော်တဆများ"

ထူး ॥ ॥ "အို ... ကိစ္စမရှိနိုင်ပါဘူးဗျာ မစိုးရိမ်ပါနဲ့၊ ကျုပ်မှာ ဒီဆေးတစ်လက်တည်း မဟုတ်ပါဘူး၊ တခြားဆေးတွေလည်း ရှိပါသေးတယ်။ ကျုပ်ဆေး ကျုပ်နိုင်ပါတယ်"

တေ ॥ ॥ "ဒါထက် ဆရာနဲ့ ပါလာတဲ့လူက ဘယ်သူလဲ"

ထူး ॥ ॥ [လက်ခြေဖြင့် ပြ၍ ဆေးဆရာဖြစ်ကြောင်း ပြောစေ] "အဲဒါ"

တေ ॥ ॥ "ဘယ့်နှယ် ဆရာရဲ့"

ထူး ॥ ॥ "သူဟာက"

တေ ॥ ॥ "အင်"

ထူး ॥ ॥ "သူ"

တေ ॥ ॥ "နားလည်ပါပြီ ဆရာ"

ထူး ॥ ॥ "မိတ်ဆွေသမီးအတွက် လိုတဲ့လူပေါ့"

◆ ◆ ◆

mgyoe.com

mgyoe.com

# [အခန်း – ၆]

[မစံပယ်၊ မညိုစိမ့်၊ ဦးတာတေ၊ မောင်ရွှေအုံးနှင့် မောင်ဘိုးထူး]

ပယ် ။ ။ "ဘရေ၊ ဟောဒီမှာ ဘ သမီး လမ်းလျှောက်ချင်လို့တဲ့"

ထူး ။ ။ "အင်း ...၊ လမ်းလျှောက်ရင် ကောင်းတယ်၊ ကိုင်း ... ဆရာရယ်၊ သူငယ်မကို သွားကြည့်ပြီး သွေးကလေး ဘာလေးများ စမ်းလိုက်ပါဦး၊ သူ့ရောဂါအကြောင်းကို ဆရာနှင့်ကျွန်တော် အခုပဲ တိုင်ပင်ကြသေးတာပ၊ [ထိုအခိုက်တွင် မောင်ဘိုးထူးသည် ဦးတာတေကို ဇာတ်ခုံတစ်ဖက်သို့ ခေါ်သွား၍ ဦးတာတေက မိမိသမီးနှင့် ဆေးဆရာအသစ်တို့ ဘာလုပ်နေသည်ကို ကြည့်လို၍လှည့်သည့်အခါတိုင်း မိမိဘက်သို့သာ အလှည့်ခိုင်း၍၊ ဦးတာတေ၏ ပခုံးပေါ်ကို လက်တစ်ဖက်တင်၍ သူ၏မေးစေ့ကို ကိုင်တွယ်ကြည့်ရှုပြီးလျှင် မပြတ်အောင် အောက်ပါအတိုင်း ပြောနေစေ]

"ဒီလိုလား မိတ်ဆွေရဲ့၊ ကျုပ်တို့ ဆေးဆရာဝန် အလုပ်ကပေမဲ့ အရှုပ်ကြီးလား၊ မိန်းမပဲဖြစ်ဖြစ်၊ ယောက်ျားပဲဖြစ်ဖြစ်၊ ဆေးကုသလို့ လွယ်မယ် မလွယ်ဘူးဆိုတဲ့ အကြောင်းဟာက အင်မတန်ခဲယဉ်းသိမ်မွေ့တာပဲ၊ တစ်ဆိတ်လည်း ဂရုစိုက်ပြီး နားထောင်ပါ၊ တချို့ကလည်း လွယ်တယ်၊ တချို့ကလည်း မလွယ်ဘူး ပြောကြသပ၊ ကျုပ်ကတော့ လွယ်လည်း လွယ်တယ်၊ မလွယ်လည်း မလွယ်ဘူးပဲ။ ဘာလို့ လွယ်သလဲဆိုတော့ မိန်းမတို့အဖို့ဆိုရင်တော့ပေါ့လေ၊ မိန်းမဆိုတာ အူတိုအမျိုးဆိုတဲ့အတွက် သဘောသေးပြီး၊ လောကုတ္တရာအလုပ်ထက် လောကီအလုပ်ကို မက်ထားကြတာကိုးဗျ၊ အဲဒီတော့ဗျာ ဒ္ဓတ္တပေါင် မင်းကြီးဟာ ပုဂံမှာရေချိုးတော့ ပဲခူးမှာ ဟိုဒင်းပေါ်တယ်ဆိုတာလည်း မိတ်ဆွေတို့ ကြားဖူးလို့နေမှာပဲ၊ အဲဒီတော့ ဒီလိုမိန်းမများနဲ့ ယောက်ျားများဟာ မတူရတာလည်း တခြားကြောင့်မဟုတ်ဘူးဗျ။ ကျုပ်တို့ သူရိယဆိုတဲ့ လမင်းကြီးဟာက သောကြာဂြိုဟ်လို့ခေါ်တဲ့ နေမင်းကြီးနဲ့ ကောင်းကင်မှာ စန္ဒြောသောရိ ဂရု ဘောမဆိုတဲ့ နက္ခတ်တွေနဲ့ ကသစ်မူတဲ့အခါမှာ ယုဂန္ဓိုရ်တောင်ထိပ်က ဂိဇ္ဈကုဋ်တောင်စွယ်စပ်ကြား အလျား ယူဇနာ ၅၀၀ အနံ ယူဇနာ ၁၀၀၀ ရှိတဲ့ အိုးစရည်းကဲ့သို့ အိုင့်ကြီးသော ဝမ်းရှိပြီး ရင်းပိန်ဖျားမောက်ကောက်သော နှာရောင်ရှိတဲ့ စုစကာပုဏ္ဏားတို့ပျော်ရာ နန္ဒဝန် ရေအိုင်ကြီးရှိတာကိုးဗျ၊ အင်း ... စကားမစပ်ပြောလိုက်ရဦး၊ အဲဒီရေအိုင်ကြီးမှာ ငါးမျှားလို့ တယ်ကောင်းဆိုပဲ မိတ်ဆွေ၊ အဲဒါတော့ရှိပါစေတော့လေ၊ ဒီအိုင်ကြီးက မြောက်စူးစူး တစ်ခေါ်လောက်သွားမိတော့ မီး၊ မီးခိုး၊

mgyoe.com

mgyoe.com
ပြာ၊ ချော်မြှုပ်တို့ ထွက်သော တောင်ကို မီးတောင်ဟု ခေါ်သည်ဆိုတဲ့ ရေတံခွန်ကြီးတစ်ခု ရှိတာကို၊ အဲဒီရေတံခွန်ကြီးဟာ သူရိယသိဒ္ဓန္တကျမ်းအလိုအားဖြင့် သူရိယ ဆိုတဲ့ လမင်းကြီးရဲ့ ဖမ်းစားခြင်းအရှိန်တည်းဟူသော အာကာသန သတ္တိကြောင့် သုဒ္ဓဓာတ်လွန်လို့ ဖြစ်ရတယ် ဆိုပဲ၊ အို ... ဒါကို အသေအချာ သိချင်တော့ဗျာ၊ မြောက်ဝင်ရိုးစွန်းအရပ်ကိုသွားပြီး ရှုဝံကြယ်ပေါ်မှာ ဆောင့်ဆောင့်ထိုင်ပြီး အနောက်မြောက်ထောင့်ကိုလှည့်ပြီး အသက်ခုနစ်ချက်အောင့်ပြီး ရှင်စဖိုည ကျွန်တော် မနေ့ဆိုတဲ့ စိန္တာမဏိ ဂါထာကို သုံးဆယ့်ခုနစ်အုပ်ရွတ်ပြီး သေးထိုင်ပေါက်လိုက်ရင် ဘာခံနိုင်မလဲဗျ။ ဥတိန္နမင်း ဆင်ဖမ်းလို့ မောတုန်းကတယောရိုက်ခဲ့တဲ့ထုံးပေါ့။ ဒေါ်ဆွဲမိတို့ အရပ်ရှည်တယ်ဆိုတာလည်း တစ်မျိုး ပုဂံကျွဲကြီးချိုလိမ်တာကလည်း တစ်မျိုးစီပေါ့လဗျာ၊ အဲဒီတော့ အချင်း ယူဇနာ တစ်သိန်းအပကားရွှေ၊ အတွင်းက ဖန်ဖြင့်ပြီးသော သဏ္ဌာန်အားဖြင့် လိမ္မော်သီးကဲ့သို့ ခပ်ပြားပြားရှိတဲ့..."

ညို ။ ။ "အို ... ကျွန်မတော့ သူကလွဲရင် ဖွဲနဲ့ ဆန်ကွဲချည်းပဲ"

တေ ။ ။ "ဟော ... ကျုပ်သမီး စကားပြောပြီ၊ အမယ်လေး တယ်စွမ်းတဲ့ဆေးပါလား ဆရာရဲ့၊ ကျေးဇူးတင်လိုက်တာ ဆရာရဲ့၊ ဘယ်လိုများ ကျေးဇူးဆပ်ရပါ့မတုံး"

ထူး ။ ။ "[နှဖူးကို ဟန်ပါပါ လက်နှင့်သုတ်၍ ဓာတ်ခုံပေါ်တွင် ဟိုမှ သည်မှ ရင်ကို ကော့ကာ လျှောက်ပြီးလျှင်] ဒီလိုအကုရခက်တဲ့ရောဂါမျိုး မတွေ့ဖူးဘူးဗျာ"

ညို ။ ။ "အဖေရယ် အခု ကျွန်မ စကားပြန်ပြောတတ်လာတာဟာ ကိုရွှေအုံးကလွဲရင် တခြား ဘယ်သူ့ကိုမှ မယူဘူးလို့ ပြောမလို့၊ အဖေ့လူကို ယူဖို့တော့ နောက်ထပ် မပြောနဲ့တော့ ပြောပေမဲ့ အလကားပဲ"

တေ ။ ။ "မဟုတ်ပါဘူး သမီးရဲ့"

ညို ။ ။ "ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကျွန်မတော့ ကျွန်မပြောတဲ့အတိုင်းပဲ"

တေ ။ ။ "ဘာတဲ့"

ညို ။ ။ "အဖေ ဘာပြောနေနေ အလကားပဲ"

တေ ။ ။ "ငါပြော"

ညို ။ ။ "ဘာမှ ငါတွေ ဘာတွေ ပြောမနေနဲ့ အဖေ၊ ကျွန်မ စိတ်ထဲမှာ ပိုင်းဖြတ်ပြီးပြီ"

တေ ။ ။ "ပိုင်းဖြတ်တာလည်း ပိုင်းဖြတ်တာပေါ့ဟယ်၊ ဒါပေမဲ့"

ညို ။ ။ "ဖခင်ဩဇာကြီးပေမဲ့၊ ကျွန်မဆန္ဒတော့ မဖျက်နိုင်ပါဘူး"

တေ ။ ။ "ငါလည်း"

ညို ။ ။ "အဖေ တတ်နိုင်သလို လုပ်တာပေါ့လေ"

mgyoe.com

mgyoe.com

တေ ။ ။ "ဒီမှာ"

ညို ။ ။ "အို ... ဒီမှာ ဟိုမှာတွေ မရှုပ်ပါနဲ့တော့၊ ကျွန်မအပေါ်မှာ ဇွတ်လုပ်လို့မရဘူး မှတ်ပါ"

တေ ။ ။ "မဟုတ်ဘူး သမီးရဲ့"

ညို ။ ။ "ဟုတ်တယ် အဖေရဲ့၊ အဖေ့လူတော့ မယူဘူး၊ မြဝတီချောင်သွားပြီး မယ်သီလ လုပ်မယ်"

တေ ။ ။ "တစ်ခုလည်း စဉ်းစား"

ညို ။ ။ "[ရှုးရှုကျယ်လောင်သော သံနေသံထားနှင့်] တစ်ခုလည်း မစဉ်းစား၊ နှစ်ခုလည်း မစဉ်းစားပါရစေနဲ့တော့ အဖေ၊ အပိုပါပဲ အဖေ့လေကုန်ရုံသာ ရှိမှာပါ။ အဖေ့လူ အဖေပဲယူပါ။ ကျွန်မတော့ မယူဘူး၊ မယူဘူးဆိုမှဖြင့် မယူဘူးပဲ"

တေ ။ ။ "အို ... သောက်သောက်လဲအောင် စကားတွေများလိုက်တာ၊ နားထောင်ရတဲ့လူ နားပွင့်ရတော့မယ်၊ ကိုင်း ... ဆရာရယ်၊ ဒါလောက်တောင် ရှိလှတာ သင်းကို ပြန်ပြီး (အ) အောင် လုပ်ပေးစမ်းပါဦးဗျာ"

ထူး ။ ။ "ဒီလိုတော့ မဖြစ်ဘူး၊ ကျုပ် တတ်နိုင်တာကတော့ မိတ်ဆွေကို နားပင်းအောင်သာ လုပ်တတ်တယ်၊ သဘောကျလား"

တေ ။ ။ "ကျေးဇူးကြီးလှပါပြီ ဆရာ ဒါဖြင့်"

ညို ။ ။ "အို ... အဖေ ဘာပြောပြော အလကားပဲ"

တေ ။ ။ "ဒီနေ့ညနေပဲ နင့်ကို ဘမြိုင်နဲ့ ပေးစားမယ်"

ညို ။ ။ "အို ... စိန်စား သေမယ်၊ သူ့တော့ မယူဘူး"

ထူး ။ ။ "တော်ကြပါလေ၊ တော်ကြပါ၊ ဒီအရေးကို ကျုပ် ဆုံးဖြတ်ပါရစေ၊ ဒါဟာလည်း ဝေဒနာတစ်မျိုးပဲ မိတ်ဆွေရဲ့၊ ကျုပ်တို့ဆေးကျမ်းအလိုတော့၊ မေစုနာရုံ၊ (ဝါ) မေစုန အာရုံလို့ ခေါ်သပ။ ဒီဝေဒနာမျိုးတော့ ကျုပ်က ကောင်းကောင်းကြီး ကုတတ်ပါတယ်"

တေ ။ ။ "ဩော် ...၊ ဆရာက ဒီလိုစိတ္တဇဝေဒနာလည်း ကုတတ်သလား၊ လုပ်စမ်းပါဦး ဆရာရယ်"

ထူး ။ ။ "ကောင်းပြီလေ၊ ကျုပ်ကြည့်ပြီး စီစဉ်ပါမယ်၊ ကျုပ်မှာ ဘာရောဂါမဆိုကုဖို့ ဆေးအမျိုးစုံရှိပါတယ်။ အင်း ...၊ ဒီဝေဒနာတော့ ဟောဒီ ကျုပ်တို့ ဆေးဆရာကပဲ ကြည့်ကုပါလိမ့်မယ် သူကမှ တကယ် ဆေးကောင်းတဲ့လူ ခင်ဗျားသမီးကို သူ့ဆေးနဲ့များ ထိုးလိုက်ရင်တော့ဗျာ ဘာပြောကောင်းမလဲ [ဆေး

mgyoe.com

mgyoe.com

ဆရာကိုခေါ်၍ စကားပြောစေ] ကိုင်း ... ဆရာ။ ဆရာမြင်တဲ့အတိုင်းပဲ သူ့ရည်းစား ကိုရွှေအုံးကိုချစ်တဲ့အာရုံဟာ အင်မတန်ပြင်းပြီး၊ သူ့အဖေစကား တောင် နားမထောင်နိုင်လောက်အောင် ဖြစ်နေပြီ။ ဒီတော့ ခပ်သုတ်သုတ် ကလေး စီမံမှဖြစ်မယ်၊ ဒီဝေဒနာမျိုးဆိုတာက တယ်ဆိုးတာ။ နေမြင့်လေ အရှူးရင့်လေ ဆိုသလိုဖြစ်နေရော့မယ်၊ အဲဒီတော့ ဆရာစွမ်းသလောက် မြန်မြန်သာ ဆောင်တော်ကူး အုပ်ဆေးကလေးနဲ့ အုပ်လိုက်ပါ။ ကျွန်တော့် သဘောအရဖြင့် တစ်နည်းပဲရှိတယ်၊ ခိုးရာလိုက်ဆေးနဲ့ ကြာခြည်ယံဆေး နှစ်လုံးလောက် ဖျော်တိုက်မှဖြစ်မယ်၊ အင်း ... သူကတော့ ဒီဆေးကို အဝင်ဆိုးသလေး ဘာလေးနဲ့ ငြင်းချင် ငြင်းမပေါ့၊ ဒါပေမဲ့ မိတ်ဆွေလည်း ဒီအလုပ်မှာ စွမ်းတဲ့လူတစ်ယောက်ပဲလေ။ ဒီဆေးဟာ ကမ္ဘာပေါ်ဦး တန်ခူး ရက်မစုံက ဆေးပဲ။ စားစမရှိသေးလို့ ကြောက်ရင် မျက်စိမှိတ်ပြီး အာမထိ လျှာမထိ မျိုချလိုက်လို့ ပြောရတာပဗျာ။ ကိုင်း ... ဒါဖြင့် မိန်းကလေးစိတ်ကို စမ်းသပ်ကြည့်ရအောင် ဥယျာဉ်ထဲကို တစ်ဆိတ်ခေါ်သွားလိုက်ပါ။ ကျုပ် သူ့အဖေကို ကြည့်ပြီး ပြောလိုက်ပါဦးမယ်။ အင်း ... ဒါပေမဲ့ အချိန်တော့ မဖြုန်းစေနဲ့နော် ဆေးကို ချက်ချင်းသာ ကျွေးလိုက် သေချာပေါက်သာ အုပ်လိုက်တာပေါ့ဗျာ"

♦ ♦ ♦

## [အခန်း – ၇]

### [ဦးဘာတေနှင့် မောင်ဘိုးထူး]

တေ ။ ။ "ခုတင်က ဆရာပြောတဲ့ ဆေးတွေက ဘာဆေးတွေလဲ ဆရာ။ ဒီဆေး နာမည်မျိုး တစ်ခါမှ မကြားဖူးပါလား"

ထူး ။ ။ "အို ... ဒီဆေးတွေက အပြင်းအထန်ဖြစ်တဲ့ ဝေဒနာတွေမှ ကုရတဲ့ဆေးမျိုးက လား"

တေ ။ ။ "ကျွန်တော့် သမီးလို စော်ကားတာမျိုး တွေ့ဖူးရဲ့လား ဆရာရယ်"

ထူး ။ ။ "သမီးဆိုတာ ဒီလိုပဲ၊ တစ်ခါတလေကျတော့ တယ်ခေါင်းမာတာမျိုးပဲ"

တေ ။ ။ "ဒီ ရွှေအုံးကို ဘယ်လောက် အသဲအမဲ စွဲလမ်းနေတယ်ဆိုတာ ဆရာက

mgyoe.com

mgyoe.com
သိမှ သိမှာ"
ထူး ။ ။ "အို ... လူငယ်တွေဆိုတာ သွေးပူရင် ဒီလိုဖြစ်တာပဲ"
တေ ။ ။ "အင်း ... ကျုပ်ကလည်း လူပါးပဲ၊ ဒီလိုသွေးပူလာတာကို သိတာနဲ့ တစ်ချက်တည်း အိမ်ထဲမှာ တံခါးပိတ်လိုက်တာပဲ"
ထူး ။ ။ "ဟာ ... ဒီလိုလုပ်မှပေါ့"
တေ ။ ။ "သူတို့ချင်း အဆက်အဆံ နည်းနည်းမှ မရှိရအောင်လည်း ကျွန်တော်က အထူး ဂရုစိုက်တာပဲ"
ထူး ။ ။ "အို ... ဟုတ်လိုက်တာ"
တေ ။ ။ "သူတို့ချင်းသာ တွေ့ခွင့်ရမယ်ဆိုရင်တော့ မဟုတ်မဟတ်တာတွေ လျှောက်လုပ်ကုန်မှာပဲ"
ထူး ။ ။ "အသေအချာပေါ့ မိတ်ဆွေ"
တေ ။ ။ "ကျုပ်သမီးက ခိုးရာကို တစ်ခါတည်း လိုက်ပြေးမှာပဲ ထင်တယ်"
ထူး ။ ။ "စိတ်ချ လိုက်မှာပဲ၊ မိတ်ဆွေ လိမ္မာပေလို့ပေါ့"
တေ ။ ။ "ကျွန်တော်လည်း သတင်းရပါတယ်၊ ဒီကောင်ကလည်း ကျွန်တော့်သမီးကို မတွေ့တွေ့ရအောင် ကြံနေတာပဲ ဆိုတာကို"
ထူး ။ ။ "အာဂ ခွေးမသားပဲ"
တေ ။ ။ "ဒါပေမဲ့ ဘာရမလဲဗျာ၊ သင်းတို့လောက် ပါးလို့"
ထူး ။ ။ "ဩော် ... ဩော်"
တေ ။ ။ "သင်းနဲ့တော့ မတွေ့စေရပါဘူး"
ထူး ။ ။ "သူ့လောက်လည်ရုံနဲ့ မိတ်ဆွေတို့က ဘာဂရုစိုက်မလဲ၊ သူ့အကြံက ဆန်ကောလောက်မှ စောက်မနက်ဘဲနဲ့၊ ပိုးစုန်းကြူးက လကိုပြိုင်၊ သည်ကမ္ဘာတွင် နိုင်နိုင်ရိုးလား"

♦ ♦ ♦

## [အခန်း – ၈]

### [မောင်ရွှေအပ်၊ ဦးတာတေ၊ မောင်ဘိုးထူး]

အပ် ။ ။ "ဘရေ တစ်ခါဖြင့် ပြီးရော၊ ဘသမီး ရွှေအုံးနဲ့ ထွက်ပြေးပါပကော၊ မှို
mgyoe.com

mgyoe.com

ဆေးဆရာယောင်ဆောင်လာတာ သူပေါ့ ဘရဲ့၊ ဒီဆရာဝန် လက်ချက်ပေါ့"

တေ ။ ။ "သယ် ... စော်ကားလို့၊ ဟဲ့ ...၊ ပုလိပ်ခေါ်ချေ၊ ဒီကောင် မပြေးစေနဲ့၊ သင်းကို ထောင်ချပစ်မယ်"

အပ် ။ ။ "ကိုင်း ... လာပေတော့ ဆရာဝန်ကြီးရယ်၊ ပြေးမယ်များမကြံနဲ့၊ ခြေလှမ်းလှုပ်ရင်တော့ အနှံလိုက်ပဲ"

♦ ♦ ♦

## [အခန်း – ၉]

### [မဂ္ဂမ်းဒုတ်၊ မောင်ဘိုးထူးနှင့် မောင်ရွှေအပ်]

ဒုတ် ။ ။ "ဘုရား၊ ဘုရား၊ ဒီတစ်ခါ ဒီနေရာလာရတာ စိတ်လေးလိုက်ပါဘိ ဘာများဖြစ်ချင်လို့ပါလိမ့်။ နေဦးတော့ ကျုပ်ပြောလိုက်တဲ့ ဆရာဝန် ဘယ့်နှယ်နေသလဲ"

အပ် ။ ။ "ရှိပါတယ်ဗျာ၊ အခုပဲ သူ့ကိုကြိုးပေးတော့မလို့"

ဒုတ် ။ ။ "အလို ကျုပ်လင်ကို ကြိုးပေးမလို့တဲ့၊ ကြိုးပေးရအောင် ကျုပ်လင်က ဘာအပြစ်များ လုပ်လို့လဲ"

အပ် ။ ။ "အေး ... ဒီဆရာဝန်က တို့ဘသမီးကို လူတစ်ယောက်နဲ့ထွက်ပြေးအောင် အားပေးကူညီလုပ်လို့ပေါ့"

ဒုတ် ။ ။ "အမယ်လေး၊ ကျုပ်လင်ကြီးရဲ့၊ ကို့ကို အခု ကြိုးပေးတော့မလို့ဆိုတာ အဟုတ်လားတော့်"

ထူး ။ ။ "အင်း ...၊ မင်း မြင်တဲ့အတိုင်းပေါ့ကွယ်"

ဒုတ် ။ ။ "ကို့ကို ဒီလူတွေ တစ်ပြုံကြီးရှေ့မှာ သတ်ကြမလို့တဲ့လား"

ထူး ။ ။ "ငါ ဘာတတ်နိုင်မလဲ၊ သူတို့သဘောပေါ့"

ဒုတ် ။ ။ "အမယ်လေး ...၊ ထင်းကိုပြီးအောင် ခုတ်ထားခဲ့ရင်လည်း ကျုပ်မှာ အတော်ကလေး သက်သာရာရဦးမယ်တော့်"

ထူး ။ ။ "သွားစမ်းကွယ် ကျုပ်ကို အသည်းကွဲအောင် လာလုပ်မနေစမ်းနဲ့"

ဒုတ် ။ ။ "မသွားနိုင်သေးဘူးတော့်၊ ကို့ကို အသေရဲအောင် ကျုပ်အားပေးရဦးမယ်။ ကို သေတာ မမြင်ရဘဲ ကျုပ် ဘယ်ကိုသွားနိုင်မှာလဲတော့်"

mgyoe.com

mgyoe.com

ထူး ။ ။ "အင်း ... ကောင်းပေ့ကွာ၊ ကောင်းပေ့"

♦ ♦ ♦

## [အခန်း – ၁၀]

[ဦးတာတေ၊ မောင်ဘိုးထူး၊ မဂျမ်းဒုတ်နှင့် မောင်ရွှေအပ်]

တေ ။ ။ "ဂါတ်ထဲက အင်စပက်တော် အခုပဲ လာလိမ့်မယ်၊ အဲဒီကျတော့မှပဲ အေး အေးချမ်းချမ်း လုံလုံခြုံခြုံနေပေတော့နော် ဆရာကြီး"

ထူး ။ ။ [ခေါင်းပေါင်းကို လည်ပင်းမှာတင်လျက်] "အမယ်လေး မိတ်ဆွေရယ်၊ တုတ်နဲ့ လေး ငါးချက်လောက် တွယ်ရရင် မပြီးသေးဘူးလားဗျာ"

တေ ။ ။ "မရဘူးလေ၊ ဥပဒေအတိုင်းပေါ့၊ ကျုပ်က ဘာတတ်နိုင်ဦးမှာလဲ"

♦ ♦ ♦

## [နောက်ဆုံးဖြစ်သော အခန်း – ၁၁]

[မောင်ရွှေအုံး၊ မညိုစိမ့်၊ မစံပယ်၊ မောင်ရွှေအပ်၊ ဦးတာတေ၊ မောင်ဘိုးထူးနှင့် မဂျမ်းဒုတ်]

အုံး ။ ။ "ကျွန်တော် အခု မောင်ရွှေအုံးအဖြစ်နဲ့ မညိုစိမ့်ကို ဦးထံ၌ပြန်အပ်ဖို့ ရောက်လာပါတယ်။ ပထမတော့ ထွက်ပြေးကြမလို့ပဲ ကြံမိပါတယ်။ သို့သော်လည်း ဒါထက်ကောင်းတဲ့နည်းကိုပဲ အသုံးပြုတော့မယ်လို့ ဆုံးဖြတ်ပြီး၊ ဦးရဲ့သမီးကိုလည်း ကျွန်တော် မခိုးရဲတော့ပါ။ တကယ်လို့ ယူရင်လည်း ဦးလက်ထဲက ဦးကိုယ်တိုင်က ပေးစားမှပဲ ယူပါတော့မယ်၊ ပြီးတော့ တစ်ခုလည်း သိစေချင်တာက၊ အခုပဲ ကျွန်တော် ဦးလေးဆုံးကြောင်းနဲ့ ကျွန်တော့်ကို အမွေပေးခဲ့ကြောင်း စာများရပါတယ်"

တေ ။ ။ "ဟုတ်ပါတယ်မောင်၊ မောင်၏ စိတ်သဘောကြီးပုံမျိုးဟာ တကယ်ပဲ မြင့်မြတ်ပါပေတယ်။ အဲဒီတော့ ကျုပ်တို့ကလည်း ထောက်ထားဖို့ သင့်ပေသပေါ့။ သို့ကလို ထောက်ထားတဲ့အတိုင်းလည်း သမီးမညိုစိမ့်နဲ့ပဲ သဘောတူပါတယ်"

mgyoe.com

ထူးm g y o e "အင်း... ဆေးဆရာဝန်ကြီးတော့ ကံကောင်းလို့ အကျိုးလိုလို့ ညှောင်ရေလောင်း ပထန်ကုလားနဲ့ မတွေ့တယ်"

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ပုံနှိပ်ရာဇဝင်

၁၉၃၃ ခုနှစ်၊ The Burma Book Club ၆၄ ဖရေဇာလမ်း၊ ရန်ကုန်က ထုတ်သည်။ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်တွင် ရိုက်သည်။ စာမျက်နှာ ၄၇ မျက်နှာ၊ စာအုပ်အရွယ်မှာ ၅.၅× ၈.၅ လက်မ။ အဖိုးမှာ ၆ ပဲ ဖြစ်သည်။

❐

mgyoe.com

mgyoe.com

# နိဒါန်း

ယခု မှိုး၍ ရေးသားလတ္တံ့သော ဝတ္ထုမှာ စင်စစ်အားဖြင့် ကြံဖန်၍ ရေးသားအပ်သော ဒဏ္ဍာရီဝတ္ထုမျိုး မဟုတ်၊ အင်္ဂလန်ပြည်တွင် လွန်ခဲ့ပြီးသော အနှစ် ခုနစ်ဆယ်ခန့်အခါက အကယ်ဖြစ်ပျက်သဖြင့် အကယ် ရုံးသို့ရောက်သော အမှု၏အကြောင်းဖြစ်လေသည်။ လောက တွင် ဖြစ်ပျက်နေပုံတို့မှာ စိတ်ကူးဖြင့် ရေးထားသော ဝတ္ထုတို့ထက်ပင် ဆန်းကြယ်သောအခါများလည်း ရှိလေသည်။

၎င်းအမှုမှာ မိန်းမများသည် လှချင်စိတ်၊ ပျို့ရွယ်ချင်စိတ်၊ ယောက်ျားတို့၏ ဘဝင်ကို ယိုဖိတ်စေလိုသော စိတ်များ ရှိလှသဖြင့် နောက်ဆုံး၌ အလိမ်ခံရပြီးလျှင်၊ ဒုက္ခရောက်ကြရသောအကြောင်းနှင့် ပတ်သက်သောအမှုဖြစ်လေသည်။ မြန်မာပြည်တွင်လည်း မည်သည့် အနုဆေးဆောင်လျှင် မျက်နှာပွင့်လင်းပြီး ယောက်ျားတို့ကြိုက်နှစ်သက် မည်၊ မည်သည့် ဆေးဖယောင်းတိုင်ထွန်းလျှင် လိုအပ်သော ယောက်ျား မှာ မဆိုင်းဘဲ ရောက်လာရမည်။ မည်သည့်ဆီမန်းကိုသောက်ပြီး ခုနစ် ရက်လောက် ဂူအောင်းလျှင် မိဖုရားလောင်းဖြစ်မည်၊ မည်သည့် ထမင်း ကို မန်းစားလျှင် မည်သည့်သိဒ္ဓိမြောက်မည် စသည်ဖြင့် လှည့်ပတ် ပြောဆိုကြသော လူသူတော်၊ စိန်ရောင်ခြည်၊ ဂဝံပတော့ အစရှိသည့် မှော်ဆရာယောင်၊ ရဟန်းယောင်ယောင်တို့၏ စကားကို လိုက်မှား၍ ဒုက္ခရောက်ကြရသည်ကို မကြာမကြာ ကြားသိရလေသည်။ အကြောင်း ကို စစ်လိုက်သော်၊ ထိုဆရာကျော်တို့၏အပြစ်က အနည်းငယ်သာ

mgyoe.com

mgyoe.com
ပါ၏။ လှချင်၊ ပျိုချင်၊ သိဒ္ဓိမြောက်ချင်သော မိန်းမတို့၏ အမြော်အမြင် သေးခြင်း အပြစ်က ပိုမိုလေသည်။

ဤမှီး၍ ရေးသားအပ်သောအမှုမှာ အင်္ဂလန်ပြည်၊ လန်ဒန်မြို့ ၌ဖြစ်ပွားသော်လည်း၊ မြန်မာများနှင့်လည်း များစွာသင့်လျော်ပေ၏။ သို့ရာတွင် အချိန်ကာလ နေရာဌာနနှင့် လူအမည်များမှာမူကား၊ အင်္ဂလိပ်အမည်များကိုပေးလျှင် မြန်မာတို့ဖတ်သောအခါ အနည်းငယ် ရှုပ်ထွေးနေရန်အကြောင်း ရှိလေသည်။ သို့ဖြစ်သောကြောင့် အင်္ဂလန် ပြည်ကို မြန်မာပြည်၊ လန်ဒန်မြို့ကို ရန်ကုန်မြို့၊ အင်္ဂလိပ်အမည်တို့ကို မြန်မာ၏အမည်များသို့ ပြောင်းကာ ရေးသားပါမည်။ လိမ္မာခြင်း၊ အမြင်ကျယ်ခြင်း၊ ပါးနပ်ခြင်း၊ နောင်တတရားရခြင်းနှင့် ပြည့်စုံကြစေ သတည်း။

မောင်ဝ

သိပ္ပံကျောင်း

၉.၁၁.၁၉၂၉

❐

mgyoe.com

mgyoe.com

## [အခန်း – ၁]

"အမြဲ လှအောင် လုပ်ပေးနိုင်သည်" ဟူသော ရွှေစာလုံးကြီးများကို ရန်ကုန်မြို့ *ဒါလဟိုဇီလမ်းရှိ ဆိုင်တစ်ဆိုင်၏ မျက်နှာစာ၌ ဆွဲထားသည်ကို လမ်းသွားလမ်းလာတို့ တွေ့မြင်ကြရလေ၏။ ၎င်းစာလုံးကြီးများကို တွေ့မြင်ကြရသော ယောကျ်ားကြီးငယ်တို့သည် ပြုံးသူကပြုံး၊ အမှုမဲ့အမှတ်မဲ့ ကျော်သွားသူက ကျော်သွား၊ အချင်းချင်း လက်တို့ကာ ရယ်သွားသူတို့ကလည်း ရယ်သွားကြလေ၏။

ဤကဲ့သို့ ယောကျ်ားတို့၏ ရယ်စရာ အလုပ်ခံရ၊ မထီမဲ့မြင်ပြုခြင်းကို ခံရသဖြင့် မျက်နှာငယ်နေရှာလှသော ရွှေစာလုံးကြီးများသည် မိန်းမကြီးငယ်တို့၏ စိတ်ကိုမူကား အမျိုးမျိုးလှည့်စားလျက်နေပေ၏။ သုသာန်သို့မြန်းခါနီး အဘွားကြီးတို့၏စိတ်တွင် ၎င်းစာလုံးကြီးများကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် 'ငါတို့မှာ ရှေးအခါကကဲ့သို့ ပြန်၍လှလာ၊ ပြန်၍ပျိုလာလျှင် ကောင်းလေစွ ကောင်းလေစွ' ဟူ၍ တွေးတောလျက် သွားကြကုန်၏။ အသက်အရွယ်နုနယ်၍ လှပသော အပျိုကလေးများလည်း ၎င်းစာလုံးကြီးများကို မြင်ကြရသောအခါ နောင်ကိုမအို၊ အလှမပျက်ဘဲ မိမိတို့ နဂိုအတိုင်း တစ်သက်လုံးရှိနေလျှင် လောကတွင် လူဖြစ်ကျိုးကြီးနပ်ပေပြီဟူ၍ စိတ်ကူးသွားကြကုန်၏။ ယောကျ်ားတို့၏ သရော်ခြင်းကို ခံရရှာသော စာလုံးကြီးများသည် မိန်းမတို့၏အားထားဖွယ်ရာကြီးဖြစ်လျက်နေ၏။

လူတို့၏စိတ်သည် မြင်ရကြားရရုံနှင့် တင်းတိမ်ခြင်းမရှိ၊ မြင်ကြားပြီးသည်၏ နောက်၊ သိလိုသောဆန္ဒတို့က တဖွားဖွားပေါ်**ပေါက်လာ**တတ်လေသည်။ ထိုဆိုင်ရှေ့မှန်အိမ်ကြီးများအတွင်း ခင်းကျင်းပြ၍ထား**သော နံ့သာဆီရေမွှေး**၊ ခေါင်းလိမ်းဆီ၊ အလှဆီ ပုလင်းများကို စောင်းမြောင်းကာ ချောင်း၍ကြည့်**သွားသူ မိန်းမတို့က** မရှား။ ဆိုင်ရှေ့တွင်

* မဟာဗန္ဓုလလမ်း

mgyoe.com

mgyoe.com
ရပ်ကြည့်ကာ မျက်စိအရသာကိုခံစားပြီးလျှင် မိမိတို့ပြန်၍ ပျိုလာ လှလာပါက မည်သို့ကြွား လိုက်မည်၊ မည်သို့ မော်လိုက်မည်၊ မည်သို့ပျော်လိုက်မည်ဟူ၍ စိတ်ကူးထုတ်သူတို့က လည်း မရှားနှင့် ဆိုင်ရှေ့တွင် စည်ကားလျက်ရှိနေပေ၏။

ထိုဆိုင်ရှေ့မျက်နှာစာတွင် ခင်းကျင်းပြသထားသော အလှဆီပုလင်း၊ ရေမွှေးပုလင်း တို့၏ အဖိုးများကို ကြည့်သောအခါ တစ်ပုလင်းလျှင် ရွှေဒင်္ဂါး သုံးလေးပြားခန့် ပေးရမည် ကို တွေ့မြင်ကြရလေ၏။ အခြားဆိုင်တို့တွင် ရောင်းချသော ရေမွှေးအလှဆီတို့၏ အဖိုးနှုန်း ထက်ကား အဆပေါင်းများစွာ ပိုမိုလျက်နေ၏။ အဖိုးကြီးခြင်းသည်သာလျှင် ထိုပစ္စည်း တို့၏ အမျိုးမှန်ကြောင်းကို သက်သေခံသည်ဟု အယူရှိကြ၏။ ငွေကြေးများစွာ မကြွယ်ဝ သော မိန်းမတို့မှာ မိမိတို့၏ နဂိုရုပ်ထက် ပိုမိုလှလာနိုင်ရန် တတ်နိုင်တော့မည်မဟုတ်ဟူ၍ စိတ်ပျက်ပျက်နှင့်ပင် ထိုဆိုင်ရှေ့မှ ထွက်ခွာသွားကြရရှာ၏။ ငွေကြေးပေါသော ဂုဏ်ရည် တန် မိန်းမတို့ကမူကား သည်တစ်သက်ဖြင့် အကွက်ကောင်းနင်းမိပြီဟူ၍ တွေးတော ဝမ်းမြောက်ကာ ပြန်ကြလေ၏။

ထိုနံ့သာဆီ၊ အလှဆီ၊ ရေမွှေးတို့ကို မြင်ကြပြီးသည့်နောက် ၎င်းတို့၏ အကြောင်း ကို စုံစမ်းလိုသောစိတ်များ ပေါ်ပေါက်၍ လာပြန်၏။ ဆိုင်ထဲဝင်ကာ ဆိုင်ရှင်ဖြစ်သော အသက်ခြောက်ဆယ်ခန့်ရှိ အဒေါ်ကြီးထံတွင် ဝင်ရောက်စုံစမ်းကြကုန်၏။ ထိုဆိုင်ရှင် အဒေါ်ကြီးသည် ထိုလာရောက်စုံစမ်းသူတို့အား မိမိ၏အလှဆီ၊ အလှရည်တို့၏ တန်ခိုး ပြောပြလိုက်ရုံမျှမက ထိုဆေးတို့၏အစွမ်းသတ္တိအကြောင်းများကို ရေးသားပုံနှိပ်ထားအပ် သော စာရွက် စာအုပ်တို့ကိုပါ ပေးကမ်းလိုက်လေ့ရှိ၏။

ထိုစာရွက်တို့ကို ဖတ်ကြရသော လှလိုသူ ပျိုလိုသူတို့စိတ်တွင် စမ်းလိုသော စိတ်များ ပေါ်ပေါက်၍လာပြန်၏။ များမကြာမီမှာပင် ထိုဆိုင်ကြီးအတွင်း မိန်းမ အပျို အအိုတို့ဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်ကြရကုန်၏။ အလှဆိုင်တည်းဟူသော နတ်စင် တွင် ရန်ကုန်မြို့ရှိ ဂုဏ်ရည်တန် မိန်းမပျို၊ မိန်းမအိုတည်းဟူသော နတ်ကိုးကွယ်သူတို့မှာ ငွေစက္ကူတည်းဟူသော ခဲဖွယ်တို့ဖြင့် နေ့စဉ်ရက်ဆက် ပသ တင်မြှောက်လျက် နေကြလေ သတည်း။

❐

mgyoe.com

mgyoe.com

## [အခန်း – ၂]

ဤအလှဆိုင်ရှင် အဒေါ်ကြီးသည်၊ ဇာတိအားဖြင့် ဒေဘားဒီမကြီးဖြစ်လေသည်။ မန္တလေးတွင် ကြီးသူဖြစ်သောကြောင့်၊ မြန်မာစကားကို မြန်မာတို့ထက်ပင် သွက်သွက်လက်လက် အချက်ကျကျပြောဖို့နိုင်၏။ ၎င်း၏စကားကို ကြားရသူမှန်သမျှ ချီးမွမ်းကြသူချည်း ဖြစ်လေသည်။ ပုံပန်းသဏ္ဌာန်မှာကား ပုပုဝဝ အချိုးအစားမကျ၊ နှာရောင်ကောက်ကောက်၊ လမ်းလျှောက်သောအခါ၌ လေးလံ၏၊ အလွန်စူးရှ ကောက်ကျစ်သော မျက်လုံးများလည်း ရှိလေသည်။ အသံလည်း စာ၏။ ၎င်း၏ရုပ်ကို ကြည့်ခြင်းအားဖြင့် "ဤမျှလောက် အရုပ်ဆိုးသောမိန်းမသည်၊ သူတကာအား လှအောင်လုပ်ပေးနိုင်သော အစွမ်းရှိသည်" ဆိုရာမှာ ယုံနိုင်ဖွယ်အကြောင်းမရှိ၊ သို့သော် ထိုဆိုင်သို့သွားရောက်ကြသော မိန်းမများ၏စိတ်ကို လှလိုချောလိုသော ပယောဂစိတ်များက ဖုံးလွှမ်းနေသောကြောင့် ထိုအချက်ကို မမြင်ရှာကြချေ။ "သတိမမူ၍ ဂူမမြင်ခြင်း" ဖြစ်ပေ၏။

အကယ်၍ အဒေါ်ကြီး ငယ်စဉ်က အဖြစ်အပျက်တို့ကို ကောင်းစွာ သိရှိကြမူကား၊ ၎င်းအပေါ်၌ ဤမျှယုံကြည်ကြမည်မဟုတ်ပေ။ ငယ်စဉ်ကပင် မိဘများ သေဆုံးသွားသောကြောင့် အလွန်ဆင်းရဲစွာ မန္တလေးမြို့တွင်ပင် ကြီးပြင်းလာရရှာ၏။ အသက် ၁၅ နှစ်အရွယ် အပျိုပေါက်ကလေးဖြစ်လာသောအခါ၊ မောင်သာမြတ် ဆိုသူ အသက်သုံးဆယ်ခန့်ရှိ လှည်းသမားနှင့် အိမ်ထောင်ကျလေသည်။ အိမ်ထောင်ကျစက မိမိအမည်မှာ မအမိနာ ဖြစ်၏။ သို့သော်လည်း လူအများကမူကား 'မဂျမ်းပုံ' ဟူ၍ ခေါ်ဆိုကြလေသည်။ ထိုအခါကစ၍ 'မဂျမ်းပုံ' တွင်လေ၏။

မောင်သာမြတ်မှာလည်း ဤမယားကို ရပြီးသည့်နောက် ရှေးကကဲ့သို့ စိတ်အေးအေး မနေရ၊ မိန်းမ၏ဆူခြင်း ပူခြင်း ဆောင့်ခြင်းတို့ကိုသာလျှင် နေ့စဉ်ရက်ဆက် ခံရရှာ

mgyoe.com

mgyoe.com
၏။ ရိုးသားဖြောင့်မတ်၍ စကားနည်းသောသူဖြစ်သောကြောင့် မယားညဉ်းဆဲသမျှကို အောင့်၍ခံရှာသည်မှာ သုံးနှစ်ခန့် ကြာလေ၏။ မဂျမ်းပုံနှင့်ပေါင်းဖက်၍ သုံးနှစ်မျှကြာပြီး ဖြစ်သော်လည်း တစ်နေ့မှ နားအေးရသည်မရှိ၊ နောက်ဆုံး၌ စိတ်ညစ်လှသောကြောင့် စိတ်အေးရာ အေးကြောင်း ဧရာဝတီမြစ်ထဲတွင် ဆင်း၍ သေရှာလေ၏။

မောင်သာမြတ် သေဆုံးပြီးနောက် တစ်လခန့် ကြာသောအခါ မောင်စံလှ ဆိုသူ ရေထမ်းသမားတစ်ယောက်နှင့် ရပြန်၏။ မောင်စံလှမှာလည်း မယား၏နှုတ်သီးကို မခံမရပ်နိုင်သောကြောင့် စွန့်၍ပြေးရှာပြန်၏။ (နှုတ်သီးထက်လျှင် လင်ယောက်ျားတို့ ပြေးတတ်လေသည်။ သတိထားရန်ကောင်းလှ၏) မောင်စံလှနှင့် ကွဲပြီးနောက် အားကိုးရာ မဲ့သဖြင့် ငါးရောင်းကာ အသက်မွေးရရှာ၏။ ငါးရောင်းရာမှာလည်း ပါးစပ်စွာလှသော ကြောင့် မိမိထံတွင် မည်သူမျှမဝယ်လိုကြသဖြင့် တစ်နေ့လုံးလုံးရောင်းပါမှ တစ်မူးတစ်မတ် အမြတ်ရရန် များစွာခဲယဉ်းပေ၏။ အားကိုးအားထားစရာ ဆွေမျိုးကလည်း မရှိ၊ လုပ်ကိုင် စားသောက်၍လည်း အပေါက်လမ်း မတည့်သောကြောင့် အတိဒုက္ခလှလှကြီးရောက်နေ သည်မှာ နှစ်ပေါင်းသုံးဆယ်ခန့်ပင် ကြာခဲ့လေ၏။ ဤသို့တွင်းဆုံးကျအောင် ဆင်းရဲစွာ အသက်မွေးနေရာမှ အလွန်ချမ်းသာသောအခြေအနေသို့ ရောက်ရန် အကြောင်းတစ်စုံတစ်ခု ပေါ်ပေါက်၍လာလေ၏။

တစ်နေ့သ၌ အလွန်ပြင်းထန်သော အဖျားရောဂါ စွဲကပ်သဖြင့် မန္တလေးမြို့ အစိုးရ ဆေးရုံသို့ တက်ရရှာ၏။ ဆေးရုံတွင် ဆရာဝန်က ဆံပင်ရိတ်ရန် ပြောသောအခါ အသက် ပင်ကြီးသော်လည်း မိမိဆံပင်ကို များစွာစုံမက်သူဖြစ်သောကြောင့် မဖြတ်ပါရစေနဲ့ ဆရာ ရယ်၊ ဆံပင်မရှိ ခေါင်းတုံးကြီးနဲ့ နေရတာ မတင့်တယ်ပါဘူး။ သေရင်သာ သေရမယ်၊ ဆံပင်ကိုတော့ မဖြတ်ပါရစေနဲ့ဟု တောင်းပန်ရှာ၏။ ဆရာဝန်ကလည်း လူမမာ စိတ် ချမ်းသာစေရန် "အို ... ဘာမှမကြောက်ပါနဲ့ အဒေါ်ကြီး၊ ဆရာ့မှာ ဆံပင်သန်တဲ့ဆေး ကောင်းကောင်းရှိတယ်၊ ဆရာ့ဆေးကိုထည့်ရင် အခုထက်ပဲ ပိုပြီးတော့ ဆံပင်ကောင်းဦး မယ်။ ဖြတ်သာဖြတ်လိုက်၊ ဘာမှမပူနဲ့" ဟု ပြန်ပြောလေ၏။ ခေါင်းရိတ်ပြီးသည့်နောက် များမကြာမီအတွင်းမှာပင် ယခင်ကထက် မည်းနက်သောဆံပင်တို့သည် အစဉ်အတိုင်း ပေါက်၍လာကြ၏။ ထိုအခါ များစွာဝမ်းမြောက်သောကြောင့် ဆရာဝန်ထံတွင် ဆံပင်သန် သော ဆေးနည်းကို တောင်း၏။ ဆရာဝန်ကလည်း မိမိဆေးကြောင့် ဆံပင်သန်သည် မဟုတ်။ အလိုအလျောက်ပင် အစဉ်အတိုင်း ပေါက်လာသည်ဟူ၍သာ ပြန်ပြောရ၏။ (ဆရာဝန်၏ စကားသည် မှန်၏။ ဆံပင်တို့ မည်သည်မှာ ရိတ်လိုက်လျှင် ပိုမို၍သန်တတ် လေသည်။) ထိုနေ့မှစ၍ ဒေါ်ဂျမ်းပုံသည် ငွေရလမ်းကြီးကို ထင်လင်းစွာ တွေ့မြင်ရလေ
mgyoe.com

သတည်း။ မိန်းမတို့၏ လှချင် ပျိုချင် စိတ်တို့ကို ဆွပေးခြင်းအားဖြင့် ငွေတွင်းတူးရန် ကြံစည်စပြုလေ၏။ ကြံစည်သည့်အတိုင်းလည်း ဆောင်ရွက်၏။

လက်ဦးအစကတည်းကပင် မိမိချထားသော ငါးစာတွင် လာရောက်၍ စားကြသည့် မိန်းမတည်းဟူသော ငါးမိုက်တို့မှာ လွန်စွာပေါများ၏။ သို့ရာတွင် ၎င်းတို့မှာ ဆင်းရဲသောသူများဖြစ်ကြသောကြောင့်၊ ချမ်းသာရာလမ်းမမြင်၊ မန္တလေးမြို့ထက် ရန်ကုန်မြို့တွင် ဥစ္စာပစ္စည်းကြွယ်ဝသူတို့ ပေါများကြောင်းကို သိသဖြင့်၊ ရန်ကုန်သို့လာကာ ကြံစည်ရန်အလို့ငှာ တဖြည်းဖြည်း ကြေးငွေစုဆောင်းလျက်နေ၏။ သုံးနှစ်ခန့်ကြာသောအခါ ရန်ကုန်မြို့၌ မိမိလိုအပ်သော ဆိုင်မျိုးတည်ရန် ငွေလုံလောက်စွာ စုမိလေ၏။ ရှိသမျှငွေတို့နှင့် ရန်ကုန်မြို့သို့ ဆင်းလာလေသတည်း။ ဒေါ်ဂျမ်းပုံ ရန်ကုန်သို့ရောက်၍ မျှားမကြာမီ အတွင်းမှာပင် အထက်ဖော်ပြခဲ့ပြီးသော ရွှေစာလုံးကြီးများသည် ဒါလဟိုဇီလမ်းတွင် ထင်ရှားလျက်နေလေ၏။

ထိုအခါမှစ၍ ဒေါ်ဂျမ်းဘုံ၏အလှဆိုင်ကြီး၌ သူဌေးကတော်၊ သူဌေးသမီး၊ ပွဲစားကြီးကတော်၊ ပွဲစားကြီးသမီး၊ ကုန်သည်ကြီးကတော်၊ ကုန်သည်ကြီးသမီး၊ အစိုးရအမှုထမ်းကတော်၊ အစိုးရအမှုထမ်းသမီး အစရှိသော ဂုဏ်ရည်တန် မိန်းမပျို အအိုတို့ဖြင့် စည်ကားလျက်နေ၏။ ဒေါ်ဂျမ်းပုံလည်း မိမိဉာဏ်ကို အချက်ပိုင်ပိုင် သွက်သွက်ကြီး လှည့်ကာနေလေ၏။ အချို့ကို ချိုချိုသာသာ ချစ်ဖွယ်ရာ ပျော့ပျောင်းစွာ ပြောဆို၏။ ဤသူတို့ကား မိမိလှည့်ပတ်၍ ရမည့်သူတို့တည်း။ တချို့ကိုမူကား မောက်မောက်မာမာ ကြောက်လန့်ဖွယ်ရာ တိုတိုတောင်းတောင်း ပြောလေ့ရှိ၏။ ၎င်းတို့ကား မိမိအား မယုံကြည်မည်ဟူ၍ ထင်ရသောသူတို့တည်း။ (လူသူတော်၊ စိန်ရောင်ခြည်၊ ဂ◌ံပတော့တို့၏ဉာဏ်မျိုး ဖြစ်လေသည်။)

ဒေါ်ဂျမ်းပုံအား ငွေကြေးမှန်မှန် ပေးနိုင်သမျှကာလပတ်လုံး ဒေါ်ဂျမ်းပုံ၏ မျက်နှာသည် ပြုံးရွှင်လျက်ရှိ၏။ မိမိလိုသလောက် ကြေးငွေကို မပေးနိုင်သည်နှင့်တစ်ပြိုင်နက် မိမိ၏ ခက်ထန်သော သဘောကိုပြလေ့ရှိသည်။ မိန်းမလိမ်၊ မိန်းမညာ အစစ်ကြီးပင်တည်း။ ဒေါ်ဂျမ်းပုံ၏အညာ၊ အညှဉ်းတို့ကို ခံကြရသောသူတို့သည် တစ်နေ့တခြား ပေါများလာ၏။ သို့ရာတွင် မိမိတို့၏အညာခံရသော အဖြစ်အပျက်တို့ကို သူတကာသိမည်ကို ရှက်ကြသဖြင့် ပါးစပ်ပိတ်ကာ နေကြရှာ၏။ ဒေါ်ဂျမ်းပုံ၏လှည့်စားခြင်းကို ခံကြရသော မိန်းမများ အနက်၊ အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးရှိ မလှမေဆိုသူ မုဆိုးမတစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။ တစ်နေ့တွင် မလှမေသည်၊ ဒေါ်ဂျမ်းပုံထံသို့လာ၍ မိမိအား ရှေးကကဲ့သို့ပြန်၍ လှလာရန် လုပ်ပေးပါမည့်အကြောင်း ပြောပြလေ၏။

mgyoe.com

mgyထိုအခါ ဒေါ်ဂျမ်းပုံက “အို … မပျိုမှာ မလှမှာ မစိုးပါနဲ့ အဒေါ်ရှိပါပကော၊ စိတ်သာချပါ။ ပျိုလာ လှလာစေ့မယ်၊ မလှလာ မပျိုလာဘူးဆိုရင် ပိုက်ဆံတစ်ပြားမျှ မပေးနဲ့၊ အို … ကုန်ကုန်ပြောလိုက်မယ်လေ၊ အဒေါ်ကတောင် ပြန်လျော်ဦးမယ်”

မေ ။ ။ “ကောင်းလိုက်တာ အဒေါ်ရယ်၊ သည်လိုဆိုရင် ဘာပြောစရာရှိမလဲ၊ ယုံကြည်လို့လည်း အဒေါ့်ဆီကို လာတာပေါ့၊ ဘယ်လောက်ကုန်ကုန် လှလာမယ်ဆိုရင် ကျွန်မ မစေးနဲ့ပါဘူး”

ပုံ ။ ။ “အေးအေး …၊ အဒေါ်တို့ တူမတို့ မိန်းမဆိုတာ ရုပ်ချောတာဟာ လောကစည်းစိမ်ကြီးတစ်ခုပေါ့၊ ရုပ်ချောပြီဆိုမှဖြင့် လိုချင်တာကို ရနိုင်တယ်၊ သိဒ္ဓိမြောက်တယ်ဆိုပါတော့၊ ယောက်ျားဆိုတဲ့ ငနဲတို့ကလည်း ရုပ်ချောမှကြိုက်ချင်ကြတယ်။ ရုပ်မချောဘူးဆိုမှဖြင့် သူတို့စကားထဲတောင် ထည့်မပြောချင်ကြဘူး။ ရုပ်ချောတယ်ဆိုရင် သူကခေါ်ချင် ငါကခေါ်ချင်၊ သူကပိုး ငါကပိုး၊ ပန်းလှလှမွှေးမွှေးကလေးကို ပျားတွေဝိုင်းအုံနေကြတာလိုပဲ၊ အဒေါ်နဲ့တွေ့တဲ့နောက် မလှမှာမစိုးပါနဲ့၊ စိတ်ချပြီးနေ၊ သို့ပေမဲ့ စရိတ်တော်တော်ကုန်မယ် တူမကြီးရဲ့”

မေ ။ ။ “ပြောသာပြောပါ၊ အဒေါ်ရယ် အားမနာပါနဲ့၊ လှသာ လှလာပါစေ၊ ငွေအတွက် ဝန်မလေးပါဘူး။ ကျွန်မ ပေးပါ့မယ်”

ပုံ ။ ။ “အင်း …၊ တစ်ခွန်းတည်း မှန်မှန်ပြောမယ်၊ သူများလို ချွဲမနေချင်ပါဘူး၊ ဈေးဆွဲနေပေမဲ့ အလကားပဲ တူမကြီးရဲ့၊ ငွေတစ်ထောင်လောက်တော့ ကျမယ်”

မေ ။ ။ “အမလေး …၊ များလှချေကလား အဒေါ်၊ ကျွန်မက တစ်ရာလောက်နဲ့ ရမယ်ထင်တယ်၊ ကျွန်မ သိပ်မချမ်းသာဘူး အဒေါ်ရဲ့”

ပုံ ။ ။ “ဘယ်ရနိုင်မလဲ တူမကြီး၊ ဒါ့ကြောင့် အစက အဒေါ်မပြောလား။ စရိတ်က သိပ်ကုန်ကျတယ်။ အမှန်တော့ ငွေတစ်ထောင်ဟာတောင် အဒေါ်စားဖို့ မကျန်ဘူး။ ငါ့တူမ လိမ်းဖို့ အလှဆီ၊ အလှရည်တို့ဟာလည်း ရဖို့ရာ အင်မတန်မှခဲယဉ်းတာကလား၊ တစ်ပုလင်းလောက်ရဖို့ရာ ငွေ ဘယ်လောက်ကုန်တယ်ဆိုတာ တူမကြီးတို့ မသိဘူးနော်၊ ဘယ်ဆိုင်မှာမှ မရနိုင်ဘူး၊ ဂျာမနီကို တိုက်ရိုက်လူလွှတ်ပြီးဝယ်ရတယ်။ ဂျာမနီအစိုးရက သည်အလှဆီမျိုး နိုင်ငံခြားကို မရောက်ရအောင် အင်မတန် ဂရုစိုက်တယ်၊ ဂျာမန်အစိုးရမသိအောင် တိတ်တိတ်ဆိတ် ဆောင်ယူခဲ့ရတယ်။ ဘယ်သူ့ကိုမှလည်း မပြောနဲ့ အစိုးရကြားသွားမှာ

mgyoe.com

mgyoe.com

ကိုလည်း စိုးရိမ်ရသေးတယ်၊ အဒေါ်က မေတ္တာဖြစ် ငွေတစ်ထောင်နဲ့ လုပ်ပေးမယ်ဆိုတာ၊ ဈေးဦးပေါက်ဆိုပါတော့၊ အဒေါ့်ကို မယုံလို့လား"

မေ ။ ။ "အို ... မယုံလို့ မဟုတ်ပါဘူး အဒေါ်ရယ်၊ ယုံလို့သာ အဒေါ့်ဆီကို လာတာပေါ့၊ ကျွန်မဆီမှာ ငွေမရှိလို့ ပြောတာပါ။ ကျွန်မ ချမ်းသာရင် ငွေတစ်ထောင်မကလို့ နှစ်ထောင်ပဲဖြစ်ဖြစ်၊ သုံးထောင်ပဲဖြစ်ဖြစ် ပေးဖို့ မကြောက်ပါဘူး။ ကျွန်မကို သနားသဖြင့် လျှော့ပါဦး အဒေါ်ရယ်"

ပုံ ။ ။ "တယ် ခက်တာကိုး၊ ကိုင်း ... တစ်ဝက်ခပဲ ယူမယ်၊ ငါးရာနဲ့ လုပ်ပေးတယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့ ကြားလား၊ သူများ မေးရင် တစ်ထောင်ပေးရတယ်လို့သာ ပြောပေတော့၊ အရှုံးနဲ့ပဲ လုပ်ပေးလိုက်မယ်လေ။ တူမကြီးလည်း လှရော အဒေါ်အတတ်လည်း ကြော်ငြာသလိုဖြစ်ရော"

မေ ။ ။ "ကျေးဇူးတင်လိုက်တာ အဒေါ်ရယ်၊ အဒေါ့်ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။ လှအောင်သာလုပ်ပေးပါတော့။ မနက်ဖြန်ကို ငွေငါးရာယူခဲ့ပါ့မယ်"

ပုံ ။ ။ "အို ... စိတ်သာချ၊ မလှမှာ မပူနဲ့၊ 'လှဦးမယ်' လို့သာ စိတ်ကူးသွားပေတော့"

မေ ။ ။ "ပြန်ဦးမယ် အဒေါ်ရယ်၊ မနက်ဖြန်ကို ဆက်ဆက်လာခဲ့မယ်"

ပုံ ။ ။ "ကောင်းပြီ"

နောက်တစ်နေ့တွင် ငွေငါးရာကိုင်ကာ ဒေါ်ဂျမ်းပုံဆိုင်သို့ ရောက်လာ၏။ ထိုငွေငါးရာအနက် သုံးရာခန့်မှာ ချစ်တီးထံမှ ချေးလာသော ငွေများဖြစ်လေသည်။ ဒေါ်ဂျမ်းပုံလည်း ထိုနေ့မှ အစပြု၍ မလှမေအား လှအောင် ပြုလုပ်ပေးလေတော့၏။ မှောင်ချထားသော အခန်းထဲတွင် နေ့တိုင်း နေ့တိုင်း သုံးနာရီခန့် ဝင်နေရ၏။ ထို့နောက် အလှဆီ၊ အလှရည်၊ ရေမွှေးတို့ဖြင့် လိမ်းကျံပေး၏။ တစ်လခန့်ကြာခဲ့သော်လည်း ရှေးကထက် ပိုမို၍မလှဘဲ နဂိုအတိုင်းပင် ရှိနေသေးကြောင်းကို တွေ့မြင်ရသောအခါကျရောက်မှ ဒေါ်ဂျမ်းပုံအား မသင်္ကာသောစိတ် ပေါ်ပေါက်၍လာ၏။ ပေါ်ပေါက်သည့်အတိုင်း ဒေါ်ဂျမ်းပုံအား အကြောင်းပြောပြပြီးလျှင် ငွေပြန်တောင်း၏။

ထိုအခါ ဒေါ်ဂျမ်းပုံလည်း မိမိ၏နဂိုသဘောကို ဘွင်းဘွင်းကြီး ထုတ်ဖော်၍ပြတော့၏။ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မလှမေကို စိန်းစိန်းကြည့်ပြီးလျှင် မိမိဆိုင်မှ ချက်ချင်းထွက်သွားရန် ပြော၏။ ဤသို့နှင်၍ မထွက်သွားသောအခါ

"ညည်း တယ်တော်တဲ့ မိန်းမပါကလား ဟင်၊ ကျုပ်တို့ကို တစ်လတိတိ ဒုက္ခပေးပြီးတော့ ပိုက်ဆံပြန်လိုချင်သလား၊ သနားလို့ ငါးရာနဲ့လည်း လုပ်ပေးသေးရဲ့၊ အရင်ကတော့ ကျေးဇူးမမေ့ပါဘူးလေး ဘာလေးနဲ့၊ တယ် ကျေးဇူးသိတတ်တဲ့ မိန်းမပါကလား၊ သည့်လို

mgyoe.com

mgyoe.com

ကျေးရူးကန်းတဲ့ မိန်းမဟာ ဘယ်တော့မှ ကောင်းစားမှာမဟုတ်ဘူး။ သိရဲ့လား အမိ၊ တယ် မပြောချင်တော့ပါဘူး၊ ငါ့အိမ်က ယခု ဆင်းမလား မဆင်းဘူးလား ... ပြော၊ ဆွဲချရမလား၊ ဆင်းဆို ဆင်းနော် တယ် ...."

မေ ။ ။ "ဟေ့ ... စကားများများ မပြောနဲ့၊ ငါ့ကို ငွေပြန်ပေးမလား မပေးဘူးလား၊ တစ်ခွန်းတည်းပြော"

ပုံ ။ ။ "မပေးဘူးဟေ့ ... မပေးဘူး၊ ငါ့ကို ဘာထင်သလဲ မဆင်းသေးဘူးလား ငါ့အိမ်က"

မေ ။ ။ "ဟဲ့ သူခိုးမ၊ နင် ငါ့ငွေပြန်ပေး၊ ရုံးသွားမယ် သိကြရောပေါ့"

ပုံ ။ ။ "အောင်မယ် အမိ၊ ရုံးသွားမယ် ဟုတ်လား၊ ကြောက်လိုက်တာဟယ်"

မေ ။ ။ "သွားမယ်ဟဲ့၊ ရုံးမှာ နင့်အကြောင်းတွေကို အားလုံးဖော်လိုက်မယ် သိရဲ့လား"

ပုံ ။ ။ "သွားပါ၊ သွားလေ ... အခုသွား၊ ကျုပ်က သာလို့တောင် ကြိုက်သေးတယ်၊ ပိုက်ဆံမကုန်ဘဲနဲ့ ကြော်ငြာတောင်ရသေးရဲ့"

မေ ။ ။ "သွားမယ်ဟဲ့ ... သွားမယ်၊ သိကြရောပေါ့ သည်တစ်ခါ"

ပုံ ။ ။ "ရုံးမှာ အမိရုပ်ချောချောကို သွားပြမလို့လား"

မေ ။ ။ "ပြမယ်ဟဲ့၊ ငါ့ငွေကိုပြန်မပေးရင်"

ပုံ ။ ။ "ညည်း မိုက်လို့ ငွေငါးရာပေးပြီးတော့ ပြန်လိုချင်သေးသလား"

မေ ။ ။ "ဟေ့ စကားများများမပြောနဲ့ သူခိုးမ"

ပုံ ။ ။ "မပေးဘူးဟဲ့ အရူးမ၊ အမိုက်မ၊ အရုပ်ဆိုးတဲ့လူ လှလာတယ်လို့ နင် ကြားဖူးရဲ့လား၊ နင့်လောက်မိုက်တဲ့မိန်းမ ကမ္ဘာမှာ ရှိသေးသလား၊ တရားသူကြီးက ရယ်တော့မပေါ့။ သတင်းစာတွေကလည်း ဘယ့်ကလောက် ရေးလိုက်မလဲလို့၊ ကိုင်း ... သွားလေ သွားပါ၊ ညည်းရူးပုံတွေကို ရုံးမှာ သွားဖော်မလို့လား"

မေ ။ ။ "ငါ့ငွေ ပြန်မပေးဘူးလား၊ ပေးမလား"

ပုံ ။ ။ "မပေးဘူးဟေ့ မပေးဘူး၊ ညည်း မျက်နှာပြောင်တိုက်ဝံ့ရင် ရုံးသွားပါလား၊ ဟား ... ဟား" ဆိုကာ ရယ်မောလေ၏။

မလှမေသည် မျက်နှာညှိုးငယ်စွာနှင့် ဆိုင်မှထွက်ခွာသွားရလေ၏။ ဒေါ်ဂျမ်းပုံ ထံသို့လည်း သမ္မန်စာ ရောက်မလာချေ။ မလှမေမှာ ငွေငါးရာ ရှုံးသည်ထက် မိမိရူးမိုက်ကြောင်းကို တိုင်းပြည်က သိမည်စိုးသောကြောင့် အသာငုံ့ခံရရှာလေ၏။ သနားဖွယ်။

□

mgyoe.com

mgyoe.com

# [အခန်း – ၃]

ဒေါ်ဂျမ်းပုံသည် မိမိထံသို့ ရောက်သူတို့ထံမှ ငွေညှာယူလိုက်သည်နှင့် တင်းမတိမ်သေး။ ၎င်းတို့၏ လင်သား ဆွေမျိုးတို့အား ဖော်ပြောလိုက်မည်ဟု ခြိမ်းခြောက်ကာလည်း ငွေကိုညှစ်ယူလေ့ရှိသေး၏။ ဤသို့ ငွေညှစ်ယူခြင်းကို ခံရသော မိန်းမများအနက် အသက်ငါးဆယ်ခန့်ရှိ ပွဲကတော်ကြီး ဒေါ်ရွှေမိလည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။ ဒေါ်ရွှေမိမှာ ရန်ကုန်မြို့တွင် အလွန် လူအသိများသူဖြစ်လေသည်။ ရှင်ပြုပွဲတိုင်း၊ နားထွင်းပွဲဟူသမျှတွင် ဒေါ်ရွှေမိ မပါလျှင် မစည်ကားသကဲ့သို့ ဖြစ်နေတတ်ပေသည်။ ဘုရင်ခံကပင် ဒေါ်ရွှေမိတို့ဇနီးမောင်နှံကို မကြာမကြာဖိတ်၍ ညစာ ကျွေးမွေးလေ့ရှိ၏။ ဂျူဗလီဟောတွင် ပွဲရှိတိုင်း ရှေ့ဆုံးမှနေ၍ အခြွေအရံတို့နှင့်ဝိုင်းဖွဲ့ကာ သွားရောက်ကြည့်ရှုလေ့ရှိ၏။ ဒေါ်ရွှေမိ၏ဂုဏ်သတင်းသည် ရန်ကုန်မြို့ တစ်မြို့လုံး ပျံ့နှံ့လျက်ရှိနေ၏။

ကုသိုလ်ကံ မကောင်းသောကြောင့်လော၊ ပွဲကြည့်ဖန်များသဖြင့် အအိပ်ပျက်လွန်းသောကြောင့်လော မသိ၊ ဒေါ်ရွှေမိအား အဖျားရောဂါ စွဲကပ်လေ၏။ ဆရာဝန်ကောင်းများနှင့် ကုသသောကြောင့် တစ်လအတွင်း ကျန်းမာ၍လာ၏။ သို့သော် ရေးကကဲ့သို့ကား အသားအရေ ပြည့်ပြည့်တင်းတင်းမရှိ ပိန်လျက် မှန်ထဲတွင် မိမိရုပ်ကို တွေ့မြင်ရသောအခါ စိတ်ပျက်ခြင်းကြီးမက စိတ်ပျက်မိပေ၏။ အကယ်၍ ရှေးကကဲ့သို့ အသားအရေတို့မှာ စိုစိုဖပ်ဖပ်နှင့် ပြန်၍လှလာလျှင် ကောင်းလေစွဟု တောင့်တ၏။ မိမိ ယောကျ်ားမှာလည်း ဤသို့ဝဝဖြိုးဖြိုးတွေ့မြင်ရလျှင် များစွာဝမ်းမြောက်နှစ်သက်ပေလိမ့်မည်ဟု တွေးတောကာ လေထဲတွင် တိုက်အိမ်ဆောက်လျက်နေ၏။ ဤသို့ တွေးတောစိတ်ကူးခိုက် ဒါလဟိုဇီလမ်းဆိုင်တစ်ဆိုင်တွင် "အမြဲလှအောင် လုပ်ပေးနိုင်သည်" ဆိုသော စာလုံးကြီးများကို တွေ့မိ၏။ ချက်ချင်းပင် ရထားကို အပြင်ခိုင်းပြီးလျှင် ဒေါ်ဂျမ်းပုံ၏ဆိုင်သို့ သွားလေ၏။

mgyoe.com

mgyoe.com

ဆိုင်သို့ရောက်လျှင်ရောက်ချင်း ဒေါ်ဂျမ်းပုံအား မိမိ၏ဆန္ဒကို ပြောပြ၏။

ဒေါ်ဂျမ်းပုံလည်း ရှေးကနည်းအတိုင်း ဧည့်ခံပြီးလျှင် သုံးလေးရက်အတွင်း ရှေးကကဲ့သို့ လှပလာအောင် ပြုလုပ်ပေးမည်ဟူ၍ အာမခံ၏။ ထိုနေ့မှာပင် ငွေတစ်ထောင်လက်ငင်းပေးကာ ဒေါ်ဂျမ်းပုံ၏ အကုအသကိုခံ၏။ နောက်လည်း နေ့စဉ်ရက်ဆက် မိမိယောက်ျား ပွဲစားကြီးအိမ်မှာ မရှိခိုက်၊ ဒေါ်ဂျမ်းပုံဆိုင်သို့ သွားလေ၏။ ပွဲစားကြီးကိုလည်း ဤအကြောင်းကို မပြောပြ။

သွားတိုင်းသွားတိုင်းလည်း မိမိ၏စိန်လက်စွပ်ကြီးများကို ဝတ်လျက်သွား၏။ ဤလက်စွပ်ကြီးတို့ကို မြင်ရသောအခါ ဒေါ်ဂျမ်းပုံ၏စိတ်၌ ၎င်းလက်စွပ်ကြီးများ မိမိလက်တွင်းသို့ ရောက်ရန်ကြံစည်စိတ်ကူး၏။ လေးရက်မြောက်သောနေ့၌ ဒေါ်ရွှေမိသည် ထိုဆိုင်တွင် ရေမွှေး၊ နံ့သာဆီတို့ဖြင့် ရေချိုးနေခိုက် မိမိ၏လက်စွပ်တို့ကို အင်္ကျီအဝတ်အစားတို့နှင့်အတူ ရေချိုးခန်းအပြင်ဘက်တွင် ချွတ်၍ထားခဲ့၏။ ရေမိုးချိုး နံ့သာဆီများ လိမ်းကျံပြီး၍ အပြင်သို့ထွက်လာသောအခါ မိမိလက်စွပ်များကို ရှာ၍မရသဖြင့် အံ့အားသင့်ကာ ပျာယီးပျာယာနှင့် ဒေါ်ဂျမ်းပုံအား အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ ဒေါ်ဂျမ်းပုံလည်း မျက်နှာတည်တည်နှင့် "သူခိုး ခိုးသွားပြီ ထင်ပါရဲ့" ဟု အရေးမကြီးသကဲ့သို့ ပြန်ပြောလေ၏။ ဒေါ်ရွှေမိလည်း ဒေါ်ဂျမ်းပုံ၏မျက်နှာကို မြင်လျှင် မသင်္ကာသောကြောင့် "သူခိုးဟာ ညည်းပဲ မဟုတ်လား" ဟု မျက်နှာတင်းတင်းနှင့် မေးလိုက်၏။

ဤသို့ တိုက်ရိုက်စွပ်စွဲသောအခါ ဒေါ်ဂျမ်းပုံလည်း ဒေါသပြင်းစွာထွက်သော မျက်နှာထားနှင့် "ဟင် နင် တယ်အစွပ်အစွဲရဲပါကလား၊ ငါ သူခိုးဆိုရင် နင်က ငါ့ထက်ပဲ ဆိုးသေးတယ်"

ဒေါ်ရွှေမိ ။ ။ "ဟေ့ ဟေ့ စကားရှည်ရှည်မပြောနဲ့၊ ငါ့လက်စွပ်ကို ပြန်ပေး"

ဒေါ်ဂျမ်းပုံ ။ ။ "ဘာပြောတယ်၊ ဘယ်ကလက်စွပ်လဲ၊ နင် သည်ကိုလာပြီးတော့ ပျောက်ဖမ်းနေတယ်လို့ ပြောလိုက်ရမလား၊ နင် ငါ့ကို သူခိုးခေါ်ဝံ့ခေါ်စမ်း"

ဒေါ်ရွှေမိ ။ ။ "ဟဲ့ သူခိုးမ၊ အမျိုးမစစ်မ၊ သူများစိန်လည်း ခိုးသေးရဲ့၊ သူများကိုလည်း စွပ်စွဲသေးရဲ့"

ဒေါ်ဂျမ်းပုံ ။ ။ "ငါ့အိမ်က မဆင်းဘူးလား ... ဆင်းမလား၊ နင် မဆင်းရင် အခု ငါဆင်းပြီး နင့်လင်ကို သွားပြောလိုက်မယ် သိရဲ့လား။ ဩော် ... အခုတော့ ကြောက်သေးသကိုး၊ နင် ငါ့ကို သူခိုးခေါ်တဲ့အတွက် နင့်ကိုကောင်းကောင်း ဒုက္ခပေးဦးမယ်၊ သည်တစ်ခါ သူခိုးလို့ခေါ်ရင်

mgyoe.com

mgyoe.com

ပျက်စီးပြီဆိုတာ စိတ်ချပေတော့ နင့်မျက်နှာကို မကြည့်ချင်ဘူး၊ အခုဆင်းသွား"

ထိုအခါ ဒေါ်ရွှေမိလည်း မိမိ ရှုံးမိုက်ကြောင်းကို ရိပ်မိကာ နောင်တတရား ရ၍ ထိုဆိုင်ထက်မှ ဆင်းသက်လာရလေသတည်း။

ဤအဖြစ်အပျက် ပေါ်ပေါက်ပြီးနောက် များမကြာမီအတွင်းမှာပင် အသက်သုံးဆယ်ကျော်ခန့် အပျိုကြီးတစ်ယောက် ပေါက်၍လာပြန်၏။ အမည်မှာ မဖွားရှင် ဖြစ်လေသည်။ မဖွားရှင်မှာ မွေးကတည်းကပင် ဘယ်အခါကမျှ လှဖူးသည်မရှိခဲ့။ သို့ရာတွင် ဒေါ်ဂျမ်းပုံ၏စကားကို ကြားရသောအခါ နတ်ရေစင်ဖျန်းလျှင် လှလာ ပျိုလာသကဲ့သို့ မိမိလည်း ဒေါ်ဂျမ်းပုံ၏အစွမ်းကြောင့် လှလာမည်ဟု ယုံကြည်စိတ်ချလိုက်လေ၏။ လှအောင်လုပ်ပေးနိုင်ရုံမျှမကသေး။ ထိုက်တန်သော လင်ယောကျ်ားကိုပင် ရှာပေးမည်ဟု ဆိုသောကြောင့် ဒေါ်ဂျမ်းပုံအား ကျေးဇူးတင်၍မဆုံးနိုင်အောင်ပင် ဖြစ်နေပေ၏။ အရုပ်ဆိုးသောကြောင့် ကြိုက်မည့်သူမရှိလေရကား၊ တစ်နေ့တခြား ဟိုင်း၍ဟိုင်း၍သာ လာခဲ့၏။ ဖူးစာဖက်မည့်သူ ပေါ်လာခဲ၍ တွေးတောပူပန်နေဆဲတွင် ဤစကားမျိုးကို ကြားလိုက်သောအခါ ဝမ်းသာလှသဖြင့် "အဒေါ်ပြောတဲ့စကားအတိုင်းသာ တည်ပါစေ၊ ကြေးငွေ ဘယ်လောက် ကုန်ရကုန်ရ ကိစ္စမရှိပါဘူး" ဟု ပြောလေ၏။

သုံး လေး လအတွင်း မဖွားရှင်၏ငွေတို့သည် ဒေါ်ဂျမ်းပုံ၏ငွေအိတ်အတွင်းသို့ သက်ဆင်းကျရောက်ရကုန်၏။ မိန်းမရုပ်မှာမူကား ရှေးကအတိုင်းပင် အရုပ်ဆိုးမြဲဆိုးလျက်နေပေ၏။ နောက်ဆုံး၌ မိမိလက်တွင်ရှိသော ကြေးငွေတို့သည် ကုန်လုမတတ်ဖြစ်သွား၏။ ထိုအခါ ဒေါ်ဂျမ်းပုံလည်း အပျိုကြီးအား နှင်ထုတ်ရန် အချိန်ရောက်ပြီဟု သိ၏။ အဝတ်အစား ဟန်ဟန်ပန်ပန် ဝတ်စားတတ်သော ယောကျ်ားတစ်ယောက်နှင့် အသိဖွဲ့ပေး၏။ ထိုယောကျ်ားလည်း ချစ်စကား ကြိုက်စကားတို့ဖြင့် လှည့်စား၏။ များမကြာမီ ထိုယောကျ်ားနှင့် မင်္ဂလာဆောင်ကာ လင်မယားအဖြစ်သို့ ရောက်ကြလေသတည်း။ ထိုယောကျ်ားနှင့်ညား၍ ရက်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ ထိုယောကျ်ားမှာ ပျောက်ခြင်းမလှ ပျောက်၍သွားလေ၏။ လူသာပျောက်သည်မဟုတ် သေတ္တာထဲတွင် ကောင်းစွာသိမ်းထားသော ငွေငါးရာပါ၊ ၎င်းလူနှင့် လိုက်ပါသွားသည်ကို သိရသောအခါ၊ အပျိုကြီးမဖွားရှင် လင်ကုန်ရှုံး၍ တစ်သက်လုံး မှောက်ပါပြီတကားဟု ငိုယိုကာ များများ နောင်တရရှာလေသတည်း။ စင်စစ်အားဖြင့် ၎င်းယောကျ်ားမှာ မိမိထင်မှတ်သော လူဂုဏ်ရည်တန်မဟုတ်၊ မြင်းပွဲများတွင် ဒလန်လုပ်စားသူ "မောင်ဘိုးဘ" ဖြစ်လေသည်။ မဖွားရှင်ကို လှည့်ပတ်ဖြားယောင်းရန် ဒေါ်ဂျမ်းပုံက ငွေငါးဆယ်ပေး၍ ခိုင်းခြင်းဖြစ်လေသည်။ ရှေး

mgyoe.com

အခါကလည်း ဤနည်းအတိုင်း လှည့်ပတ်ဖြားယောင်းခဲ့သည်မှာ များလှလေပြီ။ ဤအမှု အမျိုးမျိုးအတွက် ထောင်ကျသည်မှာလည်း ခြောက်ကြိမ်မျှရှိခဲ့၏။ ၎င်းအကြောင်းများကို စုံစမ်း၍ မဖွားရှင်အပျိုကြီး ကြားရသောအခါ 'တစ်ကိုယ်ရေ မနေမိလို့ ပျိုချည့်တယ်လေ' ဆိုသော ရှေးသီချင်းကြီးကဲ့သို့ တစ်နေ့တခြား အရုက်ပွားပြီးလျှင် မီးယပ်ရောဂါစွဲကပ်လေ တော့၏။ ထိုလင်ပျောက်သော ရောဂါ၊ ငွေရှုံးသောရောဂါမှ ပြန်၍မထူထောင်တော့ဘဲ သုံးနှစ်အတွင်းမှာပင် အပျိုကြီးဇာတ်သိမ်းကာ သေမင်းနိုင်ငံသို့ လိုက်ပါသွားရရှာလေ သတည်း။

လှချင်ရှာသူ အပျို အအိုတို့ထံမှ လိမ်ကောက်၍ရသော ကြေးငွေတို့ဖြင့် ဒေါ်ဂျမ်းပုံ လည်း အလွန်ခမ်းနားသော သူဌေးကြီးကဲ့သို့ နေထိုင်ရပေ၏။ ညနေတိုင်း မိမိ၏ သမီး နှစ်ယောက်တို့နှင့်အတူ ကန်တော်ကြီးပတ်လည်တွင် ဘာဂီစီးနေကြသည်ကို တွေ့မြင်ကြရ ပေ၏။ ထိုသို့မြင်ကြသောသူများအနက် ဒေါ်ဂျမ်းပုံ၏အလိမ်ကို ခံလိုက်ကြရရှာသော မိန်းမတို့မှာ သူတကာကိုလည်း မပြောကြားဝံ့သဖြင့် "ကမြင်းမ အယုတ်မ၊ ငါတို့ပစ္စည်းနဲ့ ဘာဂီစီးနေသေးတယ်၊ သေချင်းဆိုးမ နင်တစ်နေ့တော့ ဒုက္ခရောက်မယ်သိရဲ့လား၊ သည် အယုတ်မကို သေမင်းခေါ်တော်မူပါ၊ အစိုးရမင်းကလည်း မြန်မြန်ဖမ်းတော်မူကြပါ" စသဖြင့် တိုးတိုးကျိန်ဆဲသွားလေ့ရှိကြလေသတည်း။

❐

mgyoe.com

mgyoe.com

## [အခန်း – ၄]

ဤသို့ ခမ်းနားကြီးကျယ်စွာ နေထိုင်ခိုက်တွင် မိမိဆိုင်သို့ အသက် ၅၀ ခန့်ရှိ မိန်းမတစ်ယောက် ပေါက်၍လာပြန်၏။ ဝတ်စားပုံမှာ ခမ်းနား၏။ ဆံပင်ကို ဆေးဆိုးထား၏။ မိန်းကလေးတို့ကဲ့သို့ သနပ်ခါးတို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော်လည်း ၎င်း၏နဖူးတွင် တွန့်သောနဖူးရေက အိုကြောင်းသက်သေခံလျက်ရှိပေ၏။ စကားပြောဆိုရာမှာလည်း မိန်းကလေးတို့ထက်ပင် ရိုးသေး အသေး၏။

ဤမိန်းမကား အခြားမဟုတ်၊ ရှမ်းပြည် စော်ဘွားတစ်ပါးလက်အောက်တွင် အတွင်းဝန်အဖြစ်ဖြင့် အမှုထမ်းခဲ့ဖူးသူ ဦးလှဘော်ဇနီး ဒေါ်သူဇာဖြစ်လေသည်။ ဒေါ်ဂျမ်းပုံနှင့်တွေ့ကြသောအခါ၌ ဒေါ်သူဇာ၏ခင်ပွန်း အမတ်ကြီး သေဆုံးသွားသည်မှာ တစ်နှစ်ခန့်သာ ကြာသေး၏။ အမတ်ကြီးသေဆုံးပြီးသည့်နောက် လင်သား ထပ်မံ မယူသေးဘဲ ကျန်ရစ်ခဲ့သော ပစ္စည်းတို့နှင့်ပင် တင့်တယ်စွာနေထိုင်လျက်ရှိ၏။ "ကျွန်မ လင် ကျန်ခဲ့တဲ့ ပစ္စည်းဟာ စားမကုန် သောက်မကုန်အောင် များပေမဲ့၊ ခန့်ခန့်ညားညား နေထိုင်ဖို့ကိုတော့ တတ်နိုင်ပါသေးတယ် အဒေါ်ရဲ့" ဟူ၍ ဒေါ်ဂျမ်းပုံအား ဖွင့်၍ပြောရာ၏။ ထိုနေ့မှစ၍ ဒေါ်ဂျမ်းပုံတည်းဟူသော မုဆိုးကြီးသည် ဒေါ်သူဇာတည်းဟူသော စာကလေး၏ ဥစ္စာပစ္စည်းတည်းဟူသော အမွေးအတောင်တို့ကို နုတ်ယူရန် ကြံစည်လေသတည်း။

"ရှေးတုန်းက အမတ်ကတော်ကြီးမှာ အင်မတန်လှမှာပဲနော်၊ အခုတောင် လှနေသေးတာပဲ၊ သို့ပေမဲ့ အသက်ကနည်းနည်းကြီးလာလို့ နဖူးရေကလေးက နည်းနည်းတွန့်လာတယ်။ စိုးရိမ်စရာတော့ဖြင့် မရှိပါဘူး။ မကြာခင် ပြန်လှလာပါစေ့မယ်၊ အို ... သုံးလေးပတ်လောက်ကြာရင် အမတ်ကတော်ကြီးမှာ ရှေးကထက်ပဲ လှဦးမယ်၊ ဒါကိုတော့ ရဲရဲကြီး အာမခံဝံ့ပါရဲ့" ဟု ဒေါ်ဂျမ်းပုံက စလိုက်၏။

mgyoe.com

"ဩော် ... ဟုတ်လား၊ ကောင်းလိုက်တာ၊ အခု ပြောတဲ့အတိုင်းသာ လှလာမယ် ဆိုရင် ဘယ်ကလောက် ကောင်းမလဲလို့နော်၊ ငယ်ငယ်တုန်းကတော့ လှခဲ့ဖူးပါရဲ့၊ ပိုးကြတဲ့ လူတွေလည်း မနည်းပါဘူး။ ရှမ်းပြည်မှာလည်း နာမည်ကျော်ပေါ့လေ၊ မနာလိုတဲ့ မိန်းမ တွေကလည်း မနည်းပါဘူး၊ စော်ဘွားကတော်တွေကတောင် မျက်စောင်း တခဲခဲနဲ့၊ အို... အရင်လိုသာ လှလာမယ်ဆိုရင် အံ့ဩစရာကြီးနေမှာပဲ။ ပိုက်ဆံ သိပ်ကုန်လိမ့်မယ် ထင် တယ်။ များများကြီးတော့ဖြင့် မတတ်နိုင်ဘူးရှင့်"

ပုံ ။ ။ "ကိစ္စမရှိပါဘူး၊ တစ်ယောက်ကို ငွေတစ်ထောင်ယူကြပါတယ်။ သို့ပေမဲ့ အမတ်ကတော်ကြီးကတော့ ငွေကြေးအတွက် ဘာမျှမပူပါနဲ့၊ ငွေတစ်ရာဆိုရင် တော်ပါပြီ ဘယ်သူ့ကိုမှလည်း မသိပါစေနဲ့ရှင်။ အမတ်ကတော်ကြီးလို ငယ် ငယ်က လှခဲ့ဖူးတဲ့ မိန်းမတစ်ယောက် ပြန်လို့လှတာကို ကျွန်မမြင်ရရင် စိတ် ကျေနပ်ပါပြီ။ နောက်တော့သာ ကျေးဇူးမမေ့ပါနဲ့နော်" ဟု ရယ်၍ ပြော၏။

ဇာ ။ ။ "ကောင်းလိုက်လေ" ကျေးဇူးတင်သော မျက်နှာထားနှင့် ပြော၏။

ထို့နောက် ဒေါ်ဂျမ်းပုံထံမှ လိမ်းကျံရန် ရေမွှေး၊ အလှဆီတို့ကို အဖိုးကြီးစွာ ခပေးဝယ်ပြီးနောက် နှုတ်ဆက်ကာပြန်သွားလေ၏။ အိမ်အပြန်လမ်းထဲတွင် စိတ်ကူး အမျိုး မျိုး ထုတ်၍သွား၏။ စိတ်ကူးထဲတွင် "မီးတိုင်ပတ်ဝန်းကျင်၌ ပိုးဖလံတို့ ဝိုင်းဝန်းနေသကဲ့သို့ မိမိအားလည်း ယောကျ်ားအပေါင်းတို့ ဝိုင်းဝန်းကာ ချီးမွမ်းနေသည်ဟူ၍လည်းကောင်း၊ လပြည့်ဝန်းကြီးကို ကြယ်တာရာအပေါင်းတို့ ခနေကြသကဲ့သို့ မိမိအားလည်း ယောကျ်ား အပေါင်းတို့ ဝိုင်းဝန်းကာ ခယနေကြသည်ဟူ၍ လည်းကောင်း" ထင်မြင်လျက်နေ၏။

ဒေါ်ဂျမ်းပုံ၏နည်းအတိုင်း အလှဆီ အလှရည်တို့ဖြင့် မိမိကိုယ်ကို လိမ်းကျံ ပွတ်သပ်သည်မှာ နှစ်လခန့်ကြာသော်လည်း မိမိရုပ်မှာ ယခင်ကအတိုင်းပင် ရှိနေသေး ကြောင်းကို တွေ့မြင်ရ၏။ သို့သော် လက်ဦး တစ်လနှစ်လတွင် ထင်ထင်ရှားရှား မသိသာ နိုင်ဟူ၍ ဒေါ်ဂျမ်းပုံက ပြောထားသောကြောင့် အနည်းငယ်မျှ စိုးရိမ်စိတ်ပျက်ခြင်းမရှိ၊ နှစ်လကျော်လျှင် ရုတ်တရက် လှလာမည်ဟူ၍လည်း ပြောပြထားသေး၏။ ဒေါ်သူဇာ လည်း ပျော်ရွှင်စွာ မိမိ လှလာမည့်နေ့ကို စောင့်ဆိုင်းလျက်သာ ရှိလေသတည်း။

တစ်နေ့သောအခါ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော သတင်းကောင်းတစ်ခုကို ဒေါ်ဂျမ်းပုံက ပေး၏။ "အမတ်ကတော်ကြီးကို သတင်းထူးတစ်ခု ပြောရဦးမယ်။ သို့ပေမဲ့ သတင်းက ထူးလွန်းလို့ ယုံမယ်တောင် မထင်ဘူး။ သတင်းကတော့ သတင်းမှန်ပါပဲရှင့် အမတ်ကတော်ကြီး နောက်ဆုံးတစ်ခေါက် ပြန်သွားပြီးတဲ့နောက်၊ ရာဇဝတ်ဝန်ကြီး တစ် ယောက် ရောက်လာပြီးတော့ အမတ်ကတော်ကြီးအကြောင်း လာပြောတယ်ရှင့်၊ အမတ်

mgyoe.com

mgyoe.com
ကတော်ကြီးကို မြင်သွားပြီးတဲ့နောက် မစားနိုင် မသောက်နိုင် ဖြစ်နေသတဲ့၊ ဒါကြောင့် ကျွန်မကို ပြောပေးပါရယ်လို့ လာပြီးပူဆာနေတယ်၊ အို ... ကုန်ကုန်ပြောလိုက်မယ်၊ ရှင့် စကားတစ်ခုပါပဲ၊ သူ့ဘက်ကတော့ စိတ်ချလိုက်ပါတဲ့၊ ဆွေကြီးမျိုးကြီးအထဲကလည်း ဖြစ်တယ်၊ နောက်ပြီးတော့လည်း လူပျိုကြီးရှင့်၊ မင်းကတော်ဖြစ်ဖို့ မဝေးတော့ပါဘူး။ လှဖို့ပဲ လိုတယ်၊ လှဖို့ဆိုတာကတော့ ကျွန်မ တာဝန်ပေါ့လေ"

"ပြောစမ်းပါဦး ဒေါ်ဂျမ်းပုံရဲ့၊ ဘယ်သူတုံး" ဟု ဝမ်းမြောက်ဝမ်းသာ ပြုံးတုံးတုံး မေးလိုက်လေ၏။

"အို ... တခြားဟုတ်ပါရိုးလား၊ အမတ်ကတော်ကြီးရယ်၊ ဦးသူတော်လေ ဦးသူတော်ရယ်၊ ကိုင်း ... ဘယ့်နှယ်လဲ"

ဦးသူတော်၏အမည်ကို ကြားလိုက်ရသောအခါ ဒေါ်သူဇာ သိန်းထီပေါက်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် စကားမပြောနိုင်သည်မှာ တော်တော်ကြာ၍သွား၏။ ဝမ်းသာမျက်ရည်များလည်း တွေတွေစီးဆင်း၍လာ၏။ နောက်မှ "အို ... ဖြစ်နိုင်ပါ့မလား ဒေါ်ဂျမ်းပုံရယ်၊ သူ့ကိုလည်း ကျွန်မ တစ်ခါမျှ မတွေ့ဖူးဘဲနဲ့၊ သူက ကျွန်မကို ဘယ်တုံးကများ တွေ့ဖူးသတဲ့လဲ၊ ပြောစမ်းပါဦး" ဟု အသံတုန်တုန်နှင့် မေးလေ၏။

ပုံ ။ ။ "အို အမိ ပြောလိုက်ရင် လန့်မသွားနဲ့နော်၊ ဦးသူတော်ဟာ မိန်းမချော မိန်းမလှကို အင်မတန် ရွေးတာကလား၊ ရှင်ကြားဖူးတဲ့အတိုင်းပေါ့၊ သူ့မျက်စိထဲမှာ လှတယ်လို့ ထင်တဲ့ မိန်းမတစ်ယောက်ကိုမျှ မတွေ့သေးလို့ အခုထက်တိုင် လူပျိုကြီး လုပ်နေတာပေါ့။ အခုမှ ရှင့်ကိုတွေ့ရတော့သတဲ့၊ ရှင် နေ့တိုင်း နေ့တိုင်း ကျွန်မဆိုင်က ထွက်သွားတာကို အိမ်ရှေ့အိမ်ကချောင်းချောင်းပြီး ကြည့်နေသတဲ့ရှင့်၊ သည်အကြောင်းကို သူကိုယ်တိုင်ပြောတော့မှ ကျွန်မ သိရတော့တယ်။ တွေ့တဲ့နေ့ကတည်းက မစားနိုင် မသောက်နိုင်အောင် ကြိုက်နေတယ်ဆိုပါကလား၊ ကိုင်း ... ဘယ့်နှယ်ရှိစ၊ ရုပ်ချောပြီဆိုမှဖြင့် သည်ယောကျ်ားဆိုတဲ့အဖိုတွေဟာ မခွဲနိုင် မခွာနိုင်နေကြတော့တာပဲ။ ရှင့်ကို တွေ့တဲ့နေ့ကတည်းက ရှင်ကလွဲရင် ဘယ်မိန်းမကိုမှ မယူဘူးရယ်လို့ သစ္စာဆိုထားသတဲ့ရှင့်၊ အို ... မပြောချင်တော့ပါဘူးလေ"

ဒေါ်သူဇာလည်း ဝမ်းသာသော အသံဖြင့် "သြော် ... အိမ်ရှေ့အိမ်က ချောင်းကြည့်သတဲ့လား။ သူ့အရွယ်ကြီးနဲ့လေ၊ ကြည့်ပါဦးတော့၊ နောက်လိုက်တဲ့လူ မပြောပါနဲ့တော့၊ ဦးသူတော်တို့လို ယောကျ်ားများက ကျွန်မတို့လို အနုံအချာ မုဆိုးမကို ဂရုစိုက်ပြီး ကြည့်တယ်ဆိုတာ အခုတောင် မယုံချင်သေးဘူး။ အိပ်မက်ထဲမှာလိုပဲရှင့်၊ ရန်ကုန်မြို့မှာအချော
mgyoe.com

mgyoe.com
ဆုံး အလှဆုံး၊ ပိုက်ဆံအရှိဆုံးဆိုတဲ့ အပျိုကလေးတွေ ခေါင်းခေါက်ပြီး ယူနိုင်တဲ့လူကများ၊ ကျွန်မလို အရုပ်ဆိုးကို ကြိုက်တယ်ဆိုတာ ယုံရမှာလားရှင့်"

ပုံ ။ ။ "ယုံရှင့် ယုံ၊ ကြိုက်တာတော့ အမှန်ပါပဲ၊ သူ့စိတ်ထဲမှာ ရှင်ဟာ အလှဆုံးလို့ ထင်တာကလား၊ လှလည်းလှတာကိုး၊ ကိုယ့်ကိုယ်သာ ကိုယ်ကလှတယ် မထင်တာ၊ အရင်နဲ့တူသေးသလားလို့ မှန်ထဲမှာများ ကြည့်မိမယ် မထင်ပါဘူး။ မှန်ကို တစ်ခါတလေများ ကြည့်ပါဦး"

ဇာ ။ ။ "ကျွန်မ လှတယ်ပဲဆိုပါဦး၊ သူကကော မလှဘူးလား၊ အမျိုးလည်းကောင်း၊ ပညာလည်းရှိ၊ အကျင့်ဆိုလည်း မပြောပါနဲ့တော့၊ သိက္ခာရှိတယ်ဆိုတာလည်း လူတိုင်းအသိ၊ ကျွန်မလို မုဆိုးမကို ကြိုက်တယ်ဆိုတာ မယုံပေါင်" ဟု ပြုံး၍ ပြော၏။

ပုံ ။ ။ "မယုံရင်သာ နေရမယ်၊ သူက ရှင့်ကိုကြိုက်နေတာတော့ အမှန်ပါပဲ၊ ရှင့်ကို မရရင် ဘယ်သူ့ကိုမျှ မယူဘူးတဲ့ရှင့်၊ ရှင်ကယူမယ်လို့ တစ်ခွန်းတည်းပြောဖို့ လိုပါတော့တယ်။ ရှင့်ကို တွေ့ချင်လိုက်တာကလည်း သေမတတ်ဖြစ်နေတယ်။ ကိုင်း ... ဘယ့်နှယ်လဲ ပြောလိုက်ရမလား"

ဇာ ။ ။ "ဒါကိုတော့ မပြောတတ်ဘူးလေ၊ ကောင်းတယ်ဆိုရင်လည်း တွေ့ရတာပေါ့။ သို့ပေမဲ့ ရှက်စရာကြီး" ဟု ရှက်သလိုမျက်နှာထားပြော၏။

ပုံ ။ ။ "ဘာရှက်စရာရှိသလဲ၊ သည်အချက်မျိုးကို လွှတ်လိုက်ဖို့ မမေ့ကောင်းဘူးနော်၊ သူနဲ့ရမယ်ဆိုတာတော့ သေချာပြီပေါ့။ ငွေဆိုတာ သုံးချင်သလို သုံးနိုင်ပြီပေါ့။ ကျွန်မကိုပေးဖို့ ကျန်သေးတဲ့ ငွေကိုးရာကိုလည်း ပေးနိုင်မည် မဟုတ်လား။ အစက တစ်ရာနဲ့လုပ်ပေးမယ်ဆိုတာ အခုလို လာဘ်မျိုးကို မမြင်သေးလို့ ပြောတာရှင့်"

ဇာ ။ ။ "ရှင်ပြောလည်း ဟုတ်ပါရဲ့။ ကိုင်း ... သေချာမှာဖြင့် ကျန်တဲ့ငွေကိုးရာ မနက်ဖြန် ယူခဲ့မယ်၊ အိမ်ပြန်လိုက်ဦးမယ်နော်"

ပုံ ။ ။ "ကောင်းပါပြီ၊ မနက်ဖြန် ငွေယူခဲ့ဖို့သာ မမေ့ပါနဲ့" (ရယ်၍ပြော၏)။

ဇာ ။ ။ "သွားလိုက်ဦးမယ်"

ပုံ ။ ။ "ကောင်းပြီ"

ဒေါ်သူဇာလည်း အိမ်အပြန်လမ်းထဲတွင် စဉ်းစားသွားသည်မှာ ... "ငွေတစ်ထောင်ဟာ ဘာရှိလို့လဲ၊ သည်လိုလူမျိုးနဲ့သာ ပေါင်းရပါစေ၊ လေးထောင်လည်းပေးရဲ့၊ ငါးထောင်လည်း ပေးရဲ့၊ ငါးထောင်မကလို့ ဘယ်လောက်ပဲဖြစ်ဖြစ် ပေးနိုင်ပါတယ်၊ ရာဇဝတ်ဝန်
mgyoe.com

mgyoe.com
ကတော်များဖြစ်ရင် မိလှတို့၊ မိရွှေမိတို့ ဘယ်ကလောက်များ မနာလိုဖြစ်ကြမလဲလို့ ကြည့်စမ်းချင်သေးတယ်။ ဒင်းတို့ရှေ့က ဘာဂီနဲ့လျှောက်ကြွား လိုက်ချင်သေးရဲ့၊ သူနဲ့တွေ့တဲ့အခါ ငါ့ကိုများ စိတ်ပျက်သွားမလား၊ စောစောစီးစီးက ဒေါ်ဂျမ်းပုံဆီသို့ သွားမိရင် ကောင်းသေးရဲ့၊ သို့ပေမဲ့ ကိစ္စတော့မရှိပါဘူး၊ လှချင်လည်း လှနေမှာ ငါသာမသိလို့၊ သူ့အလှဆီတွေဟာ အစွမ်းသီးပဲ၊ ဒါကြောင့်လည်း ကျော်တာပေါ့၊ ငါလိုရုပ်ချောကိုရလို့ လျှောက်ကြွားနေမှာကို မြင်ယောင်သေးရဲ့" ဤကဲ့သို့ ဒေါ်သူဇာလည်းအမျိုးမျိုး စိတ်ကူးပြီးလျှင် ရူးလျက်နေပေ၏။

❒

mgyoe.com

mgyoe.com

# [အခန်း – ၅]

ဤသို့ ဒေါ်သုဇာ စိတ်ရှုပ်နေသည့်အခိုက်တွင် ဦးသုတော်မှာ ဒေါ်သုဇာ ကမ္ဘာပေါ်တွင်ရှိနေပါကလား ဟူ၍ပင် မသိရှာပေ။ နာမည်ကျော် ဒေါ်ဂျမ်းပုံကိုပင် မမြင်ဖူးချေ။ ကြားကားကြားဖူးသည်မှာ ကြာပေပြီ။ ဦးသုတော်မှာ ရန်ကုန်မြို့တစ်မြို့လုံး ကျော်ကြားသူတစ်ယောက် ဖြစ်လေသည်။ ထိုအမှုအခင်း မဖြစ်ပွားမီ သုံးလေးရက်အတွင်းကမှ ရေမွှေး နံ့သာဆီတို့ကိုဝယ်ရန် ဒေါ်ဂျမ်းပုံ၏အလှရည်ဆိုင်သို့ ရောက်ခဲ့ဖူး၏။ ဒေါ်ဂျမ်းပုံလည်း ဉာဏ်များသော မိန်းမပါးတစ်ယောက်ဖြစ်သည့်အတိုင်း၊ ဦးသုတော်နှင့်မှားပြီးလျှင် မိန်းမ အများကို လှည့်စားရန် ကြံစည်မိလေ၏။ ကြံစည်သည့်အတိုင်းလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေါ်သုဇာအား ဉာဏ်နီတို့ဖြင့် လှည့်ပတ်ခဲ့လေ၏။

ဒေါ်သုဇာလည်း အလှဆိုင်မှ ပြန်ခဲ့ပြီးသည့်နောက်၊ ဦးသုတော်နှင့် တွေ့ဆုံရန်နေ့ကိုသာလျှင် စောင့်စား၍နေလေ၏။ နောက်တစ်ကြိမ် အလှဆိုင်အတွင်း ဧည့်ခန်း၌ထိုင်ကာ ဒေါ်ဂျမ်းပုံ၏သမီးများနှင့်အတူ စကားပြောနေခိုက်တွင် ဒေါ်ဂျမ်းပုံလည်း ရုတ်တရက် တံခါးကိုဖွင့်ကာ အခန်းထဲသို့ဝင်လာပြီးလျှင် ဒေါ်သုဇာ၏နားတွင် မကြားတကြား "ဦးသုတော် ရောက်နေတယ်၊ ရှင်နှင့်တွေ့ရအောင်၊ ရှက်လို့ရှိရင် ကျွန်မကပဲ စပြီးပြောမယ်၊ နောက်တော့ ရှင်တို့စိတ်ရှိတာတွေကို ပြောကြပေတော့" ဟု ပြောဆိုကာ အခန်းပြင်သို့ ထွက်သွားလေ၏။

များမကြာမီ ဒေါ်ဂျမ်းပုံနှင့်အတူ၊ လူခပ်မြင့်မြင့် ရုပ်ချောချော သားနားစွာ ဝတ်ဆင်ထားသော ယောကျာ်းတစ်ယောက် ဝင်၍လာ၏။ အခန်းတွင်းသို့ ရောက်လျှင် ရောက်ချင်း "ဩော် ... ဒေါ်သုဇာရောက်နေပလား၊ ကျွန်မ မိတ်ဆွေကြီး ဒေါ်သုဇာရှင့်" ဟု ဦးသုတော်ဘက်သို့ လှည့်ကာပြော၏။ ဦးသုတော်လည်း ဒေါ်သုဇာအား နှုတ်ခွန်းဆက်သပြီးလျှင်

mgyoe.com

mgyoe.com
စကားတစ်ခွန်းနှစ်ခွန်းမျှ ပြောကြားပြီးနောက် အခန်းပြင်သို့ ထွက်သွားလေ၏။ မိမိနှင့် စကားပြောသော မိန်းမမှာ မည်သူမည်ဝါဖြစ်ကြောင်းကိုလည်း မသိ၊ ဒေါ်ဂျမ်းပုံ လှည့်ပတ်ထားသော အကြံအစည်များကိုလည်း အနည်းငယ်မျှ မရိပ်မိရှာချေ။

ဦးသူတော် ပြန်သွားသောအခါ ဒေါ်ဂျမ်းပုံလည်း အခန်းတွင်းသို့ ဝင်လာပြီးလျှင် "ကိုင်း ... ဘယ့်နှယ်ရှိစ ဝမ်းသာလုံးဆို့ပြီး ပြန်သွားပါပကော၊ ကြိုက်တာလည်း မပြောပါနဲ့တော့၊ ရှင့်အကြောင်း သူပြောသွားတာတွေကို အားလုံးသာ ပြန်ပြောရမယ်ဆိုရင်၊ ရှင်ယုံမှာတောင် မဟုတ်ဘူး၊ သူပြောတာတွေကို ရှင့်ကိုပြန်မပြောပါနဲ့လို့ မှာသွားရှာတယ်၊ ရှက်လို့ထင်ပါရဲ့၊ ရှက်လည်းရှက်ပေမှာပဲ၊ ငယ်ကလည်း မငယ်တော့ဘဲကိုး၊ အသက်ငါးဆယ်နီးနေပြီ တကယ့်လူပျိုကြီးပဲ၊ ရှင့်ကိုတွေ့တော့မှပဲ ဖူးစာဆုံတော့မတဲ့"

ဇာ ။ ။ "ဟုတ်တော့ဟုတ်ပါရဲ့ နောက်တော့များ ပစ်ထားဦးမှာလား၊ သူ့စကားအတိုင်း မှန်ရင်တော့ ကောင်းပါရဲ့"

ပုံ ။ ။ "ဩော် ... ခက်ပဲ ခက်သေးတော့တယ်နော်၊ ကျားကိုက်ပါတယ်ဆို နာတာရှည်လားလို့ မေးနေရသေးတယ်၊ သေလုမတတ်ကြိုက်နေပါတယ်ဆို၊ ပစ်ထားမလားလို့ မေးနေရသေးတယ်"

ဇာ ။ ။ "မေးရတယ်ရှင့် မေးရတယ်၊ ယောကျ်ားဆိုတာမျိုးက ကျားထက်ပဲ ဆိုးသေးတယ်"

ပုံ ။ ။ "အောင်မလေး မိန်းမ၊ ကြောက်စရာမရှိတာ ကြောက်နေလိုက်တာ၊ အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်အရွယ် အပျိုကလေးမှမဟုတ်ဘဲ၊ ဘာကြောက်နေရသေးသလဲ"

ဇာ ။ ။ "ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်အရွယ်မဟုတ်လို့ ကြောက်တာပေါ့၊ ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ဆိုရင် ဘာကြောက်မှာတုံး၊ ယောကျ်ားဆိုတာမျိုးဟာ နုနုထွတ်ထွတ်ကလေးတွေကိုမှ ကြိုက်ကြတယ်ဆို မဟုတ်လား"

ပုံ ။ ။ "အင်းဝမှာ မင်းလှငယ်ဆိုတဲ့ ဘုရင်ကလေးဟာ ရှင်ဘို့မယ် အဘွားကြီးကို မိဖုရားမြှောက်တာကို မကြားဖူးဘူးလား"

ဇာ ။ ။ "အို ... ရှင့်ရာဇဝင်တွေ ဘာတွေကို နားမလည်ပါဘူး"

ပုံ ။ ။ "ရာဇဝင် နားမလည်ရင်ဖြင့် ရှင့်လူကိုပဲ မေးကြည့်ပေတော့ တွေ့တဲ့အခါ၊ နို့ပေမဲ့ ကျွန်မသာဖြင့် သူနဲ့မတွေ့ရအောင် ရှောင်နိုင်သမျှ ရှောင်မှာပဲ၊ မြင်ဖန်များတော့ ငယ်တဲ့၊ နမ်းဖန်များလည်း ပြယ်သတဲ့ရှင့်"

ဇာ ။ ။ "ဟုတ်ပေသားပဲ"
mgyoe.com

mgyoe.com

ပုံ ။ ။ "နောက်ပြီးတော့လည်း စကားဆိုတာ ကားဦးမယ်၊ ဟိုကပြော သည်က ပြောနဲ့ နေရာမကျဘူးရှင့်"

ဇာ ။ ။ "မှန်တယ်ရှင့် မှန်တယ်"

ပုံ ။ ။ "သူကလည်း ရှင်နဲ့ အသေအချာ နေရာမကျသေးခင် သူများမသိစေချင်ဘူးတဲ့၊ အားလုံးသေချာပြီးနောက်မှ တစ်နိုင်ငံလုံးကျော်အောင် သတင်းစာထဲကနေပြီး ကြော်ငြာမယ်ဆိုကိုး"

ဒေါ်သူဇာ ။ ။ "အကောင်းသားပဲ"

ပုံ ။ ။ "မကောင်းဘဲ နေပမလား၊ သည်လိုအရေးမျိုးမှာ အင်မတန် သေသေချာချာ စီမံရတာကလားရှင်၊ သည်အတောအတွင်းမှာ စာပေးစာယူလုပ်နေတာပေါ့၊ စာနဲ့ဆိုတာလည်း အကြောင်းချင်းတာကို သိနိုင်တာပါပဲ"

ဇာ ။ ။ "ခိုးခိုးဝှက်ဝှက် လုပ်ရတာ နေရာကျပေါ့မလားရှင့်၊ ငယ်ကြတော့တာလည်း မဟုတ်ဘူး။ အပျိုကလေး လူပျိုကလေးများလို စာပေးစာယူလုပ်ရတာ မဟန်ဘူးထင်တယ်"

ပုံ ။ ။ "တယ်လည်း အကြောင့်ကြကြီးတဲ့ မိန်းမကိုးနော်၊ စိတ်များပင် ညစ်ပါပြီ" (နှုတ်ခမ်းစူ၍ပြောသည်)

ဇာ ။ ။ "အို ... စိတ်မညစ်ပါနဲ့ရှင့်၊ ရှင့်စကားအတိုင်းပါပဲ၊ ကောင်းတယ်ဆိုရင် မငြင်းပါဘူး"

ဤကဲ့သို့သော ခိုးကြောင်ခိုးဝှက် လုပ်ရသည့်အတွက် အနည်းငယ်စိတ်ပျက်သော်လည်း၊ မတတ်နိုင်သည့်အရေးကြောင့်၊ ဒေါ်ဂျမ်းပုံပြောသည့်အတိုင်းပင် ကျေနပ်လိုက်ရရှာ၏။ "သူဟာ စကား အင်မတန်နည်းတယ်၊ ငါနဲ့စကားပြောတုန်းကတောင် ဣန္ဒြေရရနဲ့ ပြောတာကလား၊ သူ့လိုလူစားဟာ ချစ်ကြိုက်တဲ့အကြောင်းကို သူတကာသိမှာ ကြောက်ပြီးသားပေါ့၊ နောက်ပြီးတော့လည်း ငါ့ကိုကြိုက်နေတာ တခြားမိန်းမတွေ သိကုန်မှဖြင့်၊ အလကားသက်သက် မနာလိုကြဘဲ သူ့ကိုရန်သူလုပ်နေကြမှာကိုလည်း စိုးရသေးတယ်။ အို ... အဆုံးမတော့ သူပြောတာ ဟုတ်ပါတယ်လေ၊ သူ့စကားအတိုင်း လုပ်မှပဲ တော်မယ်" ဟူ၍ အိမ်အပြန်လမ်းထဲတွင် တွေးတောသွားလေ၏။

ထိုနေ့မှစ၍ နေ့စဉ် ရက်ဆက်လိုလိုပင် ဦးသူတော်ထံမှ စာများကို ရလေ၏။ ဤစာများကို ဖတ်ရင်းနှင့်ပင် ပျော်ရွှင်လျက်နေရရှာ၏။ ဦးစွာပေးလိုက်သော စာကား အောက်ပါအတိုင်းဖြစ်လေသည်။

mgyoe.com

mgyoe.com

*"စာရေးလိုက်ပါသည် အသက်တမျှ ချစ်မဝနိုင်တဲ့ နှမဗျား၊ ယခု ဤစာနှင့်အတူ ပေးလိုက်သော သေတ္တာနှင့် ခဲတံအိမ်တို့မှာ၊ အစ်ကို၏ မိခင်ပြစ်စီးများ ဖြစ်ပါသည်။ မိခင်ငယ်ငယ် ကျောင်းနေစဉ်က အဖေက ပိုးပြီး လက်ဦးဆုံးပေးသော လက်ဆောင်များ ဖြစ်ပါသည်။ မိခင် မသေမီ တစ်ရက်က အကို့ကိုခေါ်ပြီးလျှင်၊ ဤပြစ်စီးများကို အကိုယူမည့် မိန်းမ များကိုသာ ပေးရန်မှာသွားပါသည်။ မိခင်၏စကားကို ဘယ်အခါကမှ မပယ်ရှားခဲ့ဖူးသောကြောင့်၊ ဤပြစ်စီးများကို ကောင်းစွာသိန်းထားပါ သည်။ ဤပြစ်စီးများကိုရခြင်းဖြင့် အကိုအား ယုံကြည်ထိုက်ပါသည်။ နှမဝတ်ရန် စိန်ပန်းခိုင်လည်း ပြီလုပါပြီ။ မင်္ဂလာအခမ်းအနားကိုလည်း ဒေါ်ဂျမ်းပုံဘဲ စီမံပါစီ၊ အချိန်လည်း များစွာမရှိပါ၊ အမယ်ကြီးလည်း ရှေးကနဲ့မတူ မျက်နှာမသာ သူကပဲ နောင်ကို အားလုံးစီမံရမည် ဖြစ်သော ကြောင့်၊ သူ့စိတ်ဆိုးအောင် မလုပ်လျှင် ကောင်းပါမည်၊ သူ့ကျေးဇူး အလွန်ကြီးပါသည်၊ သူ့အတွက်ကြောင့် အခုအခြေအနေ ရောက်ကြသည် မဟုတ်လား၊ သူ့အလိုကိုသာလိုက်ပါ"။*

**မောင်သူတော်။**

ဤစာကိုရသောအခါ ဒေါ်သူဇာလည်း ဝမ်းသာခြင်းကြီးမက ဝမ်းသာလှ၍ "သူဇာ ဟဲ့နော် ... သူဇာတဲ့၊ ဘာမှတ်ကြသလဲ၊ လူ့ပြည်မှာ တစ်သူဇာ၊ နတ်ပြည်မှာ တစ်သူဇာ၊ အားလုံးပေါင်းလိုက်မှ နှစ်သူဇာပဲရှိတယ်။ နတ်ပြည်က သူဇာကတော့ သိကြားမိဖုရား၊ လူ့ပြည်ကသူဇာကတော့ ကိုသူတော်မယား၊ အို သူ့စာကလည်း ထိလိုက်မိလိုက်တာ မပြောပါနဲ့တော့၊ သူ့အမေကို ချစ်မြတ်နိုးလိုက်တာကလည်း လွန်ပါရော၊ ဘယ့်ကလောက် များ ချစ်စရာကောင်းသလဲ" စသည်ဖြင့် စိတ်ကူးကာ ရူးလျက်နေလေ၏။ စာကို လေးငါး ခြောက်ခါပြန်၍ဖတ်လေ၏။ ၎င်းစာမှာ ခံ့ညားခြင်းမရှိ၊ စာလုံးပေါင်းမှာလည်း အမှားမှား အယွင်းယွင်းနှင့်ရေးသားထားသည်ကို တွေ့သောအခါ အနည်းငယ် မသင်္ကာသောစိတ် ပေါ်ပေါက်လာသဖြင့် ဒေါ်ဂျမ်းပုံထံသို့ အကျိုးအကြောင်း ပြောရန်သွား၏။

ဒေါ်ဂျမ်းပုံလည်း ဒေါ်သူဇာအား မြင်သည်နှင့်တစ်ပြိုင်နက် ရွှင်ပျသောမျက်နှာ ဖြင့် "ကြွပါ ... ကြွပါ မင်းကတော်၊ မင်းကတော်မျက်နှာဟာ မှီရတဲ့မျက်နှာလိုပါပဲကလား၊ ဝမ်းသာလုံးကြီးဆို့နေပြီပေါ့၊ စာဖတ်ပြီးပလား၊ ကျွန်မတို့ကော မသိရဘူးလားရှင်"

ဒေါ်သူဇာ ။ ။ "အို ... နောက်မနေစမ်းပါနဲ့ဦး၊ မင်းကတော်လို့ မခေါ်ပါနဲ့၊

mgyoe.com

mgyoe.com

ရှက်စရာကြီးရှင်၊ မင်းကတော်ဖြစ်တော့မှပဲ၊ မင်းကတော်လို့ ခေါ်စမ်းပါ"

ဒေါ်ဂျမ်းပုံ ။ ။ "ဘာရှက်ရမှာတုံး၊ မင်းကတော် မင်းကတော်ပေါ့၊ မင်းကတော်လောင်းလည်း မင်းကတော်ပေါ့၊ မခြားပါဘူး"

ဒေါ်သူဇာ ။ ။ "အို ... အနောက်ကလေးတွေ ခဏထားလိုက်ပါဦး၊ တိုင်ပင်စရာကလေးတစ်ခုရှိလို့လာခဲ့ပါတယ်"(မျက်နှာအတည်ထား၍ပြော၏)

ဒေါ်ဂျမ်းပုံ ။ ။ "ဘာများ တိုင်ပင်စရာရှိလို့လဲ ပြောစမ်းပါဦး၊ သူကတွေ့ချင်သတဲ့လား"

ဒေါ်သူဇာ ။ ။ "အို ... မဟုတ်ပါဘူး"

ဒေါ်ဂျမ်းပုံ ။ ။ "မဟုတ်ရင် ဘာတုံး ... ဆို"

ဒေါ်သူဇာ ။ ။ "သည်လိုပါ သူ့စာကလည်း စာလုံးပေါင်းတွေ အများမှားအယွင်းယွင်းနဲ့ နောက်ပြီးတော့လည်း စာရေးပုံဟာ မဟန်ဘူး၊ သူ့လိုလူက သည်စာမျိုးရေးမယ်ဆိုတာ မတွေးတတ်အောင် ဖြစ်နေတော့တာပဲ"

ဒေါ်ဂျမ်းပုံ ။ ။ "အောင်မယ်လေး စိုးရိမ်တတ်လိုက်တဲ့ မင်းကတော်၊ သည်လောက်တောင် အကြောင့်ကြ မကြီးနေပါနဲ့ မကြာခင်က မြင်းပေါ်က ကျလို့ ညာလက်မောင်း နာသွားသတဲ့၊ ဒါကြောင့်မို့ သူ့အစေခံဘိုးထူးကို အရေးခိုင်းရတယ်။ အစေခံဆိုတော့ ဘယ်မှာ စာလုံးပေါင်း မှန်အောင် ရေးနိုင်ရှာမလဲ"

ဒေါ်သူဇာ ။ ။ "အောင်မယ် ဖြစ်မှဖြစ်ရပေ၊ တော်တော်နာသွားသတဲ့လား။ သူကလည်း နေရာရှာပြီးတော့ ဘာဖြစ်လို့ မြင်းသွားစီးရသတုံး"

ဒေါ်ဂျမ်းပုံ ။ ။ "ဒါကတော့ မင်းကတော်ရဲ့လူကို မင်းကတော်ပြောမှပေါ့၊ ကျွန်မတို့တော့ မပြောပိုင်ဘူးရှင့်၊ သူတို့အစိုးရအမှုထမ်းများဟာ မြင်းစီးကြရသတဲ့"

ဒေါ်သူဇာ ။ ။ "သြော် ... ဟုတ်လား၊ မသိပါဘူး၊ ပြန်ဦးမယ်လေ"

ဒေါ်ဂျမ်းပုံ ။ ။ "ကောင်းပါပြီရှင်၊ ကောင်းပါပြီ၊ ပြန်ပြီး ကောင်းကောင်းစဉ်းစားခန်းထုတ်နေပေတော့ မင်းကတော်"

ဒေါ်သူဇာ ။ ။ "တယ် နောက်တာကိုး"

□

mgyoe.com

mgyoe.com

## [အခန်း – ၆]

ဒေါ်သူဇာလည်း ဦးသူတော်ပေးသည်ဆိုသော စာတို့ဖြင့်သာ ပျော်ရွှင်ကာ နေလေ၏။ ဦးသူတော်၏ စိတ်မွှန်သောကြောင့်၊ ထမင်းဟင်း စားသောက်ရမှန်းကိုပင် မသိသကဲ့သို့ ဖြစ်နေရှာသတည်း။ ၎င်းစာများမှာ စာတိုက်မှလာသည်မဟုတ်၊ ဒေါ်ဂျမ်းပုံ၏လက်မှ ရသည်ချည်းဖြစ်လေသည်။ ဒေါ်ဂျမ်းပုံမှာ ဦးသူတော်၏ လူယုံသံအမတ်ကြီးဟူ၍ ဒေါ်သူဇာ၏ စိတ်တွင်ထင်မှတ်လေ၏။ ဒေါ်ဂျမ်းပုံထက်ယုံရသော အခြား အောင်သွယ်ကောင်း မရှိဟူ၍လည်း အယူရှိ၏။ စင်စစ်အားဖြင့် ထိုစာတို့မှာ ဦးသူတော်၏စာများမဟုတ်၊ ဒေါ်ဂျမ်းပုံက ပြောပြချက်အရ ၎င်းအစေခံ မောင်ထွန်းမြတ်ရေးသော စာများဖြစ်လေသည်။ ဒေါ်သူဇာလည်း ဤအကြောင်းကို အနည်းငယ်မျှ မရိပ်မိရှာချေ။

စာပေးစာယူလုပ်နေ၍ တစ်လခန့်ကြာပြီးနောက် ဒေါ်ဂျမ်းပုံ၏ဆိုင်တွင် စကားပြောနေခိုက် "မင်းကတော်တစ်ယောက်လည်း မျိုးကြီးဆွေကြီးထဲ မကြာခင်ရောက်တော့မယ်နော်၊ အားကျသေးရဲ့၊ ရာဇဝတ်ဝန်ကြီးကတော်ဆိုတော့ ရန်ကုန်မြို့မှာ အထက်ဆုံး အတန်းစားပေါ့၊ ကိုယ့်အခြေအနေနဲ့ကိုက်အောင်ဟာ အသုံးအဆောင်တို့ကို ဝယ်ရဦးမှာ"

ဒေါ်သူဇာ ။ ။ "ဟုတ်ပါရဲ့ သည်အလုပ်က တော်တော်စိတ်ရှုပ်စရာကောင်းတယ်၊ ရှမ်းပြည်မှာ သွားကြီးရတဲ့အတွက် အဝယ်အခြမ်းမှာ ကောင်းကောင်း နားမလည်ဘူးရှင့်"

ဒေါ်ဂျမ်းပုံ ။ ။ "အို ... သည်အတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်မကပဲ အားလုံး စီမံပေးပါ့မယ်၊ ဈေးချိုချိုနဲ့ရအောင် ဘယ်မှာဝယ်ရတယ် ဘယ်လို ဝယ်ရတယ်ဆိုတာလည်း ကျွန်မ အားလုံးသိပါတယ်"

ဒေါ်သူဇာ ။ ။ "ဒါမျိုးဟာလည်း ဝယ်နေကျလူမှ ဝယ်တတ်တာကလားရှင့်"

mgyoe.com

mgyoe.com

ဒေါ်ဂျမ်းပုံ ။ ။ "ရှင်တို့လို သူစိမ်းပြင်ပြင်သွားမယ်ဆို အဖိုးမတန်တဆ ပေးရတတ်တယ်၊ ဈေးသည်ဆိုတာက သူစိမ်းဝယ်ရင်တစ်မျိုး၊ သိနေတဲ့လူဝယ်ရင်တစ်မျိုးရှင့်၊ အင်မတန် ခက်တယ်"

ဒေါ်သူဇာ ။ ။ "ရှင်လည်း ကျွန်မအတွက် သိပ်ဒုက္ခများနေတော့တာပဲ၊ ရှင့်ကျေးဇူး မဆပ်နိုင်အောင် ဖြစ်နေပြီ"

အဝတ်အစား အသုံးအဆောင်များဝယ်ရန် ထိုနေရာမှပင် ငွေတစ်ထောင် ထုတ်ပေးလိုက်ရရှာ၏။ ၎င်းငွေများအတွက် ရေမွှေး၊ နံ့သာ၊ အလှဆီတို့အပြင် အခြား မည်သည့်နေရာမျှ မရရှာပေ။

ထို့နောက် ဒေါ်ဂျမ်းပုံနှင့်တွေ့ပြန်သောအခါ "အဝတ်အစားတွေတော့ဖြင့် ဝယ်ပြီးကုန်ပြီ၊ ရှင့်အိမ်ကိုယူသွားမယ်ဆို အိမ်ကလူတွေ သိကုန်မှာစိုးရတယ်၊ လုံခြုံတဲ့နေရာမှာ သိမ်းထားပါတယ်၊ စိတ်သာချ မပျောက်စေရဘူး"

ဒေါ်သူဇာ ။ ။ "စိတ်ချပါတယ် ကျွန်မ အဲသည်အဝတ်အစားတွေကို မကြည့်ရဘူးလား"

ဒေါ်ဂျမ်းပုံ ။ ။ "အို ... မကြည့်ပါနဲ့ဦး ကြည့်လိုက်ရင် ရိုးကုန်လိမ့်မယ်၊ မင်္ဂလာဆောင်တဲ့နေ့မှ တစ်ခါတည်း ဝတ်တာပေါ့"

ဒေါ်သူဇာ ။ ။ "ဒါလည်း ကောင်းကောင်းပဲ"

ဒေါ်ဂျမ်းပုံ ။ ။ "ကောင်းတာတော့ ဟုတ်ပါရဲ့၊ လက်ဝတ်လက်စားဝယ်ဖို့က လိုသေးတယ်၊ ဒါတွေအတွက်ကတော့ ကုန်လိမ့်မယ်၊ သို့ပေမဲ့ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်အခြေနဲ့လိုက်အောင်ဟာ လက်ဝတ်လက်စားတော့ လုံလုံလောက်လောက် ရှိရမယ်မဟုတ်လားရှင့်"

ဒေါ်သူဇာ ။ ။ "ကျွန်မလည်း အတော်အသင့်တော့ ရှိပါတယ်၊ အဲဒါနဲ့ မလုံလောက်ဘူးလား"

ဒေါ်ဂျမ်းပုံ ။ ။ "ဘာလုံလောက်မလဲ၊ အရင်က အရင်ဈေး အခုတော့လည်း အခုဈေးပေါ့၊ စေးနဲလို့မဖြစ်ဘူး၊ သည်လိုအချက်ထဲကျရင် ကျဲရလိမ့်မယ် တစ်သက်မှ တစ်ခါရှင့်"

ဒေါ်သူဇာ ။ ။ "ဟုတ်တော့ဟုတ်ပါရဲ့"

ဒေါ်ဂျမ်းပုံ ။ ။ "စိန်တို့ ရွှေတို့ ဝယ်ဖို့ဟာလည်း ကျွန်မကပဲ စီမံပေးပါမယ်၊ ဘာမှအားနာစရာမရှိပါဘူး၊ ကောင်းပေ့ဆိုတာကို အဖိုးအနည်းဆုံးနဲ့ ဝယ်ပေးမယ်"

mgyoe.com

mgyoe.com

ဒေါ်သူဇာ ။ ။ "ကောင်းပါပြီ ဝယ်ဆိုရင်လည်း ဝယ်တာပေါ့"

ဤစကားပြောကြပြီးနောက် နှစ်ယောက်သား စိန်ဆိုင်တစ်ဆိုင်သို့ထွက်သွားကြလေ၏။ စိန်ရွှေမှစ၍ လက်ဝတ်လက်စား တစ်သောင်းဖိုးဝယ်ကြပြီးလျှင် ပြန်လာခဲ့ကြ၏။ အိမ်သို့ပြန်ရောက်လျှင် ရောက်ချင်း ဒေါ်ဂျမ်းပုံလည်း ဝယ်ခဲ့သော လက်ဝတ်လက်စားတို့ကို မိမိသေတ္တာထဲတွင်ထည့်ကာ "မပျောက်မရှရအောင် လုံလုံသိမ်းထားတယ်ရှင့်၊ ဟို မင်္ဂလာဆောင်တဲ့နေ့ကျတော့ ထုတ်ဝတ်တာပေါ့" ဟု ပြော၏။ ဒေါ်သူဇာလည်း မသင်္ကာစိတ်အနည်းငယ်မရှိ၊ ရိုးရိုးသဘောနှင့်ပင် သိမ်းထားသည်ဟု ထင်ရ၏။ သုံးလေးရက်ခန့်ကြာသောအခါ ဒေါ်ဂျမ်းပုံလည်း တစ်သောင်းနှင့်ဝယ်ခဲ့သော စိန်ရွှေတို့ကို ကိုးထောင်နှင့် ထိုဆိုင်မှာပင် ပြန်၍ရောင်း၏။ ဒေါ်သူဇာလည်း ဤအကြောင်းကိုကြား၍ မေးမြန်းသောအခါ "ဟုတ်တယ် အမှန်ပါပဲ၊ ဦးသူတော် စိတ်ဆိုးမယ်ထင်တာနဲ့ သွားပြန်ပေးလိုက်တယ်ရှင်၊ တကယ်ဆိုတော့ သူ့မှာရှိတဲ့ စိန်တို့ ရွှေတို့ကိုတောင် ဝတ်လို့ကုန်မှာမဟုတ်ဘူး။ သူ့အမေချန်ခဲ့တာတွေကလည်း မနည်း၊ ဒါတွေကိုသိရက်နဲ့ ကျွန်မတို့က သွားဝယ်မယ်ဆိုတော့ သူ့ကို ဂရုမစိုက်ရာ ကျနေတော့မပေါ့။ ယခုနှယ်အခါ သူစိတ်ဆိုးအောင်လုပ်ဖို့ မကောင်းဘူးရှင့်" ဟု ပြန်ပြော၏။ ဒေါ်ဂျမ်းပုံစကားကို သဘောကျ၍သွား၏။ မိမိ ငွေတစ်သောင်းကို ပြန်တောင်းရန် သတိပင်မရရှာပေ။ ထိုမှတစ်ပါး အခြားဝယ်ခြမ်းဖွယ်များအတွက် ငွေထုတ်ပေးလိုက်ရသည်မှာလည်း နေ့စဉ်ရက်ဆက်ပင် ဖြစ်လေ၏။ သို့သော် ၎င်းပစ္စည်းတို့ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ရ၊ မေးသောအခါ သိမ်းထားသည်ဟူ၍သာ အမှုမဲ့အမှတ်မဲ့ ပြောဆိုလေ့ရှိ၏။ ဤသို့ ငွေထုတ်ပေးရဖန်များသောကြောင့် မိမိ လင်ယောကျ်ား ချန်ခဲ့သော ငွေတို့မှာ ကုန်လုမတတ်ဖြစ်သွား၏။ အထက်ထက်က ဝတ်စားသော လက်ကောက်လက်စွပ်တို့ကိုလည်းကောင်း၊ ငွေလင်ပန်း၊ ငွေလက်ဖက်ရည်ကရားမှစ၍ အဖိုးတန်သော အသုံးအဆောင်တို့ကိုလည်းကောင်း၊ ပေါင်နှံရောင်းချရရှာ၏။ မင်္ဂလာဆောင်သောရက်မှုကား ရှေးကကဲ့သို့ပင် ဝေးလျက်ရှိ၏။

❒

mgyoe.com

mgyoe.com

# [အခန်း – ၇]

ဤသို့ အသုံးအဆောင်အဝတ်အစားတို့ကို ဝယ်ခြမ်းစုဆောင်းပြီးနောက်၊ ဒေါ်ဂျမ်းပုံလည်း ငွေညှစ်နည်းတစ်မျိုးကို ကြံပြန်၏။ တစ်နေ့တွင် ဒေါ်သူဇာကို ကန်တော်ကြီးအနီး ဝက်ပါလမ်းရှိ အိမ်တစ်အိမ်သို့ ခေါ်သွားပြီးလျှင် အိပ်ခန်း ဧည့်ခန်းမှစ၍ အခန်းအသီးသီးတို့ကို ပြသလေ၏။ ပြသပြီးနောက် "ဦးသူတော်က သည်အိမ်မှာ နေချင်သတဲ့၊ အခု သူနေထိုင်တဲ့အိမ်ဟာ မြို့ထဲမှာမို့ ဆူဆူညံညံရှိသတဲ့ရှင့်၊ အိမ်ထောင်ကျခါစမှာ တိတ်ဆိတ်တဲ့နေရာမှာ နေချင်တယ်ဆိုကိုး။ တစ်လ နှစ်လလောက်ကြာမှ မြို့ထဲပြန်မယ်တဲ့၊ ရှင်မြင်တဲ့အတိုင်း အိမ်ကြီးကတော့ ကောင်းပါရဲ့ အသုံးအဆောင်က နည်းနည်းလိုနေတယ်။ ဝယ်ဦးမှပေါ့ များများမကုန်ပါဘူး၊ ယာယီနေဖို့ဆိုတော့ တစ်ထောင်ဖိုးလောက်ဝယ်ရင် တော်ပါပြီ။ နောက်ပြီးတော့လည်း ရောင်းလိုက်နိုင်တာပဲ၊ ကျွန်မကပဲ စီမံပေးပါ့မယ်လေ၊ ပို့မယ့်ပို့ရင် ကူးတို့ကျအောင် ပို့ရတော့မှာပဲ"

ဒေါ်သူဇာ ။ ။ "ဝယ်ဆိုတာတော့ ကောင်းပါရဲ့၊ ကျွန်မလက်ထဲမှာ ငွေငါးရာပဲ ကျန်တော့တယ်ရှင့်။ (အသံတုန်တုန်နှင့် ပြောရှာ၏။)

ဒေါ်ဂျမ်းပုံ ။ ။ "အို မခက်ပါဘူး၊ ရှင် အခုနေထိုင်တဲ့အိမ်ကို ရောင်းလိုက်ရင် ငါးထောင်တော့ အနည်းဆုံးရမယ်"

ဒေါ်သူဇာ ။ ။ "သည်အိမ်ရောင်းလိုက်ရင် ကျွန်မ ဘယ်မှာသွားနေမတုံးရှင့်"

ဒေါ်ဂျမ်းပုံ ။ ။ "အို ... ခက်လိုက်ပါဘိတော့၊ ဦးသူတော်နဲ့ နေရတော့မှာပဲ၊ ဦးသူတော့်အိမ်မှာ သွားနေတာပေါ့။ ရှင့်အိမ်မရောင်းဘူးဆိုရင်လည်း ငှားထားရမယ် မဟုတ်လား"

ဒေါ်သူဇာ ။ ။ "ရောင်းဆိုလည်း ရောင်းရတာပေါ့၊ သို့ပေမဲ့ နှမြောတယ်ရှင့်"

mgyoe.com

mgyoe.com

ဒေါ်ဂျမ်းပုံ ။ ။ "သိန်းထိပေါက်နေတာ တဲကုပ်ကလေးကို မက်နေတဲ့သူလိုပဲ။ ကျွန်မက စီမံပေးပါမယ်"

ဒေါ်သူဇာ ။ ။ "စီမံပေးတာတော့ ဟုတ်ပါရဲ့၊ မင်္ဂလာမဆောင်ခင်စပ်ကြား ကျွန်မ ဘယ်မှာနေရမှာလဲ။ အိမ်က အဒေါ်တို့၊ ဦးလေးတို့၊ တူကလေး တစ်တွေဟာလည်း နေစရာရှိမှာ မဟုတ်ဘူး"

ဒေါ်ဂျမ်းပုံ ။ ။ "သည်အတွက်တော့ မပူပါနဲ့၊ ကျွန်မရှိပါပကော။ ရှင် ကျွန်မအိမ်မှာ ခဏလာနေတာပေါ့၊ ရှင့်အဒေါ်၊ ဦးလေးနဲ့ တူကလေးများကို ဆွေနီးမျိုးစပ် တစ်အိမ်မှာထား၊ ဦးသူတော်နဲ့ ရတော့မှ အားလုံး ပြန်ပေါင်းကြတာပေါ့၊ အခု အရေးကကြီးနေတယ်မဟုတ်လား"

ဒေါ်သူဇာ ။ ။ "ကိုင်း ... ကောင်းပါပြီ၊ ရှင်ကပဲ ကြည့်ရောင်းပေးပါတော့။ ကျွန်မ ဆိုတာက ဒီအရေးမျိုးမှာ ဘာမှ နားမလည်ဘူးရှင့်"

ဒေါ်ဂျမ်းပုံ ။ ။ "ကောင်းပါပြီ ... စိတ်ချပြီးသာနေပါ။ ပြောင်းချင်တဲ့အခါမှာ ပြောင်း လာပေတော့။ ရှင့်အတွက် အခန်းများကို စီမံထားလိုက်မယ်"

ဒေါ်သူဇာ ။ ။ "ကျေးဇူးပါပဲရှင်၊ သို့ပေမဲ့ မင်္ဂလာဆောင်ဖို့က အရေးကြီးနေတယ်၊ ဘယ်တော့များမှ ကိစ္စတုံးမှာလဲ"

ဒေါ်ဂျမ်းပုံ ။ ။ "အို ... အရေးမကြီးတာ အရေးကြီးနေပါပြီ၊ ရှင်ဘာမှ ပူစရာမရှိဘူး။ သည်အိမ်အရေး စီမံပြီးတဲ့နောက် ကိစ္စချောရောပေါ့"

ဒေါ်သူဇာ ။ ။ "ဒါဖြင့်လည်း ကောင်းပါပြီ၊ မြန်မြန်သာရောင်းပေတော့။ အဒေါ်တို့ ဦးလေးတို့ကိုလည်း သည်ညပဲ ပြောတော့မယ်။ လုပ်ရမယ့် အလုပ် ဟာ ဆိုင်းထားလို့ မဖြစ်ဘူး"

ဒေါ်ဂျမ်းပုံ ။ ။ "ကိုင်း ... ပြန်လိုက်ပေဦးတော့"

ဒေါ်သူဇာလည်း မိမိအိမ် လက်လွတ်သွားမည်ကို မပူ၊ ရာဇဝတ်ဝန်ကြီးကတော် ဖြစ်မည်ကိုသာ ဝမ်းမြောက်လျက် အိမ်ပြန်သွားလေ၏။ အိမ်သို့ရောက်သောအခါ မိမိ၏ အဒေါ်နှင့် ဦးလေးတို့အား အကျိုးအကြောင်းကို ပြောပြ၏။

ဒေါ်သူဇာ ။ ။ "အဒေါ်တို့ကို တိုင်ပင်စရာရှိတယ် (မျက်နှာပျက်ပျက်နှင့်ပြော၏)

ဒေါ်မိကြီး ။ ။ "ဘာများ တိုင်ပင်ချင်လို့လဲ၊ ညည်း သည်တလော အင်မတန် ပျာယာခတ်နေတယ် ဘာဖြစ်တာတုံး"

ဒေါ်သူဇာ ။ ။ "ဦးလေး လာပါဦး"

ဦးဘိုးဟန် ။ ။ "လာရတာပေါ့ ဘာတုံး ပြောစမ်းပါဦး။ (မိမိထိုင်နေရာမှ ထလာ၏)

mgyoe.com

mgyoe.com

ဒေါ်သုဇာ ။ ။ "ကျွန်မ ငွေအသုံးလိုတဲ့အတွက် သည်အိမ်ကို ရောင်းချင်တယ်"

ဦးဘိုးဟန် ။ ။ "အိမ်ကို ရောင်းချင်တယ်၊ ဘာဖြစ်လို့လဲ"

ဒေါ်မိကြီး ။ ။ "ဘုရားရှင်ရေ ...၊ ဘာဖြစ်လို့ ရောင်းချင်တာတုံး"

ဒေါ်သုဇာ ။ ။ "အို ...၊ အဒေါ်တို့ကလည်း ငွေလိုလို့ပေါ့ ခဏပါပဲ၊ နောက်ပြီးတော့ ပြန်ပြီး ဝယ်ပါ့မယ်၊ အလွန်ဆုံး သုံးလေးလပါပဲ"

ဒေါ်မိကြီး ။ ။ "နေပါဦး သုဇာရဲ့၊ ငွေလိုရင် နင့်မှာ ရှိတဲ့ လက်ဝတ်လက်စားတွေကို ရောင်းပါတော့လား။ သည်အိမ်ကိုမှ ဘာဖြစ်လို့ ရောင်းချင်ရတာတုံး"

ဦးဘိုးဟန် ။ ။ "လောကမှာ အိမ်ရာရှိမှ နေရာကျတယ်ကွဲ့၊ အိမ်ခြေရာခြေ မရှိ ပလားဆိုမှဖြင့် တယ်မျက်နှာငယ်ကလားကွယ်။ မိကြီးပြောတဲ့ အတိုင်း လက်ဝတ်လက်စားတွေ ရောင်းပါတော့ ..."

ဒေါ်သုဇာ ။ ။ "လက်ဝတ်လက်စားတွေလည်း ရောင်းလို့ကုန်ပြီ"

ဒေါ်မိကြီး ။ ။ "အလို ... ဘုရားရေ၊ လက်ဝတ်လက်စားတွေ ရောင်းလို့ကုန်ပြီ၊ သည်ငွေတွေကို ဘာလုပ်လိုက်ကုန်သလဲ၊ တို့လည်း ဘာတစ်ခုမျှ မသိရပါကလား"

ဦးဘိုးဟန် ။ ။ "တို့ကိုများ တိုင်ပင်ပါတော့ကွယ်"

ဒေါ်သုဇာ ။ ။ "တိုင်ပင်ဖို့ အချိန်မရှိဘူး အဒေါ်၊ ချက်ချင်းလိုတာနဲ့ ချက်ချင်းပဲ ရောင်းလိုက်ပါတယ်၊ အိမ်ကိုလည်း ရောင်းရမယ်"

ဒေါ်မိကြီး ။ ။ "ဘာအတွက် သည်လောက်တောင် ငွေလိုရတာတုံး"

ဒေါ်သုဇာ ။ ။ "အို ... အခု မပြောနိုင်သေးဘူး၊ ကိစ္စပြီးတော့မှ ပြောမယ်"

ဦးဘိုးဟန် ။ ။ "တို့ကိုများ ထိမ်ထားစရာအကြောင်းရှိသေးသလား သုဇာရယ်"

ဒေါ်သုဇာ ။ ။ "ဦးလေးတို့ကို မသိစေချင်လို့ မပြောတာပေါ့၊ ကျွန်မ ငွေလိုတာ အဆိုးဖို့မဟုတ် အကောင်းဖို့ ဦးလေးရဲ့"

ဒေါ်မိကြီး ။ ။ "မြင်းလောင်းဖို့လား"

ဒေါ်သုဇာ ။ ။ "မဟုတ်ပါဘူး"

ဦးဘိုးဟန် ။ ။ "နို့ ဘာလုပ်ဖို့တုံး"

ဒေါ်သုဇာ ။ ။ "နောက်တော့ သိမပေါ့"

ဒေါ်မိကြီး ။ ။ "ကိုင်း အေ ... ညည်းပစ္စည်းဟာကိုး၊ ရောင်းချင်ရောင်း၊ ပေါင်ချင် ပေါင်ပါတော့၊ တို့ ဘာမှမတတ်နိုင်ဘူး" (မျက်ရည်သုတ်ကာပြော၏)

ဦးဘိုးဟန် ။ ။ "သမိုင်းမှာရှိတဲ့ခြံကို ရောင်းရင် မဖြစ်ဘူးလား၊ ငါလည်း သည်ခြံ

mgyoe.com

ကို မလိုချင်တော့ပါဘူး၊ အိမ်ရောင်းတယ်ဆိုတာက အရေးကြီးသကွဲ့"

ဒေါ်သူဇာ ॥ ॥ "ဦးလေးခြံဟာ မဖြစ်လောက်ပါဘူး"

ဦးဘိုးဟန် ॥ ॥ "ဒါဖြင့်လည်း မတတ်နိုင်တော့ဘူးကွယ်၊ နို့ တို့များ ဘယ်မှာ သွားနေရမှာတုံး၊ နင့်တူကလေးတွေလည်း ရှိသေးတယ်။ တို့လည်း အသက်မငယ်ကြတော့ဘူးကွဲ့၊ ခုနစ်ဆယ်နီးနေကြပြီ"

(ဤအတွင်း ဒေါ်မိကြီးလည်း စကားမပြောဘဲ ငိုလျက်နေ၏။)

ဒေါ်သူဇာ ॥ ॥ "အားလုံးအတွက် စီမံပြီးပါပြီ၊ ကလေးနှစ်ယောက်နဲ့ ဦးလေးတို့၊ မသောင်းတင်တို့အိမ်မှာ ခဏသွားနေပါ၊ များများ မကြာရပါဘူး၊ နောက် ကိစ္စပြီးစီးတော့ ပြန်ပြီးပေါင်းကြရသေးတာပေါ့ ဦးလေးရယ်၊ ဝမ်းလည်းနည်းပါရဲ့" (ငိုသံနှင့်ပြော၏)

ဦးဘိုးဟန် ॥ ॥ "တို့အတွက်တော့ ဟုတ်ပါပြီ၊ နို့ မင်းကကော ဘယ်မှာသွားနေမလို့တုံး"

ဒေါ်သူဇာ ॥ ॥ "ကျွန်မအတွက်တော့ မပူပါနဲ့၊ ဒေါ်ဂျမ်းပုံတို့အိမ်မှာ သွားနေပါမယ်"

ဦးဘိုးဟန် ॥ ॥ "တို့နဲ့ပဲ အတူတူလိုက်နေပါတော့လားကွယ်၊ သူစိမ်းဆိုတာ သည်းခံနိုင်ခဲတယ်"

ဒေါ်မိကြီး ॥ ॥ "ဒေါ်ဂျမ်းပုံဟာ ရိုးသားပုံမပေါ်ဘူး"

ဒေါ်သူဇာ ॥ ॥ "အို ... အဒေါ်ကလည်း မဟုတ်တာကို မပြောပါနဲ့၊ ရိုးသားပါတယ်"

ဒေါ်မိကြီး ॥ ॥ "ညည်းစိတ်ရှိပါပဲ၊ ညည်းက ပြောင်းဆိုလည်း၊ ပြောင်းရတာပေါ့၊ ရောင်းပြီးမှ နောင်တော့မှ နောင်တရတတ်တယ်"

ဒေါ်သူဇာ ॥ ॥ "ပူပင်စရာ မရှိပါဘူး အဒေါ်ရယ်၊ ကျွန်မ သည်လောက်မမိုက်ဘူး"

များမကြာမီပင် ဒေါ်မိကြီးနှင့် ဦးဘိုးဟန်တို့လည်း မြေးကလေးနှစ်ယောက်နှင့် ထိုအိမ်မှ ဆင်းသွားကြလေ၏။ ဒေါ်သူဇာလည်း ဒေါ်ဂျမ်းပုံနှင့် အတူတကွ သွားရောက်နေထိုင်လေ၏။ ထိုအိမ်တွင် လူတစ်ယောက်မျှ မရှိသောအခါ၊ ဒေါ်ဂျမ်းပုံလည်း၊ အိမ်ဝယ်လိုသူတစ်ယောက်အား အဖိုးချိုချိုနှင့် ရောင်းစားလိုက်လေ၏။ မည်ရွေ့မည်မျှ ရသည်ဟူ၍လည်း ဒေါ်သူဇာအား မပြော၊ ၎င်းငွေတို့ကိုလည်း ဒေါ်သူဇာ မတွေ့ရချေ။ ဤအကြောင်းကို မေးသောအခါ "အို ... ရသမျှငွေဟာ ဝက်ပါလမ်းက အိမ်အတွက် အသုံးအဆောင်တွေဝယ်လို့ ကုန်ပါပကော" ဟု ပြန်ပြောလေ၏။

ဒေါ်သူဇာ ॥ ॥ "နေပါဦး၊ ဟိုအိမ်အတွက် အသုံးအဆောင်တွေဟာ တစ်ထောင်လောက်သာ ကုန်မယ်လို့ အစက ပြောတယ်မဟုတ်လား"

mgyoe.com

mgyoe.com

ဒေါ်ဂျမ်းပုံ ။ ။ "ဟုတ်တယ်လေ၊ တစ်ထောင်ပေါ့"

ဒေါ်သူဇာ ။ ။ "နို့ ... နေပါဦး၊ ပိုတဲ့ငွေတွေကော"

ဒေါ်ဂျမ်းပုံ ။ ။ "ဘယ်ပိုလို့တုံး"

ဒေါ်သူဇာ ။ ။ "မပိုရင်သာ နေရမယ်၊ ကျွန်မအိမ်ဟာ အနည်းဆုံး ငါးထောင်တော့ ရမယ်" (မသင်္ကာသော မျက်နှာထားနှင့်ပြော၏။)

ဒေါ်ဂျမ်းပုံ ။ ။ "အို ... ဘုရားရှင်ရေ၊ ခက်သေးတော့တယ်နော်၊ ကျွန်မက ဖြတ်စား သလို ဖြစ်နေပါ့ပကော၊ အားလုံးရတာ ငွေတစ်ထောင်ရယ်"

ဒေါ်သူဇာ ။ ။ "လွန်လှချည်ကလားရှင်၊ ကျွန်မ ဝယ်တုန်းက ရှစ်ထောင်ပေးရတယ် ရှင့်"

ဒေါ်ဂျမ်းပုံ ။ ။ "ပေးရတာတော့ ဟုတ်မှာပဲ၊ ဝယ်တဲ့အခါနဲ့ ရောင်းတဲ့အခါဆိုတာ မတူဘူး၊ ဝယ်ချင်ရင်လည်း ဝယ်တဲ့လူက ပိုပေးရတယ်၊ ရောင်းချင် ရင် ရောင်းတဲ့လူက လျှော့ပေးရတယ် သိပလားရှင့်၊ လောက အရေး အရာ၊ အရောင်းအဝယ်နေရာမှာ မသိရှာဘဲကိုး"

ဒေါ်သူဇာ ။ ။ "ဟုတ်တော့ ဟုတ်ပါရဲ့၊ နည်းလွန်းလို့ ပြောတာပါရှင်၊ စိတ်မရှိပါနဲ့၊ ကျွန်မမှာလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကျန်တော့တယ်၊ မင်္ဂလာဆောင်ဖို့ ဆိုတာလည်း အစုတောင် မသေချာသေးဘူး" (စိတ်ညစ်သောမျက်နှာနှင့် ပြောသည်။)

ဒေါ်ဂျမ်းပုံ ။ ။ "တယ်အလျင်လိုတာကိုး စိတ်များပဲ ညစ်ပါပြီနော်၊ အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်း တွေ့နေပါကလား၊ အပူအဆူလည်း ခံရသေးရဲ့၊ ငွေဖြတ်ယူတယ်လို့လည်း အထင်ခံရသေးရဲ့"

ဒေါ်သူဇာ ။ ။ "စိတ်မဆိုးပါနဲ့ရှင်၊ အကြောင်းသိချင်လို့ မေးတာပါ"

ဒေါ်ဂျမ်းပုံ ။ ။ "အကြောင်းသိချင်လို့မေးတာက၊ လူကို သူခိုးလို့ စွဲတာထက်တောင် အခံရခက်သေးတယ်၊ တန်တော့ နောင် သည်အမှုမျိုးကို ဘယ်တော့ မှ ဆောင်ရွက်မယ် မထင်နဲ့တော့" (ဒေါသနှင့်ပြော၏)

ဒေါ်သူဇာ ။ ။ "စိတ်မရှိပါနဲ့ရှင့်၊ ကျွန်မ ပြောတာ ဝန်ချပါတယ်၊ သည်ကိစ္စ ပြီးအောင်သာ ဆောင်ရွက်ပေးပါဦး၊ ရှိခိုးပါရဲ့၊ ကျွန်မမှာလည်း ပစ္စည်းဆိုလို့ တစ်ပြားတစ်ချပ်မျှ မကျန်တော့ဘူး"

(ဒေါ်ဂျမ်းပုံလည်း နောင် ငွေရလမ်းမမြင်တော့သဖြင့်၊ ဒေါ်သူဇာအား မိမိအိမ်မှ နှင်လိုက်လေ၏။)

mgyoe.com

mgyoe.com
ဒေါ်ဂျမ်းပုံ ။ ။ "တော်ပါတော့၊ တောင်းပန်တယ်ဆိုတိုင်း ကျေရရင် ခက်ကုန်ရော ပေါ့၊ မကြေဘူးဟဲ့နော်၊ ဘယ်တော့မှ မကြေဘူး" (အော်ဟစ်၍ပြော ၏။) မိဂျမ်းပုံတဲ့ ကျေးဇူးမသိတတ်တဲ့လူမျိုးဟာ ဘယ်တော့မှ မကောင်းစားဘူးတဲ့၊ သိရဲ့လား"

ဒေါ်သူဇာ ။ ။ "အလို ဘုရား၊ ဘုရား၊ ရှိကြီးခိုးပါရဲ့ ဒေါ်ဂျမ်းပုံရယ်၊ စိတ်ကျေ ပါတော့"

(ဒေါ်ဂျမ်းပုံဘက်သို့လှည့်၍ ဦးချ၏။)

ဒေါ်ဂျမ်းပုံ ။ ။ "အို ... စကားရှည်ရှည်မပြောနဲ့၊ နင့်မျက်နှာကို မကြည့်ချင်ဘူး၊ ဆင်းသွားဟဲ့ ငါ့အိမ်ပေါ်က"

ဒေါ်သူဇာ ။ ။ "အို ခက်ကုန်ပါပြီ၊ သနားပါဦး ဒေါ်ဂျမ်းပုံရယ်" (ငို၍သာပြော၏)

ဒေါ်ဂျမ်းပုံ ။ ။ "မသနားနိုင်ဘူး၊ ဆင်းမလား၊ မဆင်းဘူးလား၊ ဆင်းဆို ဆင်းနော်၊ အခုဆွဲချရမလား"

ဒေါ်သူဇာ ။ ။ "မဆင်းပါရစေနဲ့ရှင်"

ဒေါ်ဂျမ်းပုံ ။ ။ "မရဘူး ဆင်း" (ဆိုကာ အတင်းဆွဲချယောင်ပြု၏။)

ဒေါ်သူဇာကား မတတ်သာသဖြင့်၊ ဒေါ်ဂျမ်းပုံ၏အိမ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းလာရရှာလေသတည်း။ အကျိုးအကြောင်းအလုံးစုံကို ဦးဘိုးဟန် ဒေါ်မိကြီးနှင့်တကွ ရှိသမျှဆွေမျိုးအပေါင်းတို့အား ဟုတ်တိုင်းမှန်ရာ ဇာတ်ကုန်လှန်ရရှာလေ၏။ ဆွေမျိုးအပေါင်းတို့လည်း တိုင်ပင်ကြပြီးလျှင်၊ ဒေါ်ဂျမ်းပုံအား ငွေ အလွဲသုံးထားမှုနှင့် တရားစွဲဆိုကြလေ၏။ ဒေါ်ဂျမ်းပုံလည်း ငွေညှစ်ခြင်းအတိုင်းအဆကို မသိရှာသောကြောင့် တရားစွဲခြင်းကို ခံရရှာလေသတည်း။

❒

mgyoe.com